www.burmeseclassic.com

# အိုစွမ်းပြည့်

## အညိုဖျော့အိပ်မက်နု

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# အိုစွမ်းပြည့်

## အညိုဖျော့ အိပ်မက်နု


စာမူခွင့်ပြုချက်အမှတ် - ၉၉၂/၂၀၀၃ (၇)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၉၀၉/၂၀၀၃ (၈)

၂၀၀၃ ခုနှစ်၊ နိုဝင်ဘာလ၊
ပထမအကြိမ်

တန်ဖိုး - ၃၀၀/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ ... ဒေါ်ခင်ခင်စိန်(ချစ်မင်းလျှံစာပေ-၁၈၁၉)
အမှတ်-၄၃/တ၊ မလိခလမ်း၊ ၇-မိုင်၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

ပုံနှိပ်သူ ... ဦးကျော်လှိုင်(၅၅၇၃) စေတနာOFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။




### နိုင်ငံတော်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး — နိုင်ငံတော်အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — နိုင်ငံတော်အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — နိုင်ငံတော်အရေး

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်


- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

### လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး


www.burmeseclassic.com







# အိုစွမ်းပြည့်
# အညိုဖျော့
# အိပ်မက်နု



စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com





ဤစာအုပ် ဖြစ်တည်ရေးအတွက် ကူညီ
ပေးခဲ့သော မိခင်ကြီး ဒေါ်သပြေအား ကျေးဇူး
အထူးပင် တင်ရှိပါသည်။


ဇိုစွမ်းပြည့်



www.burmeseclassic.com

www.burmeseclassic.com









# အပိုင်း(၁)

ဘယ်တုန်းမှ မတွေးထင်ခဲ့တဲ့ မမျှော်လင့်ခဲ့တဲ့ အရာတစ်ခုကို အံ့ဩမှုလို့ သတ်မှတ်မယ် ဆိုရင် သူမဟာ အဲဒီအရာနဲ့ ဘယ်တော့မှ မျက်နှာချင်းဆိုင် ချင်ခဲ့မှာ မဟုတ်ဘူး။

ဒါပေမဲ့ အံ့ဩမှု ဆိုတာကလည်း လူတစ်ယောက်ရဲ့ဘဝမှာ အခါခါ မကြုံဖူးတောင်၊ တစ်ခါတော့ အနည်းဆုံး ကြုံဖူးမှာပဲ။


အံ့ဩမှုများစွာ ရှိတဲ့အထဲမှာ သူမ ကြုံခဲ့ရတဲ့ အံ့ဩမှုကတော့ ဘယ်တုန်းကမှ အလိုမရှိခဲ့တဲ့ ကိစ္စ တစ်ခု ဖြစ်နေခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com









ဘတ်စ်ကားအိုကြီးက သူမကို ချပေးပြီးတာနှင့် အိပ့်အိပ့်နှင့် ဆက်လက်ထွက်ခွာသွားသည်။

စိမ်းလန်းသော ပတ်ဝန်းကျင်နှင့် လတ်ဆတ်သန့်ရှင်းသော လေက သူမကို ကြိုဆိုနေသည်။

သူမ ပခုံးပေါ်မှ ကျောပိုးအိတ်ကို ဖြုတ်ချလိုက်သည်။

သူမကို ရုပ်စောင့်ကြိုဆိုနေမဲ့သူ တစ်ဦးတလေမှ ရှိမနေတာကိုတော့ သူမ ထူးပြီး စိတ်မပျက်မိ။

"သမီး ဒီကျောင်းပိတ်ရက်မှာ အကျိုးရှိမဲ့ သင်တန်းတစ်ခုခုကို တက်ပြီး အချိန်ကို အသုံးချပါ"



www.burmeseclassic.com

www.burmeseclassic.com



ဆိုသည့် ဖေဖေရဲ့ အကြောင်းကြားစာကို သူမ လှစ်လျူရှုပြီး ဖေဖေ ရှိနေသည့် မြို့လေးသို့ တိတ်တိတ်လေး ပြန်လာခဲ့သည်။

သူမကိုမြင်လျှင် ဖေဖေ အံ့ဩဝမ်းသာပေလိမ့်မည်။

ပြီးလျှင် ... သူ့စကား နားမထောင်ရမလား ဆိုပြီး မျက်မှောင်ကြီးကုတ်ကာ ထားပေလိမ့်မည်။

"သမီးက ဖေဖေ့ကို သတိရလို့ ပြန်လာတာလေ၊ ကိုယ့်အဖေ တစ်ယောက်တည်းရှိတာ မခွဲနိုင်ပါဘူး"

ဘာညာနှင့် သူမ ချွဲနွဲ့ပြောဆိုလျှင် ဖေဖေ့မျက်နှာ ပြုံးယောင်သမ်းလာပေလိမ့်မည်။

တခဏအတွင်း ...

"ခွေးမလေး နေဦး" ဆိုပြီး သူမစားဖို့ တစ်ခုခု သချက်ပေးဦးမည်။





ဖေဖေ့ လက်ရာတွေထဲက သူမ မညည်းမညူ စား နေကျ "ငါးခြောက်ဖုတ်သုပ်"တစ်ပန်းကန်ကိုလည်း စားခွင့်ရနိုင် သည်။

အိုး ... အတွေးနှင့်တောင် သူမ ပျော်ပါသည်။

ငါးနှစ်သမီးကတည်းက ဖေဖေနှင့် နှစ်ယောက်တည်း ပျော်ရွှင်စွာ နေခဲ့ရသည့် ဘဝမှာ သူမ အသားကျနေပြီဖြစ်သည်။

သူမ ... ဟိုမှာ စာသင်နေရတာတောင် စိတ်မဖြောင့်။

ဖေဖေ အနွေးထည်ထူထူမှ ဝတ်ရဲ့လား ...

ထမင်း အချိန်မှန် စားရဲ့လား ...

အားဆေးကော သောက်ရဲ့လား ...

သူမ တစ်ချိန်လုံးတွေးပြီး စိတ်ပူခဲ့ရသည်။

နှစ်နှစ်ပဲ ကျန်တော့သည်။

နောက်နှစ်နှစ် ပြီးတာနှင့် သူမ ကျောင်းပြီးပြီဖြစ် သည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအခါကျရင် သူမ ပညာသင်ယူခဲ့သည့် နေရာဖြစ်သော ရန်ကုန်မြို့ကြီးကို အပြီးပိုင် စွန့်ခွာပြီး ဒီပြင်ဦးလွင်မြို့လေးမှာပဲ အခြေချတော့မည်။

ဖေဖေ လုပ်စေချင်ပြီး သူမ ဝါသနာပါသော ကျောင်းဆရာမ အလုပ်ကိုလုပ်ကာ ဖေဖေ့ ဆန္ဒကို ဖြည့်ဆည်းပေးမည်။

တိတ်ဆိတ်ငြိမ်သက်နေသော အိမ်ကိုမြင်မှ သူမ အတွေးစတွေ ရပ်သွားသည်။

ဖေဖေ ရှိနေရဲ့လား ...

"ဖေဖေ ... ဖေဖေ"

သူမ ခပ်အုပ်အုပ် ခေါ်ကြည့်သည်။ ထုံးသံ မကြား။ မန္တလေးများ ဆင်းသွားလား။

မဖြစ်နိုင်၊ ဒီလိုနေ့မျိုးမှာ ဖေဖေ မန္တလေးဆင်းလေ့မရှိ။





မှိုတစ်လောက ဖေဖေ့စာထဲမှာ လိမ္မော်ပင် အသစ်များ မျိုးထားသည်ဟု ဆိုသည်။

ဖေဖေ အဲဒီကို သွားတာပဲ ဖြစ်မည်။

ဘာပဲဖြစ်ဖြစ်၊ သူမ အိမ်ထဲဝင်ပြီး ခဏလောက် အနားယူလိုက်ဦးမည်။

ပြီးမှ ... ဖေဖေ့ကို စိုက်ခင်းတွေဘက် ထွက်ရှာတော့မည်။

သူမက သူမမှာရှိနေသော သော့ပိုဖြင့် အိမ်သော့ကို ဖွင့်လိုက်သည်။

သန့်ရှင်းသပ်ရပ်နေသော အိမ်အပြင်အဆင်ကြောင့် သူမ နည်းနည်း ထူးဆန်းမိသွားသည်။

ခါတိုင်း သူမ ပြန်လာလျှင် သူမကိုယ်တိုင် ရှင်းမှ ရသော အိမ်ကို သုံးရက်လောက် အချိန်ပေးပြီး ရှင်းရသည်။



www.burmeseclassic.com

www.burmeseclassic.com



အင်း … ဖေဖေ ပျင်းလို့ ရှင်းထားတာပဲ ဖြစ်မည်။

မိုက်ထဲက အသံမျိုးစုံနှင့် အချက်ပေးနေတာမို့ ကျောပိုးအိတ်ကြီးကို ဝုန်းခနဲ ပစ်ချပြီး၊ မီးဖိုချောင်ဘက် ဝင်လာခဲ့သည်။

ဟင်းအိုးကိုဖွင့်ကြည့်လိုက်တော့ ဆီမပါ ပျားမပါသော ကြက်သားအချိုချက် ခပ်ခြောက်ခြောက်က သူမကို ဆီးကြိုသည်။

တစ်ဖတ် ကောက်မြည်းကြည့်တော့ ဘာအရသာမှ မရှိ၊ ပေါ့ရွတ်နေသည်။

နောက်တစ်အိုးမှာ တွေ့သည့် ကြာဆံဟင်းခါးက လည်း အတူတူ ဖြစ်သည်။

ဖေဖေ့လက်ရာ ဒီလောက်တောင် ညံ့သွားရလား။

မိုက်ဆာနေချိန်မို့ သူမ တော်တော်လေး စိတ်ပျက်သွားသည်၊





နောက်မှ တွေးမိသည်။

ဖေဖေ သွေးများ တိုးနေလား။

စိုးရိမ်စိတ်နှင့်အတူ ဖေဖေ့ကို ရှာဖို့ သူမ အိမ်ပေါ် မှ ပြေးဆင်းလာမိသည်။

ဖေဖေ သွေးတိုးရောဂါကြီးနှင့် လျှောက်သွားနေတာ ကိုတော့ သူမ စိတ်မချနိုင်။

ဒီဘက်က စိုက်ခင်းတွေမှာ မတွေ့၊ ဟိုဘက်လိမ္မော် ပင်တွေကြားထဲမှာလား။

ဖေဖေ့ကို ရှာရင်း ရှာရင်းနှင့် လိမ္မော်စိုက်ခင်းဘက် ရောက်လာသည်။

ခပ်ဝေးဝေးမှ တွေ့သည့် အရိပ်နှစ်ခုကြောင့် သူမ တွေဝေသွားသည်။

ဖေဖေ ဝတ်နေကျ ခွာယ်တာအညိုကွက်လေးကြောင့် သူမ ခြေလှမ်းရပ်တန့်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ _

တွေ့ပါသည်။ သူမရဲ့ ဖေဖေပါ။

တွေ့နေရသည့် မြင်ကွင်းကို မယုံနိုင်သလို သူမ ကြောင်သေသေပြီး ကြည့်နေမိသည်။

ဖေဖေတို့က သူမကို မမြင်။

ဘေးနားက အမျိုးသမီးသည် ဖေဖေ့ပခုံးကို မှီတွယ်ထားသည်။

ဖေဖေရဲ့ နွေးထွေးကျယ်ပြန့်သော လက်တစ်ဖက်က အမျိုးသမီး၏ လက်တစ်ဖက်ကို ခပ်တင်းတင်း ဆုပ်ကိုင်ထားသည်။

သူမ အတော်လေး တုန်လှုပ်သွားသည်။

သူမ တစ်ချိန်လုံး စိုးရိမ်ပူပန်ခဲ့သော ဖေဖေသည် ယခုတော့ ...





ရင်ထဲမှာ ဝမ်းနည်း အားငယ်စိတ်တွေ တလှပ်လှပ်ဖြစ်နေသည်။

ဒီအချိန်မှာပဲ ဖေဖေက သူမကို လှမ်းမြင်သွားခဲ့သည်။

သေချာတာပေါ့ ...

ဖေဖေ့မျက်ဝန်းများက သူမကိုမြင်တော့ အံ့သြနေတာ သေချာတာပေါ့ ...

“ပုလဲညို”

သူမ နာမည်ကို ဖေဖေ အထိတ်တလန့် လှမ်းခေါ်လိုက်တာလား။

ပုလဲညိုတဲ့လား ဖေဖေ။



www.burmeseclassic.com

www.burmeseclassic.com



သူမ နောက်မှ ပြေးလိုက်လာသော ဖေဖေ့ခြေသံကို သူမ ကြားနေရသည်။

အိမ်တံခါးကို "ဂုန်း"ခနဲ တွန်းကန်ပြီး ဖွင့်လိုက်သည်။

ခုနတုန်းက မမြင်ခဲ့မိသည့် မိန်းမစီးဖိနပ် အပိုတစ်ရန်က သူမမြင်ကွင်းထဲ ဝင်လာသည်။

ကြည့်စမ်း ... ခုနတုန်းက ဒီဖိနပ်ကို သူမ ဘာလို့ မမြင်ခဲ့တာလဲ။

ဒေါသက အရှိန်ပြင်းပြင်း ဆောင့်တက်လာသည်။

ဒါဆိုရင် ဒီမိန်းမက ဖေဖေရဲ့ ...

သူမ ဆက်ပြီး မတွေးရဲသလို အသက်ကို ခပ်ပြင်းပြင်း ရှူလိုက်မိသည်။

မကျေနပ်သော ဝမ်းနည်းမှုများနှင့်အတူ ကလေးတစ်ယောက်လို အားရပါးရ ငိုမိသည်။





"သမီး"

ဖေဖေ သူမနား ရောက်လာသည်။

အသက်ရှူသံ ပြင်းပြင်းကြောင့် အမြန်ပြေးပြီး လိုက်လာခဲ့သော ဖေဖေ မောနေပြီထင်သည်။

"မငိုပါနဲ့ သမီးရယ်"

သူမ ဖေဖေ့ကို ဆတ်ခနဲ မော့ကြည့်လိုက်သည်။

မလုံမလဲ ဖြစ်နေသော ဖေဖေ့ဟန်ပန်ကို သူမ မြင်ချင်။

"ငိုမယ် ဖေဖေ၊ သမီး ငိုမယ်၊ ဖေဖေ ဆေးမှန်မှန်သောက်ရဲ့လား၊ ဖေဖေ အစွေးထည့်ထူထူ ဝတ်ရဲ့လား၊ နေကောင်းရဲ့လား၊ ဟိုကနေ သမီး အမြဲတွေးပြီး စိတ်ပူခဲ့ရတယ်၊ အခုတော့ ဖေဖေက ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်လွန်းနေတယ်ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



သူမ၏ ခနဲ့တဲ့တဲ့ စကားများကို ဖေဖေက ငြိမ်သက်စွာ ခံယူနေသည်။

ခုနတုန်းက ဖေဖေ ပျော်နေတာကို သူမ မြင်ခဲ့သေးသည်ပဲ။

"ဖေဖေ ပျော်နေတာကို သမီး မြင်ချင်ပါတယ် ဖေဖေ ဒါပေမဲ့ အခုလို တခြားမိန်းမတစ်ယောက်ကြောင့် ပျော်နေတာကိုတော့ သမီး မလိုချင်ဘူး"

ဖေဖေ့မျက်နှာ ညိုဆင်းသွားသည်။

ဒါက သူမ ဖေဖေ့ကို ပြတ်ပြတ်သားသား ဆန့်ကျင်ပြလိုက်တာ ဖြစ်သည်။

"ဒါကြောင့် ... ဖေဖေ သမီးကို မပြန်လာစေချင်တာလား ဒါကြောင့် ... ကျောင်းပိတ်ရက်မှာ ပြန်မလာဘဲ၊ သင်တန်းတစ်ခုခုတက်လို့ ပြောတာလား၊ ဒါကြောင့် ... အကျိုးရှိရှိ အသုံးချပါလို့ ပြောခဲ့တာလား၊ သမီးအ





တော့ အချိန်ကို အကျိုးရှိရှိ အသုံးချတာ သမီးမဟုတ်ဘူး၊ ဖေဖေ ကိုယ်တိုင်ပဲ"

"သမီး"

သူမ ပြောတာ လွန်သည်ပေါ့။

မလွန်ပါဘူး ဖေဖေ။ သမီးကို ဖေဖေကိုယ်တိုင် လျစ်လျူရှုခဲ့တာ၊ လိမ်ညာခဲ့တာနဲ့ စာရင်း ပါးပါးလေးပါ ဖေဖေ။

"သမီး အထင်မှားနေပြီ"

ဖေဖေ ဒီလိုပြောမှ သူမ သတိရသည်။

ဖေဖေ့အခန်းကို တွန်းဖွင့်ပြီး ကြည့်လိုက်သည်။

တစ်ယောက်အိပ် အိပ်ရာကို မြင်မှ သက်ပြင်းချနိုင်သည်။

ဧည့်သည်များအတွက် အခန်းသက်သက် တစ်ခန်း အပိုရှိသေးတာကို သတိရသဖြင့် ထိုအခန်းကို ဖွင့်ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သပ်သပ်ရပ်ရပ် ခင်းကျင်းထားသော အိပ်ရာ ...

စနစ်တကျ ချိတ်ထားသော အမျိုးသမီး အဝတ်အစားများ ...

ခေါင်းရင်း၌ ထောင်ထားသော ခရီးဆောင်အိတ်တစ်လုံး ...

မှန်တင်ခုံပေါ်က အလှပြင်ပစ္စည်းအချို့။

အသစ်တပ်ဆင်ထားသော ပြာလဲ့လဲ့လိုက်ကာ ...

အိုး ... အားလုံးက ဒီအခန်းမှာ မိန်းမတစ်ယောက်နေပါသည် ဆိုတာ သက်သေခံသလို ဖြစ်နေသည်။

သူမရင်ထဲ အောင့်တက်သွားသည်။

သူမ စိတ်ကို တစ်ထစ်ချင်း ပြန်ဖြေချနေရသည်။

ဒီပြဿနာကို ကိုင်တွယ်ဖို့ သူမ စိတ်အေးအေးထားမှ ဖြစ်မည်။





"ဖေဖေ ... သူနဲ့ လက်ထပ်ထားတာလား"

သူမ ရင်တထိတ်ထိတ်နှင့် မေးချလိုက်သည်။

ဖေဖေ ခေါင်းခါပြမှ သူမ စိတ်အေးသည်။

ဖေဖေ့အသက် လေးဆယ်ကျော်ဆိုတာ သူမ မေ့နေသည်။

ဖေဖေကလည်း ငြိမ်သက်စွာပင် ကြည့်နေသည်။

"သူက ... ဖေဖေ့ရဲ့ ညှော်သည်ပါ"

ညှော်သည်တဲ့ ...

ဒီစကားလုံးရဲ့ အဓိပ်အနက်ကို သူမ သေချာမသိ။

ဒါပေမဲ့ ဖေဖေ သုံးနှုန်းလိုက်တာ မှားနေသည်ဟု သူမ ထင်သည်။

"သူ ဒီကိုရောက်တာ ဘယ်လောက်ကြာပြီလဲ"

"နှစ်လနီးပါးလောက် ရှိပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေ တစ်ယောက်တည်းရှိတဲ့အိမ်မှာ နှစ်လနီးပါးလောက် တည်းခိုနေထိုင်တဲ့ မိန်းမတစ်ယောက်ကို သမီးက ဧည့်သည်လို့ သတ်မှတ်ပေးရမယ်ပေါ့"

သမီး အမှန်ပြောတာပါ ဖေဖေ ...

မလုံမလဲနဲ့ ဟန်ဆောင်နေရတဲ့ ဖေဖေ့မျက်နှာကို သမီး မမြင်ချင်ပါဘူး။ ဒါပေမဲ့ ...

"အသွင်ဖြူက ဖေဖေ့ရဲ့ ရိုးရိုးဧည့်သည် မဟုတ်ဘူး"

ဘုရားသခင်ရယ် ... ကျွန်မကို အဲဒီလို မနှိပ်စက်ပါနဲ့။

"ဖေဖေ နောက်တော့ အေးအေးဆေးဆေး ရှင်းပြပါ့မယ်၊ သမီး ရန်ကုန်ကို ချက်ချင်းပြန်ပါ"

သူမ မယုံနိုင်သလို ဖေဖေ့ကို စိုက်ကြည့်နေမိသည်။





ဖေဖေက တည်တည်ငြိမ်ငြိမ် ဖြစ်သွားသလောက် သူမကတော့ ဖမ်းဆုပ် မရနိုင်လောက်အောင် တုန်လှုပ်သွားသည်။

ဖေဖေသည် သူမ ခံစားချက်ကို နည်းနည်းမှ မထည့်တွက်ဘဲ ပြောရက်သည်။

သူမ တစ်သက်လုံး ဘယ်သူ့ကိုမှ မကြည့်ခဲ့ဘူးသော ခပ်စိမ်းစိမ်း အကြည့်နှင့် ဖေဖေ့ကို စူးစူးစိုက်စိုက် ကြည့်လိုက်သည်။

သူမအကြည့်ကို ဖေဖေ ခံနိုင်ရည်ရှိဟန် မတူပါ။

"ဖေဖေ့ကို အဲဒီလို မကြည့်နဲ့"

သူမ ဘာမှပြန်မပြောပါ။

နှိုင်းဆမရနိုင်သော နာကျင်မှုက တစစ်စစ်နှင့် သူမ နှုတ်ခမ်းများကို ထိန်းချုပ်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် မျက်ရည်များကိုတော့ ထိန်းချုပ်နိုင်စွမ်း မရှိပါ။

“သမီး မပြန်နိုင်ဘူး ဖေဖေ”

သူမ အံကြိတ်ပြီး ပြောလိုက်သည်။





လှေကားဝမှာ ငြိမ်ငြိမ်သက်သက်နှင့် ရပ်နေသော အမျိုးသမီးကို သူမ မျက်တောင်မခတ် ကြည့်ပစ်လိုက်သည်။

အသွင်ဖြူတဲ့လား။

ဒေါ်အသွင်ဖြူပေါ့။

ခန္ဓာကိုယ် ပိန်ပိန်ပါးပါးက အနွေးထည် ခပ်ထူထူ အောက်မှာပင် မှန်းဆနိုင်သည်။

ဆံပင်များကို ဆံထုံးမထုံးဘဲ၊ နောက်ဘက်မှာစုပြီး စည်းထားသည်။

မေးရိုးနှစ်ဖက်က သူမစိတ်ထင် သွယ်လျှလွန်း သည်။

www.burmeseclassic.com

www.burmeseclassic.com



မျက်ဝန်းတစ်စုံက ငယ်ငယ်တုန်းကတော့ အတော်လေး လှပခဲ့လိမ့်မည်။

အခုတော့ ဖျော့တော့အားနည်းလွန်းသည်။

သူမတို့ သားအဖနှစ်ယောက် ပြဿနာတက်နေတာကို စိတ်မကောင်းသည့် ပုံစံနှင့် ငြိမ်သက်စွာ ကြည့်နေသည်။

အလကား ... ဟန်ဆောင်နေတာ။

ဒီမိန်းမသည် သူမတို့ သားအဖနှစ်ယောက်ကို သွေးအေးအေးနှင့် ခွဲပစ်နိုင်သည့် တစ္ဆေမတစ်ကောင် ဖြစ်သည်။

ဒီမိန်းမကို သူမ အနိုင်မပေးနိုင်။

"သမီး ... ရန်ကုန်ကို ချက်ချင်းပြန်"

သူမ ထုံပေပေနှင့် မကြားသလို လုပ်နေလိုက်သည်။

"ညီလတ်ရယ် ... ကလေးကို အဲဒီလို မပြောပါနဲ့"

သူတို့ သားအဖကြား ဒီမိန်းမ ဝင်ပါတာတော့ လက်မခံနိုင်။





"အန်တီ ဝင်မပါပါနဲ့"

သက်သက် သူမဆီက အမှတ်လိုချင်တာ ဖြစ်သည်။

"ပုလဲညို မမိုက်ရိုင်းနဲ့"

ကွက်ခနဲ ပျက်သွားသော မျက်နှာ။ ဖေဖေ့ရဲ့ဒေါသတကြီး စကားသံ ...

ဟင်း ... အားလုံးကို သူမ ဂရုမစိုက်တော့ ...

"နေပါဦး အန်တီရဲ့ အန်တီက ဖေဖေနဲ့ ဘယ်လိုပတ်သက်နေလဲ"

လှေကားကနေ တစ်ထစ်ချင်း အိမ်ပေါ်တက်လာသော မိန်းမကို သူမ စိန်ခေါ်နိုင်ရမည်။

"အန်တီက ညီလတ်ရဲ့ သူငယ်ချင်းဆိုလည်း ဟုတ်တယ်၊ ညွှဲ့သည်ဆိုလည်း ဟုတ်တယ်"

ညီလတ်တဲ့ ...



www.burmeseclassic.com

မေဖေ့နာမည် "ညီလတ်ညို"ကို "ညီလတ်"ဟူ၍ မေမေ တစ်ယောက်ကလွဲလျှင် ဘယ်သူမှ မခေါ်ကြပါ။

အခုတော့ ဒီမိန်းမက ညီလတ်တဲ့။

အတွေးခါးသက်သက်ကြောင့် သူမ နှုတ်ခမ်းမဲ့လိုက်သည်။

အခေါ်အဝေါ်က ပိုင်စိုးပိုင်နင်း နိုင်လွန်းလှသည်။

"အန်တီ့နာမည်ကို ဖေဖေ့ သူငယ်ချင်းတွေ အမည်ထဲမှာ တစ်ခါမှ မကြားဖူးဘူး။ သူငယ်ချင်းအသစ် ထင်တယ်"

သူမသည် အခုအချိန်၌ အားသစ်သွန်းလောင်းပြီး ကာစလို အရာရာကို စိန်ခေါ်ရန် အသင့်ဖြစ်နေသည်။

ဖေဖေသည် သူမကို တားမရသည့်အဆုံး စိတ်ပျက် လက်ပျက် ထိုင်ကြည့်နေသည်။

"မဟုတ်ပါဘူးကွယ်။ အန်တီက ဟိုတုန်းက သူငယ်ချင်းပါ"



"ဟိုတုန်းက သူငယ်ချင်းဆို မေမေ့ကိုပါ သိမယ်ထင်တယ်"

မေမေ့အခန်းကဏ္ဍကို သိအောင် တမင်သက်သက် မေးလိုက်သည်။

"သိပါတယ်၊ ပုလဲဖြူနဲ့ အန်တီက ခင်ပါတယ်"

အလကားသက်သက် လိမ်တာ ...

မေမေသည် အသွင်ဖြူ ဆိုသော သူငယ်ချင်းတစ် ယောက်အကြောင်းကို နာမည်တောင် မဟခဲ့ဖူးပါ။

"အဲဒါဆို ကောင်းတာပေါ့။ အန်တီ့အနေနဲ့ သူငယ်ချင်းရဲ့ ယောက်ျားကို လေးစားသင့်တယ်၊ ပြီးတော့ တမလွန်ရောက် နေတဲ့ မေမေ့ကိုလည်း ထောက်ထားသင့်တယ်လို့ ကျွန်မ ထင်တယ်"

ကဲ ဘာတတ်နိုင်သေးလဲ။

သူမအား ဘာမှမပြောနိုင်တော့သလို ငေးငိုင်ငြိမ် သက်သွားသော မိန်းမကိုကြည့်ပြီး သူမ ဝမ်းသာသွားသည်။



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



"ဝုလဲညို တော်တော့"

ဖေဖေ လှမ်းပြီး ဟန့်တားတာကိုလည်း သူမ ခေါင်းထဲမထည့်။

"ဖေဖေ ... သမီးက ဖေဖေ့ရဲ့ တစ်ဦးတည်းသော သမီးပါ၊ သမီးကိစ္စအားလုံး ဖေဖေနဲ့ သက်ဆိုင်သလို၊ ဖေဖေ့ကိစ္စ အားလုံးလည်း သမီးနဲ့ သက်ဆိုင်တယ်"

"ပြောပါစေ ညီလတ်၊ သမီး စိတ်ထဲရှိတာ၊ ပြောပါစေ"

သူမဘက်ကပါလည်း သူမက ဒီမိန်းမကို အမှတ် တစ်မှတ်မှ မပေးနိုင်ပါ။

"ခည့်သည် ဆိုတာ အချိန်တန်ရင် အိမ်ပြန်နေရတယ် အန်တီရဲ့၊ ပြီးတော့ အိမ်ရှင် မကြည်ဖြူရင်လည်း အလိုက် တသိနဲ့ ပြန်တတ်ရမယ်"

သူမ အပြောအဆိုတွေ ရိုင်းစိုင်းသော အခြေအနေ သို့ ရောက်ရှိသွားသည်။





ဖေဖေသည် ဝုန်းခနဲ ထလာပြီး သူမမျက်နှာကို ဖျတ်ပြန်ရိုက်ချလိုက်သည်။

"ညီလတ် မလုပ်နဲ့"

လှမ်းတားသံကြားမှ သူမ သတိပြုမိသည်။

"နင် ... သိပ်မိုက်ရိုင်းတယ်"

"ဖေဖေ"

တစ်သက်လုံး ဖေဖေက သူမကို ရိုက်ဖို့နေနေသာ သာ လက်နှင့်တောင် မချိန်ရွယ်ခဲ့ဘူးပါ။

အခုတော့ ... ဒီမိန်းမနဲ့ကျမှ ...

သူမ ဖခင်ကို တော်တော်နာကြည်းသွားသည်။

"အန်တီက သမီးတို့ သားအဖနှစ်ယောက်ရဲ့ ချစ်ခြင်းကို ခွဲဖို့ သက်သက် ရောက်လာတဲ့ နတ်ဆိုးပဲ"

ပြောလည်းပြော ငိုလည်းငို ပြီးတာနှင့် သူမရောက်ခါ စက ပစ်ချထားခဲ့သော ကျောပိုးအိတ်ကို ကောက်လွယ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူမ ဖေဖေနှင့် ဘယ်တော့မှ မတွေ့ချင်တော့ပါ

ဖေဖေ့ကို နာနာကြည်းကြည်းပဲ စိုက်ကြည့်က

အံကြိတ်ပြီး ပြောလိုက်သည်။

"သမီး သွားတော့မယ်၊ ဒါပေမဲ့ ဒီတစ်ခေါက် သမီးသွား

တာ တစ်သက်စာ အပြီးပဲ၊ သမီး ဖေဖေ့ဆီ ဘယ်တော့

ပြန်လာမှာ မဟုတ်သလို ဒီအိမ်ကိုလည်း သမီး ဘယ်တော့

မှ ပြန်မလာတော့ဘူး၊ ဖေဖေလည်း ဒီတစ်သက် သမီးကို

မမြင်စေရဘူး၊ ဖေဖေ ပျော်သလိုနေပါ၊ သမီးကိုလည်း

ဂရုမစိုက်ပါနဲ့၊ ဖေဖေ ပျော်သလို ဖေဖေ ကြိုက်သလို နေ

နိုင်ပါတယ်၊ ဖေဖေက အဖေပဲဟာ"

ပြောရင်းတန်းလန်းနှင့်ပင် ဝမ်းနည်းဆို့နစ်လာတာ

ကြောင့် သူမ ချက်ချင်းစကားဆက်မပြောနိုင်။

ကိုယ့်ကိုယ်ကိုယ် မနည်း ပြန်ထိန်းနေရသည်။

သူမ အရမ်းကြီး ငိုနေလို့မှဖြစ်။





သူမ အထူးတလည် ဝမ်းနည်းနေသည်ကိုလည်း

ရာမလို။

"ပုလဲညို၊ ရန်ကုန်ကို ချက်ချင်းပြန်" ဆိုသော ဖေဖေ့

အားကိုသာ တွေးတွေးပြီး ဝမ်းနည်းအားငယ်နေမိသည်။

"မိဘတစ်ယောက်က ကိုယ်လုပ်ချင်တာ လုပ်နေတာကို

သားသမီးက ဘယ်တားပိုင်ခွင့် ရှိမှာလဲ"

သူမအသံက တိုးဖျော့သွားသည်။

"သမီး ... ဖေဖေ့ကို နှုတ်ဆက်ခဲ့ပါတယ်"

ဖေဖေသည် အခုချိန်ထိ အရုပ်တစ်ရုပ်လို ငြိမ်သက်

ဆဲ ဖြစ်သည်။

သူမ လှေကားပေါ်က စဆင်းလိုက်သည်။

တစ်ထစ် ...

နှစ်ထစ် ...



www.burmeseclassic.com

www.burmeseclassic.com



သမီးနဲ့ ဖေဖေ တကယ်ခွဲရပြီပေါ့။

သုံးထစ် ...

"ဟင့်အင်း ... ပုလဲညို သွားစရာမလိုဘူး၊ အန်တီက သွားရမှာ"

"သမီး"

အသံနှစ်သံက တစ်ပြိုင်တည်း ပေါ်လာသည်။

သူမခြေလှမ်းက လှေကားထစ် အောက်ဆုံးဆီရောက် သွားပြီဖြစ်သည်။

"ပုလဲညို မသွားနဲ့နော်၊ အန်တီသွားပေးမယ်၊ ဟုတ်လား"

သူမ လက်မောင်းကို ဆုပ်ကိုင်တားဆီးထားသော လက်တစ်ဖက်။

"သမီး"

သူမ ဖေဖေ့ကို လှည့်ကြည့်မိသည်။





ဖေဖေ့ မျက်ဝန်းများသည် ရီဝေဖျော့တော့နေသည်။

သမီးနဲ့ ဒီမိန်းမ တစ်ခုခုကို ရွေးပါ ဖေဖေ။

ဖေဖေ့ရဲ့ ရွေးချယ်မှုကို သမီး စောင့်နေတယ်။

ဖခင်၏ အဆုံးအဖြတ်ကို စောင့်နေသော သူမ ခြေလှမ်းများက ပိုမိုခိုင်မာမြဲမြံလာသည်။

"သမီး နေခဲ့ပါ"

တိုးဖျော့လွန်းသော်လည်း သူမ ကြားရဖို့တော့ ကောင်းစွာ လုံလောက်ပါသည်။

သူမ လစ်ခနဲ ဝမ်းသာသွားသည်။

ဖေဖေ သူမကို ရွေးချယ်လိုက်ပြီပေါ့။

သူမကို ဆုပ်ကိုင်ထားသော လက်တစ်ဖက်သည် အားပျော့ပြေလျော့သွားသည်ကိုလည်း ခံစားသိရှိနေရသည်။

"ကျေးဇူးတင်ပါတယ် ဖေဖေ"



www.burmeseclassic.com

www.burmeseclassic.com



သူမ ခပ်တည်တည်ပင် အိမ်ပေါ်ပြန်တက်လာလိုက်သည်။

"ညီလတ် ... အသွင် ပြန်တော့မယ်"

အသွင်ဖြူသည် အခန်းထဲဝင်၍ ပိုက်ဆံအိတ်ကို ယူသည်။

ပြီးတော့ ဖေဖေ့ကို နှုတ်ဆက်သည်။

"အသွင့် ပစ္စည်းတွေ နောက်တော့ ကိုယ်လာပို့ပေးမယ်"

"ရပါတယ် ညီလတ်၊ အသွင် တစ်ယောက်ယောက်ကို ယူခိုင်းလိုက်လည်း အဆင်ပြေပါတယ်"

သူမရှေ့မှာ တစ်ယောက်နှင့်တစ်ယောက် အလွမ်းသယ်နေတာကို သူမ လျစ်လျူရှုလိုက်သည်။

နောက်ဆုံးအနေနှင့် သူမ ဒီလောက်တော့ လိုက်လျောပေးသင့်သည်။





"နေဦး အသွင် ... ငါ ရှမ်းလေးကို လိုက်ပို့ခိုင်းမယ်၊ ဒီအချိန် ကားရဖို့က မသေချာဘူး"

ဖေဖေကတော့ အကဲပိုပြီ။

ရှမ်းလေးက သူမ သူငယ်ချင်း ဖြစ်သည်။

ဒီမိန်းမကို လိုက်ပို့ဖို့ သူမ သူငယ်ချင်း ရှမ်းလေးတို့ရော၊ သူမအတွက် ဖေဖေ ဝယ်ထားပေးသော ဂျစ်ကားအိုလေးတို့ရော အသုံးပြုဦးမည်ပေါ့။

အို ... ဘာပဲဖြစ်ဖြစ် ဒီမိန်းမ အိမ်မှာမရှိတော့လျှင် ပြီးရော၊ ဘာပဲ ပေးရ ပေးရ။

ဖေဖေ သွားခေါ်သဖြင့် ရှမ်းလေးက တစ်ခဏအတွင်း ရောက်ရှိလာသည်။

"ပုလဲညို ... နင် ဘယ်တုန်းက ပြန်ရောက်လဲ"

"အခုပဲ"



www.burmeseclassic.com

www.burmeseclassic.com



အိမ်မှာ အခြေအနေ မကောင်းတာ ရှမ်းလေးက ရိပ်မိပုံ ပေါ်သည်။

သူမကို ဘာမှ ဆက်မမေး။

ရှမ်းလေးက ဂျစ်ကားအိုလေးကို မောင်းထုတ်ပြီး အိမ်ရှေ့မှာ ထိုးရပ်သည်။

အသွင်ဖြူက ကားပေါ်တက်လိုက်သည်။

"ညီလတ် သွားမယ်နော်၊ သမီး သွားမယ်"

သူမ ခေါင်းမညိတ်သလို၊ ပါးစပ်လည်း ပိတ်ထား လိုက်သည်။

သူမ မျက်မှန်းကျိုးသော လူတစ်ယောက်ကို ဘယ် လိုမှ မနှုတ်ဆက်နိုင်ပါ။

"နေဦး အသွင် ... နေဦး"

ဖေဖေက အိမ်ပေါ်သို့ ကမန်းကတန်း ပြန်ပြေးတက် သွားသည်။





ပြန်ဆင်းလာတော့ ဖေဖေ့ လက်ထဲတွင် အနွေးထည် တစ်ထည်နှင့် ပဝါတစ်ထည် ပါလာသည်။

"ရော့ အသွင်၊ ဒီအနွေးထည်ကို ထပ်ဝတ်သွား။ အေးတယ်၊ ပဝါကို ခေါင်းမှာပတ်ထား၊ လေစိမ်းတိုက်တယ်"

ဖေဖေက ကလေးတစ်ယောက်ကို စိတ်မချနိုင်သလို တတွတ်တွတ် မှာနေတာက နည်းနည်းတော့ လွန်သည်ထင်သည်။

အသွင်ဖြူက နေကာမျက်မှန် ခပ်ကြီးကြီးကို ထုတ် တပ်လိုက်သည်။

အင်းပေါ့ ... သူ ငိုမနေနိုင်ဘူးလို့ ဘယ်သူပြောနိုင် မှာလဲ။

သူမရှေ့မှာတော့ ငိုမည်မထင်။

ဂျစ်ကားအိုလေးက သူမရှေ့က တရွေ့ရွေ့နှင့် မောင်းထွက်သွားသည်။ သွားပြီပေါ့။



www.burmeseclassic.com

www.burmeseclassic.com



သူမ မေးသာအားရ ခပ်ပါးပါး ပြုံးမိစဉ် မေမေ အိမ်ပေါ်ကို ပြန်တက်လာသည်။

မေမေ့ ရုပ်သွင်သည် တစ်ခဏအတွင်း ယုပစ်သလို အိုစာသွားသည်။

သတိနှင့် ကင်းကွာနေသည့် လူတစ်ယောက် ပုံစံမျိုး ဖြစ်နေသော မေမေ့ကို မြင်တော့လည်း သူမ စိတ်မကောင်း ဖြစ်သွားသည်။

"မေမေ"

"မေမေ အနားယူချင်ပြီ သမီး"

မေမေက အိပ်ခန်းထဲသို့ တန်းဝင်သွားသည်။ အိပ်ခန်းတံခါးပိတ်သံကို ကြားလိုက်ရသည်။

အင်း ... အခုချိန်မှာ မေမေ အနားယူသင့်သလို သူမလည်း အနားယူသင့်သည်ပဲ။





မျက်ဝန်းနှစ်ဖက် ဖွင့်လိုက်သည်နှင့် မိုးစင်စင်လင်းနေပြီဆိုတာ သတိပြုမိလိုက်သည်။

မေမေ ...

သူမ အရင်ဆုံး သတိရမိသည်။

မနေ့ကတည်းက သူမရော မေမေပါ ဘာမှမစားဘဲ အိပ်ရာဝင်ခဲ့ကြသည်။

သူမ အိပ်ရာပေါ်ကနေ လူးလဲထလိုက်သည်။

တစ်အိမ်လုံးက တိတ်ဆိတ် ခြောက်သွေ့နေသည်။

အိပ်ရာနံဘေးက စားပွဲပေါ်မှာ ပေါင်မုန့်ကြက်ဥကြော်နှင့် နွားနို့ပူပူတစ်ခွက်ကို တွေ့တော့ သူမ ရင်ထဲနင့်ခနဲ ဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ ... ခံစားချက်များစွာနှင့် နှင့်သီးနေချိန်မှာ တောင် သူမ အကြိုက် မနက်စာကို စီစဉ်ပေးနိုင်သည်။

"ဖေဖေ"

သူမ တစ်အိမ်လုံးအနှံ့ လိုက်ရှာကြည့်သည် မတွေ့၊ ဖေဖေ စိုက်ခင်းထဲ ဆင်းသွားပြီ ထင်သည်။

သူမ စိတ်ပျက်လက်ပျက်နှင့် အိပ်ခန်းထဲ ပြန်ဝင်လာမိသည်။

နွားနို့ခွက်ကို ကောက်ကိုင်လိုက်စဉ် နံဘေးက စာအုပ်တစ်အုပ်ကို သတိပြုမိလိုက်သည်။

စာအုပ်ပေါ်မှာ စာရွက်ခေါက်လေး တစ်ခု။

စာရွက်ခေါက်လေးရော စာအုပ်ပါ မနေ့ညက သူမ အိပ်ရာဝင်ခဲ့စဉ်က မရှိခဲ့ဘူးဆိုတာ သူမသေချာသိသည်။

စာရွက်ခေါက်လေးကို ဖွင့်လိုက်တော့ ဖေဖေ့လက်ရေး ဖြစ်နေသည်။



"သမီး"

ဒီစာအုပ်က ဖေဖေ ဘယ်သူ့ကိုမှ ပေးမဖတ်ခဲ့တဲ့ စာအုပ်ပဲ။ (သမီးမေမေ) အပါအဝင်ပေါ့။

ပြီးတော့ အခုချိန်ထိ ဖေဖေ အသုံးပြုနေဆဲ စာအုပ်လည်း ဖြစ်တယ်။

အခုဖြစ်သွားတဲ့ အဖြစ်အပျက်တွေကြောင့် သမီးကို ဒီစာအုပ်ပေးဖတ်ဖို့ ဖေဖေ ဆုံးဖြတ်လိုက်တယ်၊ စာအုပ်ကို သမီး ရိုရိုသေသေ ကိုင်လိမ့်မယ်လို့ ဖေဖေ မျှော်လင့်တယ်။

နီညိုရောင်သားရေအဖုံးပျော့ စာအုပ်ခပ်ထူထူလေးကို သူမ ကောက်ယူလိုက်သည်။

အနားသားများ ဝါနေသော စာအုပ်လေးက အတော်ဟောင်းနွမ်းနေပြီ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ့မှာ ဒီလိုစာအုပ်၊ (ကိုယ်ပိုင်ဒိုင်ယာရီ)ရှိသည် ဆိုတာ သူမ တစ်ခါမှ မသိခဲ့ပါ။

သူမ စိတ်ဝင်စားစွာနှင့် စာအုပ်၏ ပထမစာမျက်နှာကို စတင်လှန်လိုက်သည်။

ညီလတ်ညို ...

အသွင်ဖြူ ...

ပုလဲဖြူ ...

အစဉ်လိုက် ရေးထားသော နာမည်သုံးခုကြောင့် သူမ ပိုမိုစိတ်ဝင်စားသွားသည်။

ဖေဖေ့နာမည်၊ မေမေ့နာမည်၊ ပြီးတော့ ... ထိုမိန်း ရဲ့ နာမည်၊ အိုး ... အားလုံးက သူမရဲ့ မနက်ခင်းတစ်ခုလုံး သိမ်းကျုံးဆွဲယူသွားခဲ့သည်။





အပိုင်း(၂)

ချစ်ခြေ ခုနှစ်

ဝန်းကျင်



www.burmeseclassic.com

www.burmeseclassic.com









"ဒီနေ့ ဆရာတို့ရဲ့ မော်တင်လိန်းဂျဒ်ဆင်ကျောင်းကို High School Final ကျောင်းသား အနေနဲ့ ပြောင်းလာတဲ့ ကျောင်းသားသစ်နဲ့ မင်းတို့ကို မိတ်ဆက်ပေးမယ်"

ဆရာ့စကား ဆုံးသွားသည်နှင့် အားလုံးရဲ့ အကြည့် ညီလတ် အပေါ်သို့ ရောက်ရှိလာသည်။

နေရခက်သည့် ကြားကပင် အားလုံးကို ညီလတ် အားတင်းမြှုးပြီး နှုတ်ဆက်လိုက်သည်။

"အားလုံးကို တွေ့ရတာ ဝမ်းသာပါတယ်၊ ကျွန်တော့်နာမည် ညီလတ်ညိုပါ"



www.burmeseclassic.com

www.burmeseclassic.com



အားလုံးက သူ့ကို ခေါင်းညိတ်ပြီး အသိအမှတ်ပြု သည်။

"မင်းအတွက် ကျောင်းဝတ်စုံကို နေ့လယ်ထမင်းစားချိန် ကျရင် ရုံးခန်းမှာ သွားဝယ်၊ မနက်ဖြန်ကစပြီး ကျောင်း ဝတ်စုံ ဝတ်ခဲ့ပါ၊ ဟုတ်ပြီလား"

"ဟုတ်ကဲ့ ဆရာ"

အတန်းနောက်ဆုံးမှာရှိသော ခုံတစ်ခုံကို သူ ရွေး ချယ်လိုက်သည်။

မနေ့ကပဲ မော်လမြိုင်ရောက်သည်။

ဒီနေ့ ကျောင်းစတက်ရသည်။ ဘယ်လောက်စိတ် ပျက်ဖို့ကောင်းလဲ။ ဗိုပြီး စိတ်ပျက်ဖို့ ကောင်းတာက ကျောင်း ဝတ်စုံဖြစ်သည်။

"ဆရာ ပြန်လာမယ်၊ ငြိမ်ငြိမ်နေကြ"





ဆရာက ငြိမ်ငြိမ်နေကြဟု မှာသွားသော်လည်း အားလုံး ဆရာလစ်သွားသည်နှင့် ပွဲတော်တစ်ခု တွေ့သည်နှယ် ဆူညံသွားသည်။

"ဘာတွေ စိတ်ပျက်နေတာလဲ"

ဘေးနားက ကျောင်းသားက သူ့ကို စတင်နှုတ်ဆက် သည်။

သူ သက်ပြင်းအခါခါ ချတာ မြင်တွေ့သွား၍ ဖြစ်လိမ့်မည်။

"ဘာမှ မဟုတ်ပါဘူး"

အမှန်တကယ်က မနက်ဖြန် ဝတ်ရမည့် ကျောင်း ဝတ်စုံကို ကြည့်ပြီး စိတ်ပျက်နေတာဖြစ်သည်။

အဖြူနှင့် ဗွဲဝတ်ရသည့် လုံချည်ဆင်ကို သူ ဘယ် လိုမှ သဘောမတွေ့နိုင်အောင် ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းဝတ်စုံက ထားဦး၊ ဆယ်ရက်လောက် ကျောင်းနောက်ကျသွားသည့်အတွက် ပြန်ကူးရမည့် စာတွေက နည်းမှာမဟုတ်။

"ငါ့နာမည်က အောင်ဇော်တဲ့ မှတ်ထား၊ မင်းကို စာပိုင်း ကူးပေးမယ်၊ ငါ့လက်ရေး ဖတ်တတ်ရင်ပေါ့ကွာ"

ညီလတ် ထိတ်ခနဲ ဝမ်းသာသွားသည်။

စာပိုင်းကူးပေးမည့် သူငယ်ချင်းတစ်ယောက်တော့ ရပြီ၊ အောင်ဇော်က သူ့ကို စာအုပ်တစ်အုပ် ကမ်းပေးသည်။

"ရော့ ... ငါ့လက်ရေး မင်း ဖတ်တတ်လား ကြည့်"

အောင်ဇော့် လက်ရေးကို ကြည့်ပြီး ညီလတ် သွားသည်။

ဖဲတီအမင်ပေါက်တာမှ လှဦးမည်။ အောင် လက်ရေးက ဘယ်လိုမှ ဖတ်လို့မရ။





"ကျေးဇူးတင်ပါတယ်ကွာ၊ ငါ့ကို လက်ရေးလှတဲ့ ကျောင်းသားတစ်ယောက်နဲ့ မိတ်ဆက်ပေးပါ၊ ကျေးဇူးမမေ့ပါဘူး"

ခုနတုန်းက ဝမ်းသာနေသည့် စိတ်လေးက ပျံ့လွင့် တ်သွားသည်။ ကိုယ့်ဘာသာကူးတာပဲ ကောင်းမည်။

"ဘာမှ မပူနဲ့၊ မင်းကို အတန်းထဲမှာ စာအတော်ဆုံးနှစ် ယောက်နဲ့ မိတ်ဆက်ပေးမယ်၊ ထမင်းစားချိန်ပေါ့ကွာ၊ ဟော ... ဆရာလာပြီ"

တစ်တန်းလုံး ပြန်ငြိမ်သက်သွားသည်။

မော်တင်လိန်းဂျဒ်ဆင်ကျောင်းရဲ့ ပထမဆုံး နံနက် ကို သူ ရင်ဆိုင်ရတော့မည်။

❦ ❦



www.burmeseclassic.com

www.burmeseclassic.com



ဒီအခန်းထဲမှာ စာအတော်ဆုံး ကျောင်းသူနှစ်ယောက်သည် နောက်ပြောင်သည့် နေရာမှာလည်း ထိပ်ဆုံးက ပြေးသည့်ဆိုတော့ ညီလတ် အံ့သြနေမိသည်။

"မင်း ... သူတို့ရှေ့ရောက်ရင် သတိတော့ထား၊ သူတို့က အစအနောက် အရမ်းသန်တယ်"

နေ့လယ် ထမင်းစားချိန် ရောက်သည့်အချိန်မှာပင် ညီလတ်နှင့် အောင်ဇော် ငယ်ပေါင်းကြီးဖော်တွေလို ရင်းနှီးသွားသည်

"ရှေ့က ကော်ရစ်ဒါမှာ ရပ်နေတဲ့ ကျောင်းသူနှစ်ယောက်ဓ"





ကော်ရစ်ဒါကို မှီပြီး သူတို့လာသည့်ဘက်ကို မျက်နှာပေး ရပ်နေသော ကျောင်းသူနှစ်ယောက်။

နှစ်ယောက်စလုံးက လုံချည်ကို ခပ်တိုတိုဝတ်ထားသဖြင့် ညီလတ် ပြုံးမိသည်။

ရုပ်ရှင်မင်းသမီး ခင်ယုမေကား ရုံပေါ်တင်တာတောင် ကြာသေး၊ ခင်ယုမေ စတိုင် လိုက်ဝတ်တာက မြန်လွန်းလှသည်။

"ခင်ယုမေ စတိုင်ပါလား"

"တီချယ်ကြီး လစ်တုန်းမို့လို့ပါကွာ၊ တီချယ်ကြီး မြင်ရင် ဆူမှာ"

အသွင်ဖြူနှင့် ပုလဲဖြူ ပုံစံက ကျစ်ဆံမြီး ဆင်တူ ချပြီး၊ ရင်ဖုံးလည်ထောင်အင်္ကျီကို ဝတ်ကာ ခပ်တည်တည်နှင့် အရှိုမကြီးကိုက် ဖမ်းထားကြသည်။

"အသွင်ဖြူနဲ့ ပုလဲဖြူ ... ဒီမှာ နင်တို့ နှစ်ယောက်ကို ကျောင်းသားသစ်နဲ့ မိတ်ဆက်ပေးမလို့"



www.burmeseclassic.com

www.burmeseclassic.com



"နေပါဦးဟာ ... ဟိုမှာ ... ငါတို့ကလစ်လေး ကျသွားလို့ ကောက်ပေးပါဦး"

"ဘယ်မှာလဲ"

"ဟိုးအောက်မှာလေ"

သူတို့အနား ရောက်ရုံရှိသေး၊ မချောနှစ်ယောက်က ဆွေ့ဆွေ့ခုန်နေသည်။

သူတို့ စာသင်ရသည်က သုံးထပ်ဆောင်၏ အပေါ်ဆုံးထပ် ဖြစ်သည်။

ဆင်းကောက်ပေးရမည်ဆိုလျှင် အောက်ဆုံးထပ်ကို ပြန်ဆင်းရတော့မည်။

"အောင်ဇော် ... ကောက်ပေးလေဟာ၊ ငါတို့ ဒီကနေ ကြည့်ပေးမယ်၊ သူများ ကောက်သွားမှာစိုးလို့ မြန်မြန်သွား"

"အေးပါဟာ၊ အေးပါ"





အောင်ဇော် လှစ်ခနဲ ပြေးထွက်သွားတော့ သူပါ မနေနိုင်၊ အောင်ဇော် နောက်က ပြေးလိုက်မိသည်။

သူတစ်ယောက်တည်း သူမတို့နှစ်ယောက်ရှေ့မှာ ခပ်ကြောင်ကြောင် ရပ်မနေချင်ပါ။

အောက်ရောက်တော့ တော်တော် မောနေပြီ။

"ဘယ်မှာလဲ"

ကလစ်က ချက်ချင်းရှာမတွေ့။

အောင်ဇော်က အောက်ကနေ အော်မေး၊ သူမတို့ နှစ်ယောက်က လက်ညှိုးညွှန်ပြပြီးပြောနှင့် ကလစ်ကို ရှာမတွေ့သေး။

သူတို့ ရှာရသည့်နေရာက ကျောင်းဆောင်အောက် ကွင်းပြင်ဖြစ်သဖြင့် နေကလည်း ပူလှသည်။

သူနှင့် အောင်ဇော် အချိန်တော်တော်ကြာ ကုန်းကုန်း ကွကွနှင့် ကလစ်ရှာရသည်။



www.burmeseclassic.com

www.burmeseclassic.com



... တာ့မှ အောင်ဇော် စကားကို သူ သွားသတိရသည်။

သူ ဖျတ်ခနဲ အပေါ်ကို မော့ကြည့်တော့ သူမတို့နှစ်ယောက်က ပြုံးစိစိ မျက်နှာပေးနှင့် ...

"ဆောရီးနော်၊ ကလစ်အောက်ကျသွားတယ် ထင်တာ၊ မကျဘူး၊ ဒီမှာ ပြန်တွေ့တယ်"

အပေါ်ကနေ ဖဲပြားလိုပုံစံ ကလစ်တစ်ခုကို ထောင်ပြတော့၊ သူ အောင့်သက်သက် ဖြစ်သွားသည်။

ကြည့်စမ်း၊ ကျောင်းတက်ရက် တစ်ချိန်တောင် မကုန်သေး၊ သူ ခံလိုက်ရပြီ။

နေပူရှိန်ကြောင့် ချွေးကလည်းထွက်၊ ထမင်းဘူး မပါတာကြောင့် ထမင်းကလည်း မစားရသေး။

"တော်ပြီကွာ ... ငါ သူတို့ဆီက စာအုပ်မငှားတော့ဘူး။ တော်တော် ကမြင်းကြောထတဲ့ ကောင်မလေးတွေ"





"ငါ ညံ့တာပါကွာ၊ ငါ သူတို့ကို ယုံလို့ မင်းပါ အဆစ်ပါတာ"

အောင်ဇော်က ကြားထဲကနေ သူ့ကို အားနာနေသည်။

သူက နှုတ်ခမ်းကို တင်းတင်းစေ့၊ မျက်နှာကို အစက်ထန်ဆုံးတင်းပြီး သူမတို့နှစ်ယောက်ရှေ့မှ ဖြတ်လျှောက်ကာ အခန်းထဲ ဝင်လိုက်သည်။

အလကား ကောင်မလေးတွေ၊ အရောဝင်လို့ကို မကောင်းဘူး။

"စိတ်ဆိုးသွားပြီ ထင်တယ်"

အသံခပ်သဲ့သဲ့က နားစည်ကို တိုးရိုက်လာသည်။

နေဦး ... နောင်အခါကြုံလျှင် ပြန်ထိုးနှက်ဖို့ သူ အားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ ကျောင်းတက်ဖို့ အချိန်လိုသေးတာကြောင့် ပြတင်းပေါက်နားရပ်ပြီး အပြင်ကို ကြည့်နေလိုက်သည်။

"ညီလတ် ... ပုလဲဖြူတို့က မင်းကို တောင်းပန်ချင်လို့တဲ့"

အောင်ဇော်က သူ့နားကပ်ပြီး ခပ်တိုးတိုးပြောသည်။

သူ ... အင်းမလုပ်၊ အဲမလုပ်နှင့် ဒီအတိုင်း ရပ်နေလိုက်သည်။

"ညီလတ်ညိုရယ် ... တောင်းပန်ပါတယ်နော်၊ နင့်ကို ငါတို့နှစ်ယောက်က ခင်လို့ စတာပါ၊ စိတ်မဆိုးနဲ့နော်"

"ဟုတ်ပါတယ်ဟယ်၊ ငါတို့က ခင်လို့စတာပါ"

အခုတော့လည်း ခုနတုန်းက လေသံနှင့် မတူစွာ သူ့ကို ခခယယ တောင်းပန်နေသည်။

ဒီလို အတောင်းပန် ခံရတော့လည်း သူ နည်းနည်း စိတ်ဆိုးပြေချင်သည်။

သူမတို့ဘက်ကို မျက်နှာချင်းဆိုင် လှည့်လိုက်သည်။





"ဒီလိုလုပ် ... နင် စိတ်ဆိုးပြေသွားအောင် နင်လွတ်သွားတဲ့ ကျောင်းစာတွေ အားလုံး ငါတို့ သူငယ်ချင်းနှစ်ယောက် ကူးပေးမယ်၊ ဘယ်လိုလဲ"

ဒီလိုဆိုတော့လည်း မဆိုး ...။

စာကူးရမှာ အသေအလဲ ပျင်းသော သူ့အကြိုက် ဖြစ်သည်။

"ကျေးဇူးပဲ"

သူ့လွယ်အိတ်ထဲက ဗလာစာအုပ် အသစ်များကို ထုတ်ပေးခိုက်မှာပင် ကျောင်းတက်ခေါင်းလောင်းက ထိုးသွားသည်။

အားလုံး ကိုယ့်နေရာ ကိုယ်ထိုင်ဖို့ ဟန်ပြင်သည်။

"ညီလတ် ... ပုဆိုးအနောက်က တံဆိပ်ကြီးကို မဖြုတ်ဘဲ ဒီအတိုင်း ဝတ်လာတာလား"

အသွင်ဖြူက သူ့ကို အံ့ဩသည့်ပုံစံနှင့် ပြောတော့ သူ ထူပူသည့်အထိ ရှက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ပုဆိုးက ကော်တောင့်နေတော့မို့၊ အသစ်မှန်းသိသာ

နေရသည့်ကြားထဲ တံဆိပ်ပါ မဖြုတ်မိဆိုတော့ ...။

သေချာတာက ဒီတံဆိပ်ဖြုတ်ဖို့ မေမေ မေ့လျော့ပြီး

သူလည်း သတိမထားမိခဲ့တာ ဖြစ်သည်။

ပုဆိုးကို ချက်ချင်း အရှေ့ဘက်ကိုပို့ပြီး ပြင်ဝတ်ကာ

တံဆိပ်ခွာဖို့ ကြိုးစားမိသည်။

ဘာတံဆိပ်မှ မတွေ့။

အသွင်ဖြူက "ခစ်"ခနဲ ရယ်ပြီး သူ့ရှေ့က ပြေး

ထွက်သွားသည်။

သေစမ်းပါဟ ...

သူ့လောက် အမှတ်သည်းခြေ မရှိသောသူ ရှိပါဦး

မလား ။





"အိုး ... ကောင်းကင်ဘုံ၌ ရှိတော်မူသော အဘဘုရား

...ခင် ကျွန်ုပ်တို့ ..."ဟု အစချီပြီး ဘုရားသခင်ဆီသို့ ဆုတောင်း

...ကွာပို့သံက အေးအေးချမ်းချမ်းပင် လွင့်ထွက်လာသည်။

အားလုံးက လက်နှစ်ဖက်ကို ဆုပ်၊ မျက်လုံးလေးကို

...ပြီး၊ ငြိမ်သက်စွာ ဆုတောင်းကြသည်။

သူက အများနည်းတူ ငြိမ်သက်နေသော်လည်း

...တောင်းတတ်။

သူဆိုတတ်တာ ဘုရားသခင် တစ်လုံးပဲရှိသည်။

အခု သူတက်နေသည့် မော်တင်ဂျိုန်းဂျဒ်ဆင်ကျောင်း

www.burmeseclassic.com



ပုဆိုးက ကော်တောင့်နေတော့မို့၊ အသစ်မှန်းသိသာနေရသည့်ကြားထဲ တံဆိပ်ပါ မဖြုတ်မိဆိုတော့ ...။

သေချာတာက ဒီတံဆိပ်ဖြုတ်ဖို့ မေမေ မေ့လျော့ပြီး သူလည်း သတိမထားမိခဲ့တာ ဖြစ်သည်။

ပုဆိုးကို ချက်ချင်း အရှေ့ဘက်ကိုပို့ပြီး ပြင်ဝတ်ကာ တံဆိပ်ရှာဖို့ ကြိုးစားမိသည်။

ဘာတံဆိပ်မှ မတွေ့။

အသွင်ဖြူက "ခစ်"ခနဲ ရယ်ပြီး သူ့ရှေ့က ထွေ

ထွက်သွားသည်။

သေစမ်းပါဟ ...

သူ့လောက် အမှတ်သည်းခြေ မရှိသောသူ ရှိပါဦး

မလား။





"အိုး ... ကောင်းကင်ဘုံ၌ ရှိတော်မူသော အဘဘုရား

ခင် ကျွန်ုပ်တို့ ..."ဟု အစချီပြီး ဘုရားသခင်ဆီသို့ ဆုတောင်း

ရွှာပို့သံက အေးအေးချမ်းချမ်းပင် လွင့်ထွက်လာသည်။

အားလုံးက လက်နှစ်ဖက်ကို ဆုပ်၊ မျက်လုံးလေးကို

ပြီး၊ ငြိမ်သက်စွာ ဆုတောင်းကြသည်။

သူက အများနည်းတူ ငြိမ်သက်နေသော်လည်း

တောင်းတတ်။

သူဆိုတတ်တာ ဘုရားသခင် တစ်လုံးပဲရှိသည်။

အခု သူတက်နေသည့် မော်တင်ဂျိန်းဂျဒ်ဆင်ကျောင်း



www.burmeseclassic.com

www.burmeseclassic.com



ဆရာ ပြောနေသည့် ဓာတ်လမ်းကို သူ ဆက်ပြောလိုက်သည်။

"တင်းပုတ်၊ တင်းပုတ်က ဘယ်လိုပုံသဏ္ဍာန်မျိုးလဲ"

သူတို့၏ အတန်းပိုင်ဆရာက မြန်မာပြည်ရောက်တာ မကြာသေးသော ခရစ်ယာန်ဆရာတစ်ယောက် ဖြစ်သည်။

သူ သိသလောက်တော့ ငါးနှစ်ကျော်ပေါ့၊ မြန်မာစကားကို ကျွမ်းကျင်စွာ ပြောတတ်သော်လည်း၊ တချို့ အသုံးအနှုန်းများကို နားမလည်။

"တင်းပုတ် ... တင်းပုတ်က"

သူကိုယ်တိုင်က စကားကို ရပ်ထားရသည်။

ဘာနဲ့ နှိုင်းပြရင် ကောင်းမလဲ။

သူ စဉ်းစားရင်းနှင့် အဖြေရသွားသည်။

"ဆရာ ... ကျွန်တော် မနေ့က တွေ့ခဲ့တဲ့ အရာတစ်ခုနဲ့ နှိုင်းပြလို့ ရမလား"





"ရပါတယ် ... ပြောပါ"

သူ့စကားကို တစ်တန်းလုံးက စိတ်ဝင်စားစွာ စောင့်စားနေကြသည်။

"မနေ့က ဟိုရှေ့က ကျောင်းသူနှစ်ယောက်က လုံချည်တိုတို ဝတ်ထားတယ် ဆရာ၊ ဒီတော့ တင်းပုတ်ကို ဆရာနားလည်အောင်၊ ကျွန်တော် အနီးစပ်ဆုံး နှိုင်းယှဉ်ပြရရင် သူတို့ရဲ့ ခြေသလုံးတွေက တင်းပုတ်နဲ့ တူပါတယ်ဆရာ"

"ဝါး ဟား ဟား"

တစ်တန်းလုံး ပွဲကျသွားကြသည်။

ဆရာတောင် ရယ်နေတာ အတော်မသတ်နိုင်။

သူ လက်ညှိုးညွှန်ပြီး ပြောလိုက်တာကြောင့် ပုလဲဖြူနှင့် အသွင်ဖြူမှန်း တစ်တန်းလုံး သိသွားသည်။

သူ့ဆီ တိုက်ရိုက်ရောက်ရှိလာသော မျက်စောင်းနှစ်ခုကို သူ ရဲရဲကြီး ခံယူလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



မထင်မှတ်ဘဲ သူရယ်၊ အသွင်ဖြူရယ်၊ ပုလဲဖြူရယ် သူတို့သုံးယောက်ရဲ့ ရင်းနှီးမှုက ခိုင်မြဲလာခဲ့သည်။

သူမတို့နှစ်ယောက်က သူများကို အမြဲတမ်း စနောက် တတ်သလို သူမတို့နှစ်ယောက်ကို စနောက်လျှင်လည်း စိတ်မဆိုး တတ်ပေ။

တစ်ခုတော့ရှိသည်။ ညီလတ် ဆရာကို ထပြောပြီး ကတည်းက သူတို့အခန်းထဲက မိန်းကလေးများ ထဘီတိုတို မဝတ်ကြတော့။





ဝတ်လျှင်လည်း ...

"တင်းပုတ်ပိုင်ရှင်မလေး"ဟု ကျောင်းသား တစ် ယောက်ယောက်ကသာ စလိုက်၊ နောက် မဝတ်ရဲပြီ။

အမှန်ဆို သူမတို့ နှစ်ယောက်ရဲ့ ခြေသလုံးလေးက ခင်ယုမေ ခြေသလုံးမျိုး သွယ်သွယ်လေး ဖြစ်သည်။

သူ အမြတ်ကတ်ပြီး သက်သက် ပြောခဲ့ခြင်း ဖြစ် သည်။

နေရာတကာ သူများကို နောက်လေ့ရှိသော သူမတို့ နှစ်ယောက် မျက်လုံးလေး ကလယ်ကလယ်နှင့် ...

"ညီလတ် ... ငါတို့ ခြေသလုံးတွေက တကယ် တင်းပုတ် နဲ့ တူလားဟင်"

"တူတာပေါ့၊ မယုံရင် နင်တို့အိမ်ရောက်ရင် မှန်ထဲမှာ ကြည့်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ပြဿနာက အပြန်မှာ စလေသည်။

ဖန်တီးသူက ပုလဲဖြူ ဖြစ်သည်။

အောင်ဖော့်ကို လှမ်းစရင်း ခွေးချေးပုံ တက်နင်းမိ

သည်။

"အမယ်လေး လုပ်ပါဦး၊ ခွေးချေးတွေ ပေကုန်ပြီ"

ခွေးချေး ပေနေသော ခြေထောက်တစ်ချောင်းကို

မြှောက်ပြီး ခုန်ဆွ ခုန်ဆွ ဖြစ်နေသော ပုလဲဖြူ ပုံစံကိုကြည့်ပြီး

အားလုံးက ဝိုင်းရယ်ကြသည်။

"နင်တို့ ရယ်မနေနဲ့၊ ရေရှာပေး၊ ရေရှာပေး"

ဘေးပတ်ဝန်းကျင်ကို ကြည့်မိတော့ အိမ်နှင့်တူတာ

မတွေ့။ သူတို့လာခဲ့သော ဖြတ်လမ်းက ကားလမ်းမကြီးတော်

လျှောက်ဖြစ်သည်။

"ကျောင်းရောက်တော့ ဆေးလေ"



"ဟာ ... ကျောင်းက ရေဘုံပိုင်က တစ်ခါတလေ ရေ

မလာတတ်ဘူး၊ ရေမလာတဲ့အခါနဲ့ကြုံရင် ဘယ်လိုလုပ်

မလဲ"

ကျောင်းတက်ချိန် နီးနေပြီဆိုသော အသိကြောင့်

တို့အားလုံး စိတ်ပျက်သွားသည်။

ခွေးချေးပုံ တစ်ပုံလုံး မတွေ့နိုင်သည့်အထိ ဖြစ်ရ

င် ပုလဲဖြူက အစအဆုံးနောက်သန်သည်။

"ဟော ... ဟိုမှာ ... အဆောက်အအုံတစ်ခု၊ အဲဒီမှာ ရေရှိ

မှာပါ"

တော်တော်ဝေးဝေးမှာ ရှိသည့် ဆောက်လက်စ

ာက်အအုံတစ်ခု။

ပုလဲဖြူက လှစ်ခနဲ အရှေ့က ပြေးထွက်သွား၍ ...။

တို့ သုံးယောက် အနောက်က မလိုက်၍ မရတော့။



www.burmeseclassic.com

www.burmeseclassic.com



ပြဿနာက အပြန်မှာ စလေသည်။

ဖန်တီးသူက ပုလဲဖြူ ဖြစ်သည်။

အောင်ဖော့ကို လှမ်းစရင်း ခွေးချေးပုံ တက်နင်းမိ

သည်။

"အမယ်လေး လုပ်ပါဦး၊ ခွေးချေးတွေ ပေကုန်ပြီ"

ခွေးချေး ပေနေသော ခြေထောက်တစ်ချောင်းကို

မြှောက်ပြီး ခုန်ဆွ ခုန်ဆွ ဖြစ်နေသော ပုလဲဖြူ ပုံစံကိုကြည့်ပြီး

အားလုံးက ဝိုင်းရယ်ကြသည်။

"နင်တို့ ရယ်မနေနဲ့၊ ရေရှာပေး၊ ရေရှာပေး"

ဘေးပတ်ဝန်းကျင်ကို ကြည့်မိတော့ အိမ်နှင့်တူတာ

မတွေ့။ သူတို့လာခဲ့သော ဖြတ်လမ်းက ကားလမ်းမကြီးတော်

လျှောက်ဖြစ်သည်။

"ကျောင်းရောက်တော့ ဆေးလေ"



"ဟာ ... ကျောင်းက ရေဘုံပိုင်က တစ်ခါတလေ ရေ

မလာတတ်ဘူး၊ ရေမလာတဲ့အခါနဲ့ကြုံရင် ဘယ်လိုလုပ်

မလဲ"

ကျောင်းတက်ချိန် နီးနေပြီဆိုသော အသိကြောင့်

တို့အားလုံး စိတ်ပျက်သွားသည်။

ခွေးချေးပုံ တစ်ပုံလုံး မတွေ့နိုင်သည့်အထိ ဖြစ်ရ

င် ပုလဲဖြူက အစအဆုံးနောက်သန်သည်။

"ဟော ... ဟိုမှာ ... အဆောက်အအုံတစ်ခု၊ အဲဒီမှာ ရေရှိ

မှာပါ"

တော်တော်ဝေးဝေးမှာ ရှိသည့် ဆောက်လက်စ

ောက်အအုံတစ်ခု။

ပုလဲဖြူက လှစ်ခနဲ အရှေ့က ပြေးထွက်သွား၍ ...။

တို့ သုံးယောက် အနောက်က မလိုက်၍ မရတော့။



www.burmeseclassic.com

www.burmeseclassic.com



ပြဿနာက အပြန်မှာ စလေသည်။

ဖန်တီးသူက ပုလဲဖြူ ဖြစ်သည်။

အောင်ဖော့ကို လှမ်းစရင်း ခွေးချေးပုံ တက်နင်းမိသည်။

"အမယ်လေး လုပ်ပါဦး၊ ခွေးချေးတွေ ပေကုန်ပြီ"

ခွေးချေး ပေနေသော ခြေထောက်တစ်ချောင်းကို မြှောက်ပြီး ခုန်ဆွ ခုန်ဆွ ဖြစ်နေသော ပုလဲဖြူ ပုံစံကိုကြည့်ပြီး အားလုံးက ဝိုင်းရယ်ကြသည်။

"နင်တို့ ရယ်မနေနဲ့၊ ရေရှာပေး၊ ရေရှာပေး"

ဘေးပတ်ဝန်းကျင်ကို ကြည့်မိတော့ အိမ်နှင့်တူတာ မတွေ့။ သူတို့လာခဲ့သော ဖြတ်လမ်းက ကားလမ်းမကြီးတော် လျှောက်ဖြစ်သည်။

"ကျောင်းရောက်တော့ ဆေးလေ"



"ဟာ ... ကျောင်းက ရေဘုံပိုင်က တစ်ခါတလေ ရေမလာတတ်ဘူး၊ ရေမလာတဲ့အခါနဲ့ကြုံရင် ဘယ်လိုလုပ်မလဲ"

ကျောင်းတက်ချိန် နီးနေပြီဆိုသော အသိကြောင့် ...တို့အားလုံး စိတ်ပျက်သွားသည်။

ခွေးချေးပုံ တစ်ပုံလုံး မတွေ့နိုင်သည့်အထိ ဖြစ်ရ...င် ပုလဲဖြူက အစအနောက်သန်သည်။

"ဟော ... ဟိုမှာ ... အဆောက်အအုံတစ်ခု၊ အဲဒီမှာ ရေရှိမှာပါ"

တော်တော်ဝေးဝေးမှာ ရှိသည့် ဆောက်လက်စ ...ာက်အအုံတစ်ခု။

ပုလဲဖြူက လှစ်ခနဲ အရှေ့က ပြေးထွက်သွား၍ ...။

...တို့ သုံးယောက် အနောက်က မလိုက်၍ မရတော့။

www.burmeseclassic.com



ချေးတိုးပေါက်မှတစ်ဆင့် ဦးစွာဝင်သူက အောင်ဇော်။

ပြီးတော့ ... သူ ...

သူဝင်သည့် အလှည့်မှာ ပုဆိုးစက သံချွန်နှင့်ငြိနေသည်။

"ဟာ ... ငါ့ပုဆိုးစကို မတက်နင်းနဲ့လေ"

သူ့နောက်က အသွင်ဖြူ ဖြစ်သည်။

အားလုံးက ချေးတိုးပေါက် ဆိုသည့်တိုင်း လေးဖက်ထောက်ဝင်ရသဖြင့် အသွင်ဖြူ တက်နင်းထားသည်ဟု သူ ထင်သည်။

"ငါ မတက်နင်းပါဘူး"

သူ "ဂုန်း"ခနဲ ဆောင့်ရုန်းလိုက်တော့ ပုဆိုးစတေ ပြဲထွက်သွားသည်။

"ဟာ ... ပြဲပြီ"





သူ့နောက်က အသွင်ဖြူကလည်း အပေါ်က သံစကာအစက ကျစ်ဆံမြီးနှင့် ငြိကာ ကျစ်ဆံမြီးက ပြေထွက်သွားသည်။

"ငါကတော့ ဘာမှမဖြစ်ဘူး"

ပုလဲဖြူက ဒီဘက်ရောက်သည်နှင့် ဝမ်းသာအားရ အော်ကာ လက်နှင့် မျက်နှာကို ပွတ်လိုက်သည်။

မြေနီမှုန့်များက ပုလဲဖြူ မျက်နှာပေါ်မှာ ပေကျံသည်။

အားလုံး ဒီပုံစံနှင့်ပင် အခန်းထဲ ရောက်လာသည်။

ပုလဲဖြူ နည်းတူ အင်္ကျီမှာပေကျံနေသော အောင်ဇော်။

ပုဆိုးပြဲနေသော သူ ...

ကျစ်ဆံမြီးတစ်ဖက်ပြေနှင့် အသွင်ဖြူ ...

ပေကျံနေသော မျက်နှာနှင့် ပုလဲဖြူ ...



www.burmeseclassic.com

www.burmeseclassic.com



သူတို့လေးယောက်၏ ပုံစံက ဆရာမဒေါ်သက်ကို မှိုမှိုင်းသွားလိုက်သည်။

ထို့အပြင် သူတို့ငှားလာသော စာအုပ်များကိုကြည့် ပြီး ဆရာမ ဆွေ့ဆွေ့ခုန်တော့သည်။

"မင်းတို့ကိုယ် မင်းတို့ Hight School Final ရောက်ပြီဆို တာနဲ့ လူကြီးဖြစ်ပြီလို့ ထင်နေပြီလား၊ ဒီအချစ်ဝတ္ထုတွေ ကို ဖတ်ရအောင် မင်းတို့က ဘာလဲ"

သူတို့လေးယောက်ရဲ့ ပြန်မဖြေရဲသလို၊ တုပ်တုပ် လည်း မလှုပ်ရဲ။

ဆရာမက သူတို့လေးယောက်ကို သေချာစွာကြည့် ပြီး ဒဏ်ပေးသည်။

"ဒီတစ်ချိန်ရော နောက်တစ်ချိန်ပါ နှစ်ချိန်လုံး မင်းတို့ အတန်းရှေ့မှာ ထွက်ပြီး မတ်တတ်ရပ်နေရမယ်"





စာအုပ်သွားငှားခြင်းရဲ့ရလဒ်။

ပုလဲဖြူ ခွေးချေး တက်နင်းမိ၍ ရေရှာရသည့် အကျိုးဆက်က စာသင်ချိန် နှစ်ချိန်လုံး အတန်းရှေ့မှာ မျက်နှာ ငယ်နှင့် လက်ပိုက်၍ မတ်တတ်ရပ်နေရခြင်းပင် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကားပျက်နေတယ် သားရေ၊ ဆိုက်ကားသာ ငှား

တော့"

ဘောက်ဆောကားရှေ့မှာ ကုန်းကုန်းကွကွနှင့်

ခေါင်းကို ဟိုနှိုက် ဒီနှိုက် လုပ်ရင်း အဖေက လှမ်းအော်တော

စိတ်ညစ်သွားသည်။

"အဖေကလည်း စောစောစီးစီးတော့ မပြောဘူး"

လွယ်အိတ်ပိုက်ပြီး သူ ထိုင်စောင့်နေတာ တော်

ကြာပြီ။

ပြန်ကောင်းသွားလိမ့်မည်ဟု ထင်ခဲ့သော သူ

လင့်ချက်က အလကား ဖြစ်သွားသည်။





"အဖေကလည်း ခါတိုင်းလို ပြန်ကောင်းသွားမယ် ထင်လို့ ပါကွာ ... ရော့ ... ရော့ ... ဆိုက်ကားခ ယူသွား"

"အဖေ့ကားကို ဓာတ်ဆီလောင်းပြီး မီးပုံသာ ရှို့လိုက်ပါ တော့"

ပြောပြီးသည်နှင့် အဖေ့ဒေါသ သူ့အပေါ် ရောက်

င် အမြန်ပြေးထွက်ခဲ့သည်။

တော်တော်ဒုက္ခပေးတဲ့ကား ...

ခဏခဏ ပျက်တတ်သော ဒီဘောက်ဆောကားကြီး

ဘာကြောင့် ဒီလောက်ကြိုက်နေမှန်း မသိ။

"ဦးလေး ... ဦးဖိနတောင်ခြေ သွားမယ်"

နောက်ဆုံးတော့ ဆိုက်ကားပဲ ငှားစီးရသည်။

သူ့ဘေးနားကနေ ကားတစ်စီး ဖြတ်မောင်းသွား

သူ လှမ်းကြည့်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ပုလဲဖြူတို့ကား ဆိုတာ သိလိုက်သည်။

ဒီဆိုက်ကားနှန်းနဲ့ ဆိုရင် သူ ကျိန်းသေပေါ
ကျောင်းနောက်ကျတော့မည်။

"ညီလတ် ... လိုက်မလား"

ပုလဲဖြူက ရှေ့ခပ်လှမ်းလှမ်းမှာ ကားရပ်ပြီး သူ့
စောင့်မေးရှာသည်။

ပုလဲဖြူ အောနားက အသွင်ဖြူက ဆီးထုပ်တစ်
ဖောက်စားရင်းက သူ့ကို ပုံစံမျိုးစုံနဲ့ ပြောင်ပြနေသည်။

နေဦး အသွင် ... နောက်မှ နင့်နားရွက်ကို လိမ်
ပြမယ်။

"လိုက်မယ်"

သူ ဟန်ဆောင်ပြီးတောင် မမူနိုင် ...

ကျောင်းနောက်ကျလျှင် အတန်းရှေ့မှာ ထွက်ရပ်
ရဦးမည်။





ကားရှေ့တံခါးကို ဖွင့်ပြီး ဝင်ထိုင်လိုက်သည်။

ကားနောက်ခန်းမှာက ပုလဲနှင့် အသွင်က ထိုင်နေ
သည်။

"နင်တို့ နှစ်ယောက်က အိမ်နီးလား"

"နီးနီးလေးပဲ"

ပုလဲနှင့် အသွင်၏ သံယောဇဉ်က အုံ့ဩဖို့ ကောင်း
သည်။

ဘယ်ကိစ္စမဆို နှစ်ဦးသား တူတူလုပ်လေ့ရှိသည်။
တစ်ယောက်တည်း ဘယ်တော့မှ မလုပ်တတ်။

အမှတ်က အမြဲတူနေ၍ အဆင့်လည်း အမြဲတူတူပဲ
ဖြစ်သည်။

"ညီလတ် ... နင့်ကို ပြောရဦးမယ်၊ နင့်မိဘတွေကို ငါ့
အမေက သိတယ်တဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား"

ပုလဲတို့ အိမ်က ကားဝပ်ရှော့ ထောင်ထားသည်။ မော်လမြိုင်မြို့မှာ နာမည်ကြီး ဝပ်ရှော့ဖြစ်သည်။

"နင့်အဖေနဲ့ ငါ့အဖေနဲ့က သူငယ်ချင်းတွေတဲ့"

ဟုတ်နိုင်ပါသည်။ သူ ... ရန်ကုန်မှာ ကြီးပြင်းခဲ့သော်လည်း ဖေဖေက မော်လမြိုင်ဇာတိဆိုတာ သူသိသည်။

သူကတော့ အခု ဖေဖေ အလုပ်ကိစ္စနှင့် မော်လမြိုင်ကို ပြန်ပြောင်းတော့မှ ရောက်ဖူးခြင်း ဖြစ်သည်။

အသွင်ရဲ့ အဖေကတော့ ပုလဲတို့ ဝပ်ရှော့က ကျွမ်းကျင်သော စက်ပြင်ဆရာ ဖြစ်သည်။

"ညီလတ် ... နင်ကို့အိမ်ကကား ဘာဖြစ်လို့လဲ"

"ပျက်ပြန်ပြီတဲ့ဟာ၊ ဘာဖြစ်မှန်းကို မသိဘူး"

"ငါတို့ဝပ်ရှော့ကို ပို့လိုက်လေ"





"အဖေ ဘယ်မှာပြင်လဲ မသိဘူး၊ အများအားဖြင့်တော့ သူ့ဘာသာသူ ပြင်တာပဲ၊ သူပြင်လိုက်၊ ကားပျက်လိုက် ပါပဲဟာ"

ပုလဲနှင့် အသွင်က အားရပါးရ ရယ်သည်။

မတူညီသော ဘဝတွေ ကြားထဲက တူညီနေသော သို့ရဲ့သံယောဇဉ်က ဖြူစင်ရိုးသားလွန်းလှသည်။

ထိုစဉ်က ပုလဲရဲ့ မိဘချင်း ရင်းနှီးနေသည်ဆိုသော ကျော်ကို သူ ဘာမှ လေးလေးနက်နက် မစဉ်းစားခဲ့ပါ။

လူတစ်ယောက်နှင့် တစ်ယောက် သိကျွမ်းနေသည် သော အချက်က သိပ်ပြီး အံ့ဩစရာမှ မဟုတ်တာ။



www.burmeseclassic.com

www.burmeseclassic.com



"အသွင် လာလေ ... ငါ ဒီမှာ"

သူမ ရှိနေသော အပေါ်ထပ်ကို အသွင်ဖြူက ပြေး

တက်လာသည်။

"နင် algebra ပုစ္ဆာတွေ တွက်ပြီးပြီလား၊ အဖြေတိုက်

အောင်"

"တိုက်မယ်လေ"

ဘာမဆို နှစ်ဦးသား တိုင်ပင်ပြီး လုပ်တတ်သော

အကျင့်က စွဲနေပြီ ဖြစ်သည်။

သူမတို့နှစ်ယောက်က ငယ်ငယ်လေးကတည်းက

သူငယ်ချင်း ဖြစ်သည်။





စာတော်တာချင်း တူသည်။

ပန်းကြိုက်တာချင်း ...

သူများ စနောက်တတ်တာချင်း အားလုံးတူသည်။

မတူတာဆို၍ သူမ မိဘများက ပြည့်စုံပြီး အသွင့်

မိဘများက ချို့တဲ့တာ ဒီတစ်ခုပဲ ရှိသည်။

"အသွင် ... ဒီမှာကြည့်စမ်း"

"ဟယ် ... ဖဲပြားလေးတွေ"

"ဟုတ်တယ် ... နင့်အတွက်လေ၊ ငါနဲ့ ဆင်တူပဲ"

သူမ ကျစ်ဆံမြီးစည်းသည့် ဖဲကြိုးလေးတွေ၊ ဖဲပြား

လေးတွေကအစ အသွင်ဖြူ အတွက် ထည့်ဝယ်လေ့ရှိသည်။

သူမ တစ်ယောက်တည်း ဒီလို ပြုမူလေ့ရှိသည်တော့

မဟုတ်။

အသွင်ဖြူ ကိုယ်တိုင်လည်း သူမအတွက် အမြဲထည့်

စဉ်းစားပေးလေ့ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့ အိမ်မှာ ငါးလေးအိုးကပ်ချက်တယ်၊ နင် ကြိုက်တယ် မဟုတ်လား၊ လိုက်စားနော်"

အသွင့်မေမေက ဟင်းချက်ကောင်းလွန်းလှသည်။

အစပ်အဟပ် တည့်တာမို့ အသွင့် အိမ်မှာဆို သူမ ထမင်းစား မြိန်လွန်းသည်။

"စားမယ်လေ"

အသွင့် အိမ်မှာ ထမင်းစားတော့လည်း နှစ်ယောက်သား တက်ညီလက်ညီ ဖြစ်သည်။

"နင့်အဖေနဲ့ ညီလတ် အဖေနဲ့က တော်တော်ခင်လားဟင်"

"အဖေကတော့ ခင်တယ်လို့ ပြောတာပဲ"

အဖေကသာ ညီလတ်အဖေနဲ့ အရမ်းခင်သည် ပြောသည်၊ အခုထိ ဘာအဆက်အသွယ်မှ မရှိ။

အသွင် ပြောမှ ညီလတ် မျက်နှာကို ပြေးမြင်မိသည်။





မြင့်မားသော အရပ်နှင့် သန့်စင်သော မျက်နှာကို ပိုင်ဆိုင်သလို အပြုံးကလည်း နွေးထွေးမှု ရှိလှသည်။

"ညီလတ်က ငါတို့ကို တော်တော်ခင်တယ်ဟ၊ ပြီးတော့ ဒီကောင်က တော်တော်ရိုးတယ်၊ နောက်လို့ ကောင်းတယ်ဟ"

ဟိုတစ်နေ့က ညီလတ် ကျောမှာ အသွင်က စာကပ်လွှတ်လိုက်သည်။

ညီလတ်က မသိဘဲ "ငပေါ"ဆိုသော စာတန်းကြီးနှင့်ပင် မုန့်သွားစားသည်။

သူမတို့နှစ်ယောက် အပေါ်ထပ်ကနေ ကြည့်ပြီး ရယ်နေကြသည်။

ညီလတ်က ဘာမှမသိရှာ၊ အောက်ကနေတောင် သူမတို့ နှစ်ယောက်ကို လက်ပြနေသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ညီလတ် သိသွားပြီး ဒေါသတကြီး ပြန်တက်လာချိန်မှာ သူမတို့နှစ်ယောက် ပုန်းနေကြသည်။

ကျောင်းတက်သွားတော့ ညီလတ် ဘာမှမလုပ်နိုင်တော့။ နောက်ဆုံးတော့လည်း သူမတို့၏ "တောင်းပန်ပါတယ်" စာတစ်ကြောင်းနဲ့ပဲ ညီလတ် ကျေနပ်ရရှာသည်။

"ပုလဲ ... ငါပြောတာ ကြားလား၊ ဘာစဉ်းစားနေတာလဲ"

"နင် ... ညီလတ် အကြောင်းပြောတော့ ဟိုတစ်နေ့က ဒီကောင် ခံလိုက်ရတာကို ပြန်သတိရလို့ ဟား ဟား ဟား"

"ငါ တစ်ခု စဉ်းစားမိတယ် ပုလဲ၊ ငါတို့နှစ်ယောက် အမြဲတမ်း ဒီလို နေနိုင်ပါ့လား မသိဘူးနော်"

အသွင် စဉ်းစားသလို သူမ တစ်ခါမှ မစဉ်းစားဘူးပါ။ ဘဝ ဆိုတာကို ဒီလောက် လေးလေးနက်နက်ကြီး စဉ်းစားစရာ မလိုဟု ထင်သည်။





"ဘာလို့ မနေနိုင်ရမှာလဲ၊ နင်ကလည်း အဓိပ္ပာယ်မရှိတာ"

အသွင် ဘာကို စဉ်းစား၍ ပြောလည်း သူမ သိပါ။ သို့သော် အသွင် ပြောသလိုမျိုးတော့ သူမလည်း မဖြစ်စေချင်ပါ။

"ဘဝဆိုတာ ဒီအတိုင်း သွားရင်တော့ တစ်မျိုးပေါ့ဟာ"

အသွင်သည် အခုတလော ဘဝနှင့်ဆိုင်သော စကားများကို သိပ်ပြောလာသည်။

အသွင် အားငယ်သည်ဆိုလည်း၊ သူမ အားပေးရမှာပေါ့။

"ဘဝမှာ ဘာပဲဖြစ်ဖြစ်ပေါ့ဟာ၊ နင်ဟာ ငါ့ရဲ့ အမြဲတမ်း အမြဲတမ်း အချစ်ဆုံး သူငယ်ချင်းပဲ"

ဒီတော့မှ အသွင့် မျက်နှာလေးက လင်းလက်လာသည်။

"နင်ကလည်း ငါ့ရဲ့ အချစ်ဆုံး သူငယ်ချင်းပါ"

www.burmeseclassic.com

www.burmeseclassic.com



"ငါ တစ်ခု စဉ်းစားထားတာရှိတယ်"

"ဘာလဲ ပြောလေ"

"ဟိုတစ်နေ့က ဖေဖေနဲ့ မေမေ မင်္ဂလာဆောင်တုန်း

ဓာတ်ပုံတွေ ပြန်ကြည့်မိတော့၊ တစ်ခုစဉ်းစားမိတယ်၊

တို့နှစ်ယောက် ဘယ်သူပဲ အရင်လက်ထပ်ထပ် ကျန်တဲ့

ယောက်က သတို့သမီးအရန် လုပ်ရမယ်"

"ဟား ... ဟား ... ဟား ..."

အသွင် အားရပါးရ ရယ်တော့ သူမ ရှက်သွားသည်။

"ဘာရယ်တာလဲ"

အသွင် ရယ်လျှင် မျက်ဝန်းတွေပါ ရယ်တတ်

သူမ သိပ်သဘောကျသည်။

"နင်က လက်ထပ်ဖို့တောင် တွေးနေပြီလား၊ ဘယ်သူနဲ့

"ကြည့်စမ်း ... အသွင်စုတ်၊ ငါက ဥပမာ ပြောတာ

ဥပမာ ပြောတာ"





အခုမှ အသွင် ရယ်ရခြင်း၏ အဓိပ္ပာယ်ကို သူမ

သည်သွားသည်။

သူမ ရှက်ရွံ့စွာ အသွင့်ဆီ ပြေးသွားတော့ အသွင်

အိမ်ပေါ်က ပြေးဆင်းသွားသည်။

သူမက အသွင့်နောက်က ပြေးလိုက်သည်။

အို ... အသွင့် ရယ်သံကို သူမ ရှက်လိုက်တာ



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့ ကျောင်းဆင်းတော့ ညီလတ်က

အိမ်ကို တန်းမပြန်။

"ငါ သူငယ်ချင်းတွေနဲ့ ဘောလုံးသွားကန်မလို့ အဲဒါ

အိမ်ကို ငါ နောက်ကျမယ်လို့ ဝင်ပြောပေးပါလား"

သူမမှာ မုန့်ဖိုးကုန်သွား၍ နေ့လယ်က ညီလတ်ဆီက

ပိုက်ဆံချေးသည်။ ညီလတ်က မချေး။

"မချေးနိုင်ဘူး၊ ငါတောင် ညနေကျရင် ဘောလုံးကန်ဖို့

ပိုက်ဆံလိုနေတာ၊ နင် ရှိရင်တောင် ငါ့ကို ပြန်ချေးလိုက်

ဦး"





အဲဒီဘောလုံး၊ ဘောလုံးပဲ။

အခုတလော ညီလတ် ဘာရှုန်ထမှန်းမသိ။ဘောလုံး

ကို အသေလဲ ဖက်တွယ်ကစားသည်။

နေ့လယ်ထမင်းစားချိန်ရောက်လျှင်လည်း ငါးမိနစ်

အတွင်း ထမင်းကို အမြန်စားပြီး ကစားကွင်းမှာ ဘောလုံးသွား

ကန်သည်။

ညနေကျလျှင်လည်း ဘောလုံးကန်ပြန်သည်။

အခု အဆင့်တက်သွားသည်။ ဘောလုံးကို ပိုက်ဆံ

ကြေးကန်သည်တဲ့ ...။

ညီလတ် မုန့်တောင် မစားတော့။

"ညီလတ် ... ညီလတ်"

သူမရော အသွင်ပါ ခေါ်သော်လည်း လှည့်မကြည့်

ဘဲ၊ ကစားကွင်းဘက်ကို တစ်ရှိန်တည်း ပြေးထွက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီကောင် သက်သက်လုပ်တာ"

သူမ မကျေမနပ်နှင့် ခြေဆောင့်မိစဉ် အသွင်က အစီအစဉ်တစ်ခု တင်ပြသည်။

"ပုလဲ ... ဒီလို လုပ်ရအောင်"

အသွင်သည် ဖြတ်ထိုးဉာဏ်၌ သူမထက် သာလွန်သည်။

အခုလည်း အသွင် တင်ပြသော အစီအစဉ်ကို သူမ သဘောတကျပင် လက်ခံလိုက်သည်။

ညီလတ် ငါတို့ကို ပိုက်ဆံမချေးတဲ့အတွက် ...

ငါတို့ကို ဂရုမစိုက်တဲ့အတွက် နင်နာပြီသာ မှတ်တော့။

ညီလတ်တို့ အိမ်ကို သူမတို့နှစ်ယောက် ရောက်လာကြသည်။





ညီလတ်တို့အိမ်ကို အရှေ့ကနေသာ ဖြတ်ဖူးသည်။ အိမ်ထဲ တစ်ခါမှ မဝင်ဘူး။

အခု ရောက်လာခြင်းကလည်း အကောင်းတော့ မဟုတ်။

"သမီးတို့ ဘာကိစ္စရှိလို့လဲကွယ်"

အိမ်ပေါက်ဝမှာ သူမတို့ ခြေချမိရုံ ရှိသေးသည်၊ အမျိုးသမီးကြီးတစ်ဦး ထွက်လာပြီး မေးသည်။

"သမီးတို့က ညီလတ် အခန်းထဲကပါ အန်တီ၊ အန်တီက ညီလတ် အမေလားဟင်"

အမျိုးသမီးကြီးက ညီလတ်နှင့် ရုပ်တော်တော်တူသဖြင့် သူမ အတည်ပေါက် ဖမ်းမေးလိုက်သည်။

"ဟုတ်တယ်၊ ဟုတ်တယ်"

ညီလတ် အမေက သူမတို့နှစ်ယောက်ကို အိမ်ထဲခေါ်ပြီး ကော်ဖီတိုက်၊ မုန့်တွေကျွေးရင်း ဧည့်ခံသည်။



www.burmeseclassic.com

www.burmeseclassic.com



"သမီးတို့က ညီလတ် သူငယ်ချင်းတွေလား"

"ဟုတ်ပါတယ် အန်တီ၊ ညီလတ် ကျောင်းမတက်တာ သုံးရက်ရှိပြီ၊ ဘာများ ဖြစ်လို့လဲဟင်"

အသွင်တို့များ သူများကို ချောက်ချရမယ်ဆို မှ တောင်သီးသည်။

"ဘာမှ မဖြစ်ပါဘူး၊ သူ နေ့တိုင်း ကျောင်းသွားတာ"

ညီလတ် အမေ ဇဝေဇဝါနှင့် မျက်မှောင်ကုတ်သွား သည်။

"ကျောင်းလည်း မလာဘူး၊ ဆရာက စိတ်ပူလို့ ဘာများ ဖြစ်နေလဲဆိုပြီး သမီးတို့ကို လာကြည့်ခိုင်းတာ"

လူကြီးကို စိတ်ညစ်အောင် လုပ်ရတာ ကောင်းလေ မကောင်း၊ ဒါပေမဲ့ ညီလတ်ကို ပညာပြချင်တာကြောင့် သူမ ခပ်တည်တည်နှင့် ဆက်ပြောလိုက်သည်။





"ဒုက္ခပါပဲ၊ ဒီကောင်လေး ဘယ်များသွားနေလဲ မသိဘူး၊ ကျောင်းကတော့ နေ့တိုင်းသွားနေတာပဲ၊ မနက်ကတောင် နောက်ကျလို့ဆိုပြီး ထမင်းချိုင့် မယူသွားဘူး၊ သူ့အဖေသိ ရင်တော့ မိုးမီးလောင်တော့မှာပဲ"

ညီလတ် အမေက တော်တော် စိတ်ပူသွားပုံရသည်။ သူမက အသွင်နှင့် အချင်းချင်းပြောသည့် ပုံစံမျိုးနှင့် ...

"အသွင် ... ဟိုဘက်ထိပ်မှာ ဘောလုံးကန်နေတဲ့ ကောင် လေးတွေရှိတယ်၊ အဲဒီမှာ ညီလတ်များ ပါသလား မသိဘူး၊ ညီလတ်နဲ့တူတဲ့ ကောင်လေးတစ်ယောက်တော့ ငါ တွေ့ လိုက်တယ်"

"ဟုတ်လား ... ငါ သတိမထားမိဘူး"

အမှန်က ညီလတ် အမေ စိတ်မပူအောင် ပြောလိုက်ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်မယ် ... ဟုတ်မယ် ... ဒီကောင်လေး အခုတ
ဘောလုံးသိပ်ကန်တယ်၊ မနေ့ကလည်း ဘောလုံးတစ်
ဝယ်လာတာ တွေ့တယ်၊ ကျောင်းမတက်ဘဲ ဘောလုံး
ကန်နေတာ ဖြစ်မယ်"

ဒီလောက်ဆို လုံလောက်ပြီ။

ညီလတ်တော့ ဒုက္ခလှလှ တွေ့ပြီ။

"ဒါဆိုရင်လည်း သမီးတို့ကို ခွင့်ပြုပါဦး အန်တီ"

"အေးကွယ်၊ အခုလို အသိလာပေးတာ ကျေးဇူးပါ
စိတ်ချ မနက်ဖြန် ကျောင်းတက်ပါမယ်လို့ ဆရာကို ပြော
ပေးနော် သမီး၊ ဒီကောင် သိမယ် ... ဘောလုံး ပါရဲ့ပါလ
ကြည့်၊ အဲဒီဘောလုံးကို ဖောက်ပစ်မယ်"

သူမတို့ နှစ်ယောက် ရယ်ချင်စိတ်ကို ထိန်းပြီး
အမြန်ပြန်လာကြသည်။



ညီလတ်တို့ လမ်းထိပ်ရောက်တော့ ညီလတ်နဲ့တန်း
တိုးသည်။

လွယ်အိတ်ကို စလွယ်သိုင်း၊ ဘောလုံးပိုက်ပြီးပြန်လာ
သော ညီလတ်ကို ရုတ်တရက် မြင်လိုက်ရတော့ သူမတို့နှစ်
ယောက် အရမ်းလန့်သွားသည်။

"ညီလတ် ... နင် ဘောလုံး သွားမကန်ဘူးလား"

"လူမညီတာနဲ့ မကန်ဖြစ်ပါဘူးဟာ"

ဘောလုံး မကန်ဖြစ်တာပဲ ကမ္ဘာပျက်သလို ညီလတ်
ဘာ ခံစားနေလား မသိ။

"နင်တို့ ငါ့အိမ်က ပြန်လာတာလား"

ညီလတ် သဘောရိုးနှင့် မေးသော်လည်း သူမတို့
နှစ်ယောက်က မလုံမလဲ ဖြစ်သွားသည်။

"ဟုတ်တယ် ... နင့်အိမ်က ပြန်လာတာ၊ နင် ပြေးခိုင်း
တာ သွားပြောတာလေ"

www.burmeseclassic.com

www.burmeseclassic.com



အသွင်က မှင်သေပါသည်။ ဟန်မပျက် ဆက်ဖြေ

နိုင်သည်။

"ကျေးဇူးပါပဲဟာ"

ညီလတ် သူမတို့နှစ်ယောက်ကို ကျေးဇူးတင်သွား

သေးသည်။

"ပြန်တော့မယ်၊ တနင်္လာနေ့မှ တွေ့မယ်၊ ဟုတ်ပြီလား"

ညီလတ်ကို နှုတ်ဆက်ပြီး သူမတို့ နှစ်ယော

သုတ်ခြေတင်လာကြသည်။

ဘောလုံးပိုက်ပြီး ပြန်သွားသော ညီလတ်အ

ပွဲကြီးပွဲကောင်းနှင့် ရင်ဆိုင်ရဦးမည်။

❀ ❀





ဒီနေ့ ပထမဦးဆုံး အချိန်မှာ ဆရာက စာမသင်၊

အင်္ဂလိပ်ဝေါဟာရ စိုးအောင်ဆိုပြီး ဝတ္ထုတစ်ပုဒ် ဖတ်ပြသည်။

ဆရာ ဝတ္ထုဖတ်ပြလျှင် တစ်တန်းလုံး သဘောကျ

ကြသည်။

အသံနေ အသံထားနှင့် ဖတ်ပြလိုက်၊ အမူအရာနှင့်

လုပ်ပြလိုက် ဖြစ်သဖြင့် ပြဇာတ်တစ်ပုဒ် ကြည့်နေရသလို ကြည့်

ကောင်းလှသည်။

ဒီနေ့ ဖတ်ပြသည့် အကြောင်းအရာက ဒရက်ကူလာ

အကြောင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒရက်ကုလာ အကြောင်းဆို သူမ စိတ်ဝင်စားသော
လည်း ကြောက်ရွံ့လှသည်။

အားလုံးကလည်း ဆရာ ပြောပြသော ဒရက်ကုလာ
အကြောင်းကို မျက်လုံးအပြူးသား၊ အကြောက်သားနှင့် နားထောင်
နေကြသည်။

သူမလည်း ရင်တထိတ်ထိတ်နှင့် နားထောင်နေတုန်း
ဆရာက အမူအရာနှင့် ပြောသည်။

"အဲဒီလို အနစ်နစ် အလလက ပိတ်ထားတဲ့ အခေါင်း
အဖုံးကိုလည်း ဖွင့်လိုက်တာနဲ့ ဒရက်ကုလာလည်း ဖြန်း
ရှင်သန်နိုးထလာတယ်"

အဲဒီ အချိန်မှာပဲ လက်တစ်ဖက်က သူမလည်
ကို လာထိသည်။

ဒရက်ကုလာကို ကြောက်လန့်တကြားနှင့် စိတ်
စားနေသော သူမက ထိတ်လန့်စွာ အော်ဟစ်မိသည်။





"အား"

ရင် တလှပ်လှပ်နှင့် ကြောက်သွားသည်မှာ ပြောစရာ

သူမ လည်ပင်းကို လာထိသည်က အသွင့်လက်
သည်။

သူမ ကြောက်နေမှန်းသိ၍ တမင်သက်သက် ခြောက်
ခြင်း ဖြစ်သည်။

သူမအသံက တော်တော် ကျယ်သွားတာကြောင့်
ဆရာက စာဖတ်တာ ရပ်လိုက်သည်။

ချက်ချင်းပင် ဆရာက သူတို့ဆီကို Duster နှင့်
ပစ်သည်။ Duster ပျံက အသွင် ခေါင်းကို "ဗွမ်"ခနဲ
သည်။

"အရှေ့ဆုံးမှာနေပြီး ကောင်းကောင်းနေ၊ သူများကို စမနေ
နဲ့ ... နောက်တစ်ခါဆိုရင် ကြိမ်လုံးလာမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဆရာက စာဖတ်ပျက်သွား၍ အနေခ့်အယှက် ဖြစ်သွားပုံရသည်။

အသွင် ငြိမ်ကုတ်သွားသဲည်။

သူမ စိတ်မကောင်း ဖြစ်သွားသည်။

သူမ အော်လိုက်၍ အသွင် အဆူခံရတာ ဖြစ်သည်။

"ကောင်းတယ်"

အသံက စီပီသသကြီး ထွက်လာသည်။

လှည့်ကြည့်စရာမလို၊ ညီလတ် ဖြစ်သည်။

ချွေးကောင် နေနှင့်ဦး၊ အသွင့်ကိုများ ပြောရက်သည်။

သူ အိမ်မှာ အဆူခံရသည့် ကိစ္စအတွက် သူမတို့ အပေါ် အခဲကျေပုံမတူသေး။





"စာမေးပွဲနီးနေပြီနော် ... စာကြိုးစားကြတော့၊ နောက်နေ ပြောင်နေရမဲ့ အချိန် မဟုတ်တော့ဘူး၊ နောက်ဆုံးအနေနဲ့ ရှေ့တစ်ပတ်ကျရင် အားကစားပြိုင်ပွဲ ကျင်းပမယ်၊ ကစားချင်တဲ့သူတွေ သက်ဆိုင်ရာ အသင်းမော်နီတာဆီမှာ နာမည် စာရင်းပေးထား"

အသင်းက လေးသင်းရှိပြီး Green, Red, Blue, Yellow တို့ ဖြစ်ကြသည်။

ဘယ်ပြောကောင်းမလဲ၊ ခုနက ဆရာဆုတာတွေမေ့ ရှာပြီး နာမည်စာရင်းများတွင် သူမတို့နှစ်ယောက် နာမည်က ထိပ်ဆုံးက ဖြစ်နေသည်။

ကစားနည်းတွေ ဘာတွေကို ခွဲတမ်းချတော့ သူမ နှစ်ယောက်စလုံးက ထုတ်ဆီးတိုးတမ်းကစားနည်းမှာ ပါဝင်ရ သည်။ သူမတို့နှင့် ယှဉ်ပြိုင်ရမည့် တစ်ဖက်အသင်းခေါင်းဆောင် နာမည်ကို တွေ့တော့ သူမ မျက်လုံးပြူးသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ညီလတ် ...။ သြော် ... သူက ဘောလုံးပဲ ကစား တတ်သည့် အပြင် ထုတ်ဆီးလည်း တိုးတတ်သေးသည်ပေါ့။

သူမတို့ မိန်းကလေးအဖွဲ့နှင့် ညီလတ်တို့ ယောက်ျား လေးအဖွဲ့ ယှဉ်ပြိုင်ရမည် ဖြစ်သည်။

ညီလတ် လက်ဖဲ့ရှည်ကြီးကို မြင်ယောင်ပြော စိတ်ညစ်သွားသည်။

"ဟဲ့ ... ပုလဲ ... ညီလတ်တားတဲ့ ခေါင်စည်းကို ကျော် နိုင်ပါ့မလား"

အသွင်ကလည်း သူမနည်းတူ စိတ်ပူပုံရသည်။

အရပ်ကြီး ကလန်ကလား၊ လက်တံကရှည်ရှည် အဲဒီ ညီလတ်ကလေ ဘာဖြစ်လို့ ဒီကစားနည်းကိုမှ ရွေးရတာလဲ မသိ။

"ဘာကို မနိုင်ရမှာလဲ၊ သူက ဒီကျောင်းကို ဒီနှစ်မှပြောင်း





လာတာ၊ ငါတို့က နှစ်တိုင်းကစားပြီး နိုင်နေကျ၊ သူ့ကို ရှုံးရမယ်ဆိုတာ ရာဇဝင်မရှိဘူး"

ပြောသာ ပြောရသည်။ သူမလည်း စိုးရိမ်သည်။

"ဟိတ် ... အသွင်နဲ့ ပုလဲ ဘာလုပ်နေတာလဲ"

သူမတို့နားသို့ ညီလတ်က စပ်ဖြဲဖြဲ မျက်နှာလေးနှင့် ရောက်လာသည်။

"ဘာလဲ"

"နင်တို့ကို ပြောစရာရှိတယ်"

"ဘာပြောမှာလဲ"

"နင်က Red အသင်း ခေါင်းဆောင် မဟုတ်လား"

"အေးလေ ... အဲဒါ ဘာဖြစ်လဲ"

ညီလတ်က ချက်ချင်းမပြော။ ခေါင်းကုတ်ရင်း ပြုံးစစ လုပ်နေသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါက Blue အသင်း ခေါင်းဆောင်လေဟာ"

"သိပါတယ် ... မကြွားပါနဲ့"

"ညီလတ်ကလေ တစ်ခါတလေကျရင် အကြောင်းကြောင်းနဲ့ ဘာမှန်းကို မသိဘူး"

"ငါ အကောင်းပြောတာ၊ ငါတို့ အသင်းထဲမှာပါတဲ့ကောင်တွေက ပြောတယ်ဟ၊ နင်တို့ကို နိုင်ဖို့ အပြတ်အသတ် ကစားမယ်တဲ့"

"ကစားပေါ့ ... ငါတို့ကလည်း ကြိုးစားပြီး ကစားမှာပါ မပူပါနဲ့"

အခု ညီလတ် အသင်းမှာပါသည့် ကျောင်းသားတွေက ဖိုက်တာချည်းပဲဆိုတာ တွေးမိတော့ သူမ ကျော စိမ့် သွားသည်။

သူမတို့အသင်း နိုင်ပါ့မလား။





"အဲဒါ ခက်တာပေါ့၊ ငါက ကစားချင်တာ မဟုတ်ဘူး၊ ဆရာက အတင်းကစားခိုင်းလို့သာ ပါရတာ၊ မကစားချင်ဘူး၊ ပြီးတော့ နင်တို့အသင်းကို နိုင်စေချင်တယ်"

ညီလတ် ပုံစံက ဒီကစားနည်းမှာ ပါရမှာကို စိတ်ပျက်နေသည့်ပုံ ဖြစ်သည်။

"နင်တို့ အသင်းက နှစ်တိုင်း နိုင်နေကျလေ၊ ဒီနှစ် ငါ ရောက်လာတဲ့နှစ်ကျမှ နင်တို့ ရှုံးတယ်ဆိုရင် ငါ ဘယ် စိတ်ကောင်းမှာလဲ"

ဒီလိုဆိုတော့လည်း ညီလတ်က သူမတို့အပေါ် စာနာနာ တွေးတတ်သားပဲ။

"ငါ့အတွက်က ရှုံးရှုံးနိုင်နိုင် ကိစ္စမရှိဘူး၊ ဒီကစားနည်းလည်း ငါ စိတ်မဝင်စားဘူး၊ ငါ စိတ်ဝင်စားတာက ဘောလုံးပွဲ၊ ဒီတော့ ငါ တစ်ခု စဉ်းစားမိတယ် သိလား"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲဟင်"

ညီလတ်၏ စိတ်ကူးကို သူမရော အသွင်ပါ စိတ်ဝင်စားသွားသည်။

"နင်တို့နှစ်ယောက် ကျန်တဲ့ကောင်တွေရဲ့စည်းကို ကျော် နိုင်အောင်လုပ်၊ ငါ့စည်းကျရင် မမိချင်ယောင်ဆောင်ပြီး နင့်ကို လွှတ်ပေးမယ်"

"တကယ်"

ကြည့်စမ်း … ညီလတ်၏ စေတနာအစစ်ကို တွေ့ ရှိခဲ့ပြီ။ သူမတို့နှစ်ယောက်လုံး ပျော်သွားသည်။

ဒီကစားနည်းက စည်းတစ်စည်းမှာ တစ်ယောက် သာ ထားနိုင်သည်မို့ သူမလည်း ခေါင်းလူကြီး၊ ညီလတ်လည်း ခေါင်းလူကြီး၊ ညီလတ် လွှတ်ပေးလျှင် သူမ နိုင်ပြီပေါ့။

"တကယ်ပေါ့ … ဒါပေမဲ့ ဒီအတိုင်းတော့ မရဘူး၊ ဘောလုံး နှစ်လုံး ဝယ်ပေးရမယ်"





ကဲ … သူမတို့က ညီလတ် စေတနာ ကောင်းသည် အပြီး ချီးကျူးရုံ ရှိသေးသည်။

သူက ဖွဲဖောက်ပြီ …

"နင်တို့ သိပါတယ်၊ နင်တို့ ငါ့အိမ်မှာ မွှေသွားတာ၊ အမေက ငါ့ဘောလုံးကို ဖောက်ပစ်လိုက်တယ်၊ အခု ငါ့ မှာ ဘောလုံးမရှိဘူး၊ ဒီတော့ နင်တို့နှစ်ယောက် အလျော် ပြန်ပေးမှရမယ်"

"နင်က ခေါက်ဆွဲ စားတာလား"

ညီလတ် အလျော့ပေးတာက အပေးအယူနှင့် ဖြစ် သည်။

"အဲဒီလို မဟုတ်ပါဘူးဟာ၊ ငါက နင်တို့ကို နိုင်စေချင် တာ စေတနာ အမှန်ပါ၊ ပြီးတော့ ငါ့ဘောလုံး အဖောက် ခံရတာလည်း နင်တို့စနက် မကင်းဘူးလေ"



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်တော့လည်း ဟုတ်သည်။ သူမတို့ အပြ

အများကြီးပါသည်။ ညီလတ် ဘောလုံးမကန်နိုင်တာ တော်တော်

ကြာပြီဖြစ်သည်။

"ဘောလုံးက နှစ်လုံးတောင်လား"

"ဟုတ်တယ်လေ ... တစ်လုံးက အရင်း၊ နောက်တစ်လုံးက

အတိုးပေါ့"

သူမတို့အသင်း နိုင်မည်ဆိုလျှင် ဘောလုံးနှစ်လုံးဖို

ဘာအရေးလဲ။

"အသွင် ... ဘယ်လိုလဲ"

"ပုလဲ သဘောလေ"

အသွင်ကလည်း အနိုင်ရဖို့သာ အရေးထားသည်

အောင်နိုင်မှုဆိုတာ တွေးမိတော့ ပီတိငြိမ့်ငြိမ့်

ပေါ့။





"ပေးလေ"

ညီလတ်က သူမရှေ့မှာ လက်ဖြန့်သည်။

သူမက ဘောလုံးနှစ်လုံးစာ တန်ဖိုးအတိအကျပင်

ညီလတ် လက်ထဲ ထည့်ပေးလိုက်သည်။

"ကျေးဇူးပဲ"

ပိုက်ဆံရသည်နှင့် ညီလတ်က ခုန်ပေါက်ပြီး ပြေး

ထွက်သွားသည်။

ရက်တော်တော်များများတော့ မှန့်ငတ်ဦးမည်။

ဒီလိုနဲ့ပဲ ပြိုင်ပွဲစတင်မည့်ရက်ကို ရောက်လာခဲ့သည်။

သူမတို့ Red အသင်းက အကျီအဖြူနှင့် ဘောင်းဘီ

အနီကို ဝတ်ဆင်ရပြီး ညီလတ်တို့ အသင်းက အကျီအဖြူနှင့်

ဘောင်းဘီအပြာကို ဝတ်ဆင်ရသည်။

ပြိုင်ပွဲစပြီ ...



www.burmeseclassic.com

www.burmeseclassic.com



ညီလတ် လက်ကို ပုတ်ပြီးတာနှင့် ထိပ်ဆုံးစည်းကို ကျော်လိုက်သည်။

သူမနောက်က အသင်းသားအားလုံး တစ်ယောက်ပြီးတစ်ယောက် ဝင်လာကြသည်။

တစ်စည်းကို တစ်ယောက်မို့ နောက်ဆုံးစည်းကနေ သူမ လွတ်လွတ်ကျွတ်ကျွတ် ပြန်ထွက်လာနိုင်သည်။

ရှေ့ဆုံးက ခေါင်စည်းကို ပြန်ကျော်နိုင်လျှင်လွတ်ပြီ။

ရှေ့ဆုံးက ခေါင်စည်းမှာ သူမကို ပြန်စောင့်ဖမ်းသည်က ညီလတ် ဖြစ်သည်။

ညီလတ်က သူ့ကတိအတိုင်း သူမကို မမိချင်ယောင်ဆောင်ပြီး လွတ်ပေးလိမ့်မည်။

ဟိုဘက်တိုးလိုက်၊ ဒီဘက်တိုးလိုက်နှင့် သူမ တမင်ဆောင်ပြီး တိုးနေလိုက်သေးသည်။





ကြည့်နေသူတွေ ယုံကြည်ဖို့ ဟန်ဆောင်မှုဆိုတာ လိုသေးသည်။

သူမ ညီလတ်ကို မျက်လုံးတစ်ဖက် မှိတ်ပြပြီး ခေါင်းစည်းကို လှစ်ခနဲ ကျော်ဖြတ်လိုက်သည်။

ခဏလေး ... ခဏလေးပါပဲ။

သူမ၏ လက်တစ်ဖက်ကို ညီလတ်က ဖျတ်ခနဲ ဆွဲဖမ်းလိုက်သည်။

သူမသည် အံ့အားသင့်စွာ၊ မှင်သက်စွာ၊ မယုံကြည်နိုင်စွာ ညီလတ်ကို ကြည့်မိသည်။

"နိုင်ပြီ"ဟု ကျိန်းသေ တွေးထားသော အတွေးသည် ဘာရှိစွာ ထွက်ပြေးသွားသည်။

"Blue ကွ Blue"

အော်ဟစ် အားပေးသံများက တစ်ကွင်းလုံး အပြည့် ညံသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ရုက်စွဲ့မှုနှင့်အတူ ဒေါသက ဆူဝေတက်လာသည်။

ညီလတ်က သူမလက်ကို လွှတ်ပေးပြီး နိုင်နိုင်ခံ

ပြုံးသည်။

သူမ ဘာပြောရမှန်း မသိအောင် ကြောင်အနေဆဲပင်

ညီလတ်က လှမ်းပြောသည်။

"အကြွေးဆိုတာ ယူပြီးရင် ပြန်ဆပ်ရမယ် ပုလဲရဲ့ မှတ်ထား"



"ပုလဲရေ ... ပုလဲ ... ဒီမှာ ဘာဟင်းပါလာလဲ မှန်းကြည့်စမ်း"

ပုလဲတို့အိမ် လှေကားထစ် အပေါ်ဆုံးကို ရောက်သည်နှင့် သူမ ခြေလှမ်းက ရပ်တန့်သွားသည်။

ညှော်သည်တွေ ရောက်နေသည်ပဲ။

ပုလဲကို ဆက်အော်ခေါ်မည့် အစီအစဉ်ကို ဖျက်လိုက်သည်။ သို့သော်လည်း ပုလဲက သူမကို မြင်ပါသည်။ ချက်ချင်း ထလာသည်။

"အသွင် လာလေ"





www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... နင့်အတွက် ဟင်းလာပို့တာ"

အဖေ့ဆီ ထမင်းပို့ရင်း ပုလဲ အတွက်ပါ ဝင်ပို့ခြင်း ဖြစ်သည်။ ပုလဲက သူမကို လန်းဆန်းရွှင်ပျစွာ ဖိတ်ခေါ်သည်။

"အသွင် ... ဘယ်သူတွေလဲ ကြည့်စမ်း"

ဧည့်သည်တွေကြားမှာ ညီလတ်ကိုပါ တွေ့လိုက်ရသဖြင့် သူမ အံ့အားသင့်သွားသည်။

"ညီလတ်ရဲ့ မိဘတွေလေ"

"ဩော်"

ပုလဲမိဘတွေနှင့် ညီလတ် မိဘတွေက သူငယ်ချင်းဟောင်းတွေဆိုတာ ပုလဲ တစ်ခါပြောဖူးသည်။

"ဘာဟင်းလဲဟင်"

"ငါးအိုးကပ်လေ"

ပုလဲ ကြိုက်တတ်သော ဟင်းဆိုလျှင် သူမ မမေ့မလျော့ လာပို့နေကျ ဖြစ်သည်။





"အိုကေ ... ရှယ်ပဲ ... ညီလတ်ရေ လာပါဦး၊ ဒီမှာ ဘယ်သူရောက်နေလဲ၊ ကြည့်စမ်း"

ညီလတ်က ပုလဲ မိဘတွေရှေ့မှာကျတော့ တည်ငြိမ်သော လူငယ်တစ်ယောက်အသွင်နှင့် စကားပြောနေနိုင်သည်။

သူမကိုမြင်တော့ ... ညီလတ်က ထလာပြီး နှုတ်ဆက်သည်။

"အသွင် ... ငါ အခုပဲ နင်မလာလို့ ပုလဲကို မေးနေတာ၊ ဘာတွေ လာပို့တာလဲ"

"ငါးအိုးကပ်ပါ ... ပုလဲ အကြိုက်လေ"

"နင်တို့ သူငယ်ချင်းနှစ်ယောက်က တော်တော်စည်းရုံးတယ်နော်"

"ငါတို့နှစ်ယောက်က နင့်လို ကလိမ်ကကျစ် မနိုင်ဘူးသိလား"



www.burmeseclassic.com

www.burmeseclassic.com



ထုတ်ဆီးတိုးတမ်း ကစားသည့်ပွဲမှာ ရှုံးနိမ့်ခဲ့တာကို အသွင်က အခုထိ မမေ့နိုင်။

“ဒါကတော့ နင်တို့နဲ့ နီးတော့လည်း ပုလင်းတူဘူးဆို့ပေါ့ ဟာ”

“ကောင်စုတ်”

ညီလတ်နှင့် သူမတို့ နှစ်ယောက်သည် အခုချိန်မှာ ပြောမနာဆိုမနာသော သူငယ်ချင်းများ ဖြစ်နေပြီဖြစ်သည်။

“လာလေ အသွင် ... နင့်ကို ငါ့မိဘတွေနဲ့ မိတ်ဆက်ပေး မယ်”

ညီလတ် နောက်က တိတ်တိတ်ဆိတ်ဆိတ် သူမ လိုက်လာသည်။

ညီလတ် အမေကိုတော့ သူမ မြင်ဖူးပြီးသား သည်။



ညီလတ် အဖေက ထောင်ထောင်မောင်းမောင်းနှင့် အသောကောင်းသည့်အသွင် ဆောင်သော်လည်း မေးရိုးကားကား များက ဆုံးဖြတ်ချက် ခိုင်မာသည့်ပုံ ဆောင်သည်။

“အဖေ ... ဒီမှာ သားသူငယ်ချင်း နောက်တစ်ယောက် အသွင်ဖြူတဲ့၊ ပုလဲရဲ့ အချစ်ဆုံး သူငယ်ချင်း၊ သူတို့နှစ် ယောက်က ဆိုးတူဆိုးဖက်၊ မိုက်ဖော်မိုက်ဖက်တွေပေါ့”

“အကောင်စုတ် ... နင်ကသာ တစ်ယောက်တည်းမိုက် နေတာ”

ပုလဲက မခံချင်စွာနှင့် ညီလတ် ပခုံးကို ထုသည်။ ရယ်သံများနှင့် ဆူညံသွားသည်။

ညီလတ် မိဘများက သူမကို ညီလတ်သူငယ်ချင်း တစ်ယောက် အနေနှင့် အသိအမှတ်ပြုသော်လည်း သူမ အားငယ် သည်။

www.burmeseclassic.com

www.burmeseclassic.com



ညီလတ်တို့ အသိုင်းအဝိုင်းနှင့် ပုလဲတို့ အသိုင်းအဝိုင်းက လက်ရှိ သူမအခြေအနေနှင့် ဘာမှမဆိုင်။

"အသွင် လာလေ ... ထမင်းသွားစားမယ်၊ ညီလတ် လာနင်ပါ တစ်ခါတည်း ဝင်စားသွား"

အားငယ်ဝမ်းနည်းစိတ်က သူမ၏ သွက်လက်တက်ကြွမှုကို တစ်ခဏတော့ နှောင့်နှေးစေသည်။

❀❀





သူမ ဘဝမှာ မမျှော်လင့်တာတွေ ဖြစ်လာတာက အိပ်မက်ကို များပြားလွန်းသည်။

မမျှော်လင့်ထားဘဲ ဖြစ်လာတာက အကောင်းဆိုးချွင် ကိစ္စမရှိ၊ အဆိုးဖြစ်နေတော့ ခံနိုင်ရည်ရှိအောင် ကြိုးစားရသည်။

ထိုနေ့က စာမေးပွဲဖြေဆိုရမည့် နောက်ဆုံးရက်ဖြစ်သည်။

ညီလတ်နှင့် ပုလဲ လာခေါ်မည်ဆို၍ အိမ်ရှေ့မှာ ထွက်စောင့်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဝုန်း"ခနဲ ပြိုလဲသံနှင့်အတူ မေမေ့ အော်သံကို တစ်ဆက်တည်း ကြားရ၍ သူမ အိမ်ပေါ် အမြန်ပြေးတက်ခဲ့သည်။

တုံးလုံးလဲကျနေသော ဖေဖေ ...

ဖေဖေ့ကို အတင်းလှုပ်ခါနေသော မေမေ ...

"အမေ ... အဖေ ဘာဖြစ်တာလဲ"

"သမီး ... သွား၊ ဆရာဝန်သွားပင့်"

ဆရာဝန်က သူမတို့ တစ်အိမ်ကျော်မှာ ရှိ၏။ အဆင်ပြေသွားသည်။

သို့သော် ဖေဖေ့ အသက်ကို မမီတော့ချေ။

ဆရာဝန်က ခေါင်းခါလိုက်စဉ်မှာပင် အမေ့မျက်နှာ က ချက်ချင်း ညှိုးလျော်သွားသည်။

"ဦးနှောက်သွေးကြော ပြတ်သွားတာ"

ရုတ်တရက်ချက်ချင်းကြီး ဖြစ်သွားသဖြင့် သူမရော မေမေပါ မှင်သက်မိနေသည်။





ပြီးတော့မှ မေမေက တအိအိနှင့် ငိုတော့သည်။

"ကိုရင်ရယ် ... အစောကြီး ရှိပါသေးတယ်"

အဖေ ထွက်ခွာသွားခြင်းသည် အမေ့အတွက် သိပ် ကိုစောလွန်းသေးသည်။

ဘာမှ စဉ်းစားချိန် မပေး ...

ဘာမှ ပြင်ဆင်ချိန်မပေးပဲ ထွက်ခွာသွားတာတော့ ဖေ မတရား။

ဖေဖေ့ ခုတင်ဘေးမှာ သူမ ဒူးထောက်ထိုင်ချလိုက် သည်။

"ဖေဖေ"

သူမ မယုံကြည်နိုင်သလို တီးတိုးခေါ်မိသည်။

သူမ မျက်ရည်များ ချက်ချင်းဝဲတက်လာသည်။ ကတော့ ငြိမ်းချမ်းအေးစက်စွာပင် အိပ်နှင့်လေပြီ။



www.burmeseclassic.com

"အသွင်ရေ ... အသွင် ... အဆင်သင့် ဖြစ်ပြီလား၊ သွား
မယ်လေ"

သူမကို စာမေးပွဲဖြေဖို့ ညီလတ်နှင့် ပုလဲ လာ
ခေါ်ကြပြီ။

သူမ အသံမကြား၍ ညီလတ်က အိမ်ပေါ်တက်
လာသည်။

"ညီလတ် ... အဖေ ဆုံးသွားပြီ"

ဝမ်းနည်း အားငယ်စိတ်နှင့် ညီလတ်ကို အားကိုး
တကြီး လှမ်းပြောမိသည်။

ညီလတ် ချက်ချင်း မျက်နှာပျက်သွားသည်။

"ပုလဲ ... တက်လာဦး"

ပုလဲကိုလည်း သူပဲ လှမ်းခေါ်လိုက်သည်။

"လာပြီ ... လာပြီ"





ဘာမှ မသိသေးသော ပုလဲကို သူမတို့အိမ် မြင်ကွင်း
က ဆီးကြိုလိုက်သည်။

"ပုလဲ ... အဖေ မရှိတော့ဘူး"

ပုလဲကို ဖက်တွယ်ပြီး အားရပါးရ ငိုမိသည်။

ဝမ်းနည်းပူဆွေးစိတ်က စာမေးပွဲရှိသည် ဆိုသော
အသိကို မေ့သွားစေသည်။

ပုလဲကလည်း သူမအတွက် ဝမ်းနည်းစွာ ငိုကြွေး
သည်။

ညီလတ် တစ်ယောက်ပဲ တည်တည်ငြိမ်ငြိမ် ရှိသည်။

"အသွင် မငိုနဲ့တော့နော်၊ စာမေးပွဲ ဖြေရဦးမယ်လေ"

ညီလတ် မျက်ဝန်းထဲမှာ ကရုဏာတရား ရှိလိမ့်
မည်ဟု သူမ ဘယ်တုန်းကမှ မထင်ခဲ့ဘူးပါ။

ညီလတ် အသံသည် အစွမ်းကုန် နူးညံ့ပျော့ပျောင်း
သည်။



www.burmeseclassic.com

www.burmeseclassic.com



စာမေးပွဲဆိုသည့် အသိဝင်လာလည်း သူမ သွားမဖြေ

ချင်တော့။

အမေ့ ရင်ခွင်ထက်မှာ မျက်နှာအပ်ပြီး ငိုကြွေးနေ

သော အမေ့ကို သူမ ဘယ်လိုပစ်ထားရက်မှာလဲ။

ပြီးတော့ ... ဒီခံစားချက်နှင့် သူမ စာမေးပွဲမဖြေ

ချင်ပါ။

"ငါ မဖြေတော့ဘူး"

ညီလတ်ကော ပုလဲပါ သူမကို တိတ်ဆိတ်စွာ

ကြည့်နေသည်။

"အသွင် ... ငါ့ကိုကြည့်စမ်း"

သူမ ငိုလက်စတန်းလန်းပင် ညီလတ်ကို မော့ကြည့်

မိသည်။

ညီလတ်က အားပေးသော အပြုံးတစ်ခုနှင့် ...





"ဒီနေ့ စာမေးပွဲ ဖြေရမှာ၊ နောက်ဆုံးနေ့ပဲ စာမေးပွဲဖြေ

တာ ခဏလေးပဲ၊ ဘာမှ မကြာဘူး၊ နင့်ရဲ့ခံစားချက်ကို

ခဏ မေ့ပစ်လိုက်၊ ပြီးမှ ..."

ဟင့်အင်း ... ညီလတ်ကို စကားဆက်ခွင့် သူမ

မပေးနိုင်တော့ပါ။

"ဒီခံစားချက်ကို ဘယ်လိုလုပ်ပြီး မေ့ပစ်ရမှာလဲ၊ ငါ့အဖေ

ဟဲ့၊ နင့်အဖေ မဟုတ်တော့ နင် ပြောနိုင်တာပေါ့"

သတိတရား ကင်းမဲ့စွာ ညီလတ်ကို အော်ပစ်လိုက်

သည်။

အစော်ကား ခံလိုက်ရသည်ဆိုသော အသိကြောင့်

ညီလတ် တစ်ကိုယ်လုံး တောင့်တင်းသွားသည်။

"အသွင် ဒီလိုမပြောနဲ့၊ နင် ဝမ်းနည်းတာ ငါဝမ်းနည်းသလိုပဲ

ခံစားရတယ် ဆိုတာ မှတ်ထား၊ ဒါပေမဲ့ လူ့ရှိတာ အသိ



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ထိန်းချုပ်ရမယ်၊ အသိနဲ့ ရှေ့ဆက်လျှောက်ရမယ်
ဒါကို နင် သိလား"

သူမ မှားသွားပြီဆိုတာ ချက်ချင်းသိသည်။

ညီလတ် သူမအပေါ်မှာ ကရုဏာဒေါသနှင့် မြ
သည်ဆိုသော အသိကြောင့် သူမ လေသံက တိုးဖျော့သွား
သည်။

"ဆောရီးပါပဲ ညီလတ်ရယ် ... ငါ အရမ်းဝမ်းနည်းနေလို့ပါ။
နင်တို့ပဲ သွားဖြေကြပါတော့၊ ငါ မလိုက်တော့ဘူး"

သူမက ဘယ်နေရာမဆို ပေကပ်ကပ်နှင့် ခေါင်းမာ
တတ်သေးသည်။

"သမီးရယ် ... သွားဖြေလိုက်ပါ"

မေမေ ဝင်ပြောသည့်တိုင်အောင် သူမ မလျှော့မယွ
ထိုင်ဆဲ။





"မရဘူး အသွင်၊ နင် မဖြေတာကို ငါ ခွင့်မပြုဘူး၊ နင်
ဖြေကို ဖြေရမယ်"

မမျှော်လင့်သော အဖြစ် ဖြစ်သည်။

"အန်တီ ... ကန်တော့၊ ကျွန်တော်တို့ အသွင့်ကို ခေါ်
သွားမယ်၊ ပုလဲ ... နင် အသွင့်လွယ်အိတ်ကို ယူလိုက်"

ညီလတ်သည် သူမကို ဆတ်ခနဲ ပွေ့ချီလိုက်သည်။

"ညီလတ်"

သူမ အလန့်တကြား အော်တာကို ညီလတ်
ခေါင်းမှု ဂရုမစိုက်ပါ။

သူမကို ပွေ့ချီပြီး ကားပေါ် ပစ်တင်လိုက်သည်။

"ဒီစာမေးပွဲ နင် ဖြေကို ဖြေရမယ်"

ညီလတ်၏ ရဲရင့်မှုကို သူမ ပထမဦးဆုံးအကြိမ်
သက်အံ့ဩသွားမိသည်။



www.burmeseclassic.com

"ပုလဲ ... နင် ဟိုဘက်ကထိုင်"

သူမကို အလယ်မှာထားပြီး ပုလဲနှင့် ညီလတ်က

တစ်ဖက်တစ်ချက်မှာ ထိုင်သည်။

"ဘဝဆိုတာ အရှည်ကြီးပဲ အသွင်ရဲ့၊ ဘယ်လိုဒဏ်ရာ ဒဏ်ချက်တွေပဲရှိရှိ အသက်ဆက်ရှင်ရဦးမှာလေ၊ ဘာလို့ အလွယ်တကူ အရှုံးပေးချင်ရတာလဲ"

အဲဒီတုန်းက ညီလတ် ပြောခဲ့သော စကားသည် သူမအတွက် မေ့မရသော တစ်သက်စာ ဖြစ်ခဲ့သည်။





ဆယ်တန်းအောင်တော့ ပုလဲက ရန်ကုန်ရှိ စီးပွားရေး တက္ကသိုလ်၌ တက်မည်ဟု ဆုံးဖြတ်သည်။

သူမအနေနှင့်ကတော့ မော်လမြိုင်ကောလိပ်တောင် တက်နိုင်ပါ့မလား မသိ။

အိမ်၏ စီးပွားရေး အခြေအနေက တဖြည်းဖြည်း နှင့် ယိမ်းယိုင်လာသည်။

ဖေဖေ မရှိကတည်းက သူမတို့ သားအမိနှစ်ယောက် ...တွဲမှာ နေခဲ့ကြရသည်။

ပုလဲက သူမနှင့်အတူ ရန်ကုန်ရှိ စီးပွားရေးတက္ကသိုလ် ...လိုက်တက်ဖို့ အတင်းခေါ်နေသည်။

www.burmeseclassic.com



"လိုက်ခဲ့ပါ အသွင်ရယ်နော်"

ဘဝက သင်ကြားပေးသဖြင့် သူမ တဖြည်းဖြည်းရင့်ကျက်လာသော်လည်း ပုလဲကတော့ အရင်အတိုင်းသာ ဖြစ်သည်။

အင်းလေ ... ပုလဲဘဝမှာ မရှိဆိုသည့်စကား ရှိမှမရှိခဲ့တာ။

"မလိုက်ပါဘူး ပုလဲရယ်၊ ဒီမှာက အမေတစ်ယောက်တည်းထားခဲ့လို့လည်း မရဘူး၊ ပြီးတော့ အမေ့ကိုလည်း ခွဲမသွားချင်ဘူးလေ"

အိမ်ရဲ့ ဝင်ငွေအခြေအနေကို သူမ အသိဆုံးဖြစ်သည်။

မမက်သင့်သော အိပ်မက်ဆိုတာ မေ့ပစ်လိုက်တာအကောင်း ဆုံးဖြစ်မည်။

ပုလဲက အလိုမကျသလို နှုတ်ခမ်းစူနေသည်။





"စိတ်မပျက်ပါနဲ့ ပုလဲရယ်၊ ငါ မတက်လည်း ဘာဖြစ်လဲ၊ ညီလတ် တက်မှာပဲဟာ၊ နင် အဖော်ရှိတာပဲ"

ပုလဲ မျက်နှာ ဝင်းလဲ့သွားသည်။

"တကယ်လား ... ညီလတ်က ရန်ကုန်မှာ တက်မယ်လို့ နင့်ကို ပြောလို့လား"

"အင်း ... ဟိုတုန်းက ပြောဖူးတယ်လေ"

ဝက္ကသိုလ်တက်လျှင် ရန်ကုန်မှာသာ သွားတက်မည်ဟု ပြောဖူးသော ညီလတ် စကားကို အမှတ်ရသည်။

ညီလတ်နှင့် ပုလဲ သွားလျှင် ဒီမှာ သူတစ်ယောက်တည်း ကျန်ရစ်ခဲ့တော့မည်။

ဝမ်းနည်းအားငယ်စိတ်နှင့် သူမ ငြိမ်သက်သွားသည်။

"ဟိုမှာ ... ညီလတ် လာပြီ"



www.burmeseclassic.com

www.burmeseclassic.com



ပုလဲက ဝမ်းသာအားရ လှမ်းအော်သည်။

ညီလတ်က ခပ်ဝေးဝေးကပင် သူမတို့ကို လက်လှမ်းပြသည်။

ညီလတ်တွင် လူငယ်တစ်ယောက်၏ တက်ကြွမှုအပြင် တစ်ခါတစ်ရံ၌ လူကြီးတစ်ယောက်၏ ရင့်ကျက်မှုကိုပါ တွေ့ရသည်။

"ညီလတ် ... နင် ... ရန်ကုန်မှာ တက်မယ် မဟုတ်လား"

ပုလဲကတော့ ကျိန်းသေတွက်ပြီးသား ဖြစ်သည်။

"အသွင် ... နင်ကော ဘယ်မှာ တက်မှာလဲ"

ညီလတ်က ချက်ချင်းမဖြေ၊ သူမကို လှည့်မေးလိုက်သေးသည်။

"ငါက ဒီမှာပဲ တက်မှာ"





ဖြစ်နိုင်မယ်ဆိုရင် သူမလည်း ရန်ကုန်မှာ တက်ချင်တာပေါ့။ ဘဝဆိုတာ တွက်တာမှ မဟုတ်ဘဲ။

"ငါလည်း ဒီမှာပဲ တက်မယ်"

"နင်ပြောတော့ ရန်ကုန်မှာ တက်မယ်ဆို"

ပုလဲက မကျေမနပ် ဖြစ်သွားသည်။

ညီလတ်က အသာပြုံးပြီး ခေါင်းခါပြ၏။

"မတက်တော့ဘူး၊ ငါ စိတ်ပြောင်းသွားပြီ၊ ဒီမှာပဲ တက်မယ်"

ညီလတ် သူမကြောင့် ဆုံးဖြတ်ချက် ပြောင်းလိုက်သလားဟု သူမ မဝံ့မရဲ တွေးမိသည်။

ညီလတ် မျက်ဝန်းကို ဖမ်းဆုပ်ကြည့်ဖို့ ကြိုးစားမိတော့ ညီလတ်က သူမ၏ အပြုအမူကို ရိပ်မိလိုက်သည့်ပုံစံဖြင့် မျက်နှာကို ချက်ချင်း တစ်ဖက်သို့ လွှဲလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ငြိမ့်ငြိမ့်လေး စီးဆင်းလာသော ရင်ခုန်ပီတိကြောင့် သူမ အသံလေး ငြိမ်နေလိုက်သည်။

"မရဘူး ညီလတ်၊ နင် ငါနဲ့ ရန်ကုန် လိုက်ခဲ့ရမယ်"

"ကိုယ့်ဟာကိုယ် သွားစမ်းပါ ပုလဲရာ၊ နင်မပူပါနဲ့ ဟိုရောက်ရင် အဖော်သစ်တွေ တွေ့မှာပါ"

"နင်မှ မဟုတ်တာ၊ ငါ ဘယ်ပျော်ပါ့မလဲ"

"စာသွားသင်တာပဲဟာ၊ အပျော် သွားရှာတာမှ မဟုတ်ဘဲ ဘာတွေ စဉ်းစားဦးမှာလဲ"

ညီလတ်နှင့် ပုလဲ တစ်ယောက်တစ်ခွန်း စကားများ ကြသည်။

နောက်ဆုံး ပုလဲ စိတ်ဆိုးပြီး ထွက်သွားသည်။

ညီလတ်က ပခုံးတွန့်ပြီး ကျန်ရစ်သည်။

"ညီလတ်ရယ် ... ရန်ကုန်မှာ သွားတက်တာ မဟုတ်ဘူး ပုလဲ စိတ်ဆိုးသွားပြီ"





"မသွားချင်ပါဘူး"

"ဘာဖြစ်လို့လဲ"

ညီလတ်က သူမနှင့် မျက်နှာချင်းဆိုင် တည့်တည့်မှာ ရပ်သည်။

"နင်မရှိတဲ့ အရပ်မှာ ပျော်ဖို့ဆိုတာ ငါ့အတွက် မသေချာဘူး အသွင်"

ဘုရားရေ ...

ညီလတ် မျက်ဝန်းများက နူးညံ့ရှိုသာစွာ စကား ပြောနေကြသည်။

သူမ အံ့အားသင့်စွာ မှင်သက်နေဆဲ ...

"ငါ တကယ်ပြောတာ"

ညီလတ်က တိုးဖျော့စွာ ထပ်ပြောပြီး သူမရှေ့က ထွက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမ တစ်ယောက်တည်း ချာချာလည်နေသော ကမ္ဘာမြေကြီးပေါ်မှာ ရပ်နေသလို ခံစားလိုက်ရသည်။





တကယ့် တကယ် သူမ ကောလိပ်တက်တော့ သူမ ကျောင်းစရိတ် အားလုံးကို ပုလဲမိဘတွေက တာဝန်ယူခဲ့ ညီ။

အဖေ့အသုဘတုန်းက ကုန်ကျစရိတ် အားလုံးကို ဦး သူတို့ပဲ တာဝန်ယူခဲ့တာ ဖြစ်သည်။

"သမီး ... ကောလိပ်ပြီးအောင်သာတက်၊ ဦးတို့ အားလုံး တာဝန်ယူတယ်"

ပုလဲတို့ မိသားစုရဲ့ ကျေးဇူးက သူမတို့ အပေါ်မှာ သတ်များများ တင်နေပြီဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပုလဲ ကိုယ်တိုင်က လှုကြဲ့ရှိတိုင်း ရန်ကုန်ကနေ ပစ္စည်းဆန်းလေးများ ပို့ပေးတတ်သည်။

မနေ့ကလည်း ပုလဲ ပို့ပေးသော ပစ္စည်းများ သူမဆီ ရောက်လာသေးသည်။

ခေါင်းစည်းကြိုး လှလှလေးများနှင့် ဘောလ်ပင်ဆန်းဆန်းလေးများ ဖြစ်သည်။

"အသွင်ရေ"

ငါပို့လိုက်တဲ့ ပစ္စည်းတွေထဲ နှင်းဆီးပန်းပုံနဲ့ Note Book လေးကို ညီလတ်ကို ပေးပေးနော်၊ ဒီကောင့်ကို အကြာကြီး စိတ်မဆိုးနိုင်တဲ့အတွက် ကိုယ့်ကိုယ်ကိုယ်တောင် အပြစ်တင်မိတယ် သိလား၊ ရှေ့လကျရင် ငါ စာမေးပွဲပြီးပြီ၊ ပြန်လာခဲ့မယ် သိလား၊ နင်ရယ် ငါရယ်





ညီလတ်ရယ် ကျောင်းရှေ့က ငုပင်ကြီးပေါ်က ငုပန်းတွေ သွားခူးကြမယ် သိလား။

ပုလဲ

အသည်းပုံထဲမှာ နှင်းဆီပန်းတစ်ပွင့်ပုံနှင့် Note ok အဖြူလေး။

ဖြူစင်ချောမွတ်နေသော စာရွက်များနှင့် ဖွဲ့စည်းထားဝ စာအုပ်ထူထူးလေးက ညီလတ်အတွက်တဲ့။

ညီလတ် မျက်ဝန်းများကို မြင်ယောင်ခိုက်မှာ မနာတ် ခပ်ပါးပါးက ပေါ်ထွက်လာသည်။

မသင့်ပါဘူးနော် ... ပုလဲက သူမအပေါ် တစ်သက်ကောင်းလာခဲ့တဲ့ဟာ။

"အသွင် ပြီးပြီလား သွားမယ်"

www.burmeseclassic.com

www.burmeseclassic.com



သူမ ကျောင်းသွားတိုင်း ညီလတ်က ဝင်ခေါ်နေ[...]
ဖြစ်သည်။

"ငါ မပါဘဲ နင် ကျောင်းသွားဖို့ မစဉ်းစားနဲ့နော် အ[...]
အမြဲတမ်း ငါ ရောက်လာတဲ့အထိစောင့်၊ ဟုတ်ပြီလ[...]

အမိန့်သံ ဆန်လှသော ညီလတ် စကားကို [...]
ဘာကြောင့် နားထောင်မိမှန်း မသိ။

ဆယ်တန်းကျောင်းသူဘဝထိ စွဲမြဲလာခဲ့သော [...]
ပြောင်တတ်သည့်အကျင့်၊ ဂျစ်ကန်ကန် စရိုက်များသည် ညီ[...]
၏ ထိန်းချုပ်မှု အောက်မှာ လွယ်လွယ်ကူကူ လွင့်ပါး[...]
သည်။

ကျောင်းမှာ ညီလတ်ကို သဘောကျနေသည့် [...]
မလေးတွေက အများသား။

"သွားမယ်လေ ... ဘာစဉ်းစားနေတာလဲ"





ဆပ်ပြာနံ့ ရောထွေးနေသော ကိုယ်သင်းနံ့သင်းသင်း
က သူမ နံဘေး ရောက်ရှိလာသည်။

"ဘာမှ မစဉ်းစားပါဘူး၊ ဒီမှာ နင့်အတွက် ပူလဲ ပေးလိုက်
တာ"

Note Book လေးကို ညီလတ် လက်ထဲ ထည့်ပေး
လိုက်သည်။

"တယ်လှပါလား၊ အတော်ပဲ ငါလည်း စာအုပ်တစ်အုပ်
ဝယ်မယ်လို့ စိတ်ကူးထားတာ"

ညီလတ်က သဘောကျစွာ စာအုပ်လေးကို လှန်ကြည့်
သည်။ ပြီးမှ တစ်ခုခုကို သတိရသည့်ပုံစံနှင့် ...

"အသွင် ... ငါ မယူတော့ပါဘူး"

"ဘာဖြစ်လို့လဲ"

"နင် မကြိုက်ဘူး မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



သူမ ပုံစံက အဲဒီလောက်ပဲ သိသာနေပြီလား။

"ဘာဆိုင်လို့လဲ ... ပုလဲက ငါ့ရဲ့အချစ်ဆုံး သူငယ်ချင်း ဆိုတာ မေ့နေပြီလား"

ပုလဲ အပေါ် ထားရှိမိသော မနာလိုစိတ်ကို တ ခဏအတွင်း လွှင့်ပစ်နိုင်ခဲ့သဖြင့် သူမ ကျေနပ်သွားသည်။

ညီလတ် ခေါင်းကို နောက်သို့လှန်ပြီး အားရပါးရ ရယ်မောနေသည်။

ညီလတ်ရယ်ရင်း အပြစ်ကင်းသည့် ပုံစံမျိုးလေး ဖြစ်နေတာကို သူမ သဘောကျပါသည်။

"အသွင်ဖြူ ... တို့ ပြောထားတာ မေ့နေပြီလား"

သူမ နံဘေးကို ဖျတ်ခနဲ ရောက်လာသော ကျောင်းသူ တစ်ယောက်။

ဒီကောလိပ်ရောက်မှ ခင်သည့် သူငယ်ချင်းတစ် ယောက် ဖြစ်သည်။





"ရှင်နဲ့ ညီလတ်က ဘယ်လိုပတ်သက်လဲဟင်"ဟု သူမကို ပွင့်ပွင့်လင်းလင်း မေးခဲ့ဖူးသူ ဖြစ်သည်။

"သူငယ်ချင်းလေ ဘာဖြစ်လို့လဲ"

"ကောင်းတာပေါ့၊ သူငယ်ချင်းဆိုတာ သေချာရင် မိတ်ဆက် ပေးလေ"

"ရပါတယ်"

ညီလတ်က ဂရုစိုက်မှာ မဟုတ်ဘူးဆိုသော အသိ ကြောင့် သူမ ရဲရဲကြီး ကတိပေးလိုက်သည်။

အခု မချောက ဝီရိယရှိစွာ ကျောင်းရှေ့မှာ လာ စောင့်နေသည်။

သူမ ရယ်ချင်စိတ်ကို မနည်း မျိုသိပ်ထားတာတောင် ပြုံးစစ ဖြစ်နေသေးသည်။

"ညီလတ် မိတ်ဆက်ပေးရဦးမယ်၊ ဒါ သဇင်တဲ့၊ ငါတို့ အခန်းထဲကပဲ၊ နေတာက ဈေးကြီးရပ်မှာ နေတာယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဪ ... ဟုတ်ကဲ့"

ညီလတ်က လူမှုရေးအရ ဒီလောက်သာ ပြောသော်လည်း သခင်က သွက်သည်။

"တွေ့ရတာ ဝမ်းသာပါတယ် ညီလတ်ရို့၊ တို့က ညီလတ်နဲ့ သိချင်နေတာ ကြာလှပြီ၊ ဒီမိန်းမက ဟိုရွှေ့ဒီရွှေ့ နေလို့ သိလား"

"ဟုတ်ကဲ့"

ညီလတ် စိတ်မရှည်ချင်တော့။

သူမကတော့ သခင်၏ အမူအရာကို ကြည့်ရယ်ချင်နေတာပဲ သိသည်။

"အိမ်လိပ်စာ ပေးထားမယ်နော်၊ လာလည် သိလား ညီလတ် ဖုန်းနံပါတ်လည်း တို့ကို ပေးထားနော်"

ပြောလည်းပြောရင်း သခင်က သူမ ပေါင်ကို မသာ ဆွဲကုတ်သည်။





ရှောင်ပေးဆိုသည့် သဘော ဖြစ်သည်။

ဒီလောက်ထိတော့ သူမ မလုပ်ပေးချင်ပါ။

သို့သော်လည်း သခင်က နောက်တစ်ချက် ထပ်ကုတ်ဆွဲသည်။ သူမ မရှောင်ပေး၍ မရတော့ပါ။

"နင်တို့နှစ်ယောက် စကားပြောနေကြဦး၊ ငါစာအုပ် သွားဝယ်လိုက်ဦးမယ်"

ညီလတ်၏ တုံ့ပြန်မှုကောင်း မစောင့်တော့၊ သွက်လက်သော ခြေလှမ်းများနှင့် တစ်ချိုးတည်း လစ်ခဲ့သည်။

တော့်တော်လှမ်းလှမ်း သစ်ပင်ရိပ်ရောက်မှ အမော ဖြေနိုင်သည်။ ညီလတ်တော့ ဘယ်လိုထင်မလဲ မသိဘူး။

သူမ၏ လက်မောင်းတစ်ဖက်ကို ဖျတ်ခနဲ ဆွဲဆောင်ခံလိုက်ရတာကြောင့် သူမ လန့်သွားသည်။

"ညီလတ်"



www.burmeseclassic.com

www.burmeseclassic.com



ညီလတ်က သူမကို ဒေါသတကြီး ကြည့်နေသည်။

"အသွင် … နှင် ဘာအချိုးချိုးတာလဲ"

"ဘာဖြစ်လို့လဲ"

တစ်ခါတလေ နားမလည်ချင်ယောင် ဆောင်တာက မိုကောင်းမည် ထင်သည်။

"ငါ့ကို အကြောင်းလာမရိုက်နဲ့၊ နင် ဘာအချိုးချိုးလဲဆိုတာ ငါ သိတယ်"

ညီလတ် ဒေါသထွက်နေတာက လန့်ဖို့ကောင်း ကောင်းသည်။

"ငါ့သူငယ်ချင်းတွေ နင့်ကို မိတ်ဆက်ပေးခိုင်းရင် ငါလေ နင့်ကို မိတ်ဆက်ပေးဖို့ စိတ်တောင်မကူးဘူး၊ နင်ကတော့ လုပ်ရက်တယ်နော်"

သူမ ချက်ချင်း နောင်တရသွားသည်။



ညီလတ်က ဝမ်းနည်းစွာ ငြိမ်သက်သွားသောကြောင့် ...င်သည်။

"ဆောရီးပဲ ညီလတ်ရာ၊ သူက နင့်ကို အရမ်းသိချင်တယ် ဆိုတာနဲ့"

"ငါ့ကို သိပ်ပြီး သဒ္ဒါတယ်ပေါ့လေ"

ဒါတော့ ညီလတ် အတွေးများပြီ။

"ဟင့်အင်း"

သူမ တိုးတိုးစွာပင် ငြင်းဆိုလိုက်သည်။

ညီလတ် သက်ပြင်းချသံကို ကြားနေရသည်။

"ထားလိုက်ပါတော့ အသွင်၊ ဒါပေမဲ့ နင် တစ်ခုတော့ မှတ်ထား၊ ညီလတ် ဆိုတဲ့ ဒီကောင်ရဲ့ နှလုံးသားထဲမှာ အသွင် ဆိုတဲ့ နင် တစ်ယောက်ပဲ ရှိတယ်"

ညီလတ်ကို နောက်တစ်ခါ မော့ကြည့်ရဲသည်အထိ သတ္တိမရှိပါ။

www.burmeseclassic.com

www.burmeseclassic.com



ခြေသံခပ်တိုးတိုး ဝေးကွာသွားသည်အထိ သူမ ခေါင်းငုံ့ပြီး ရှိနေခဲ့သည်။

လက်ရှိဘဝမှာ နေပျော်သေးတာ ညီလတ်ကြောင့်ဆို လာတော့ သူမ ဘယ်ပြောရဲပါ့မလဲနော်။

❀ ❀





"ငပန်း သွားခူးမယ် ဟုတ်လား"

"ဟုတ်တယ်လေ … မနေ့က ကျောင်းရှေ့က အပင်မှာ ငတွေ ပွင့်နေတာမှ အများကြီးပဲ၊ ငါ တွေ့ခဲ့တယ်၊ သွား ခူးရအောင်"

ညီလတ်က ဝမ်းသာအားရနှင့် တက်ကြွစွာခေါ်တော့ ခြေင်းရက်ပါ။

"သွားခူးမယ်လေ"

ကျောင်းရှေ့ ရောက်တော့ ဂိတ်စောင့်ကြီးက သူမ မှတ်မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ကွာ လူကြီးပဲ ဖြစ်နေပြီ ကလေးစိတ်မပျောက် သေးဘူး၊ ခူးချင်ရင် ခူးကွာ၊ နောက်ကောင်မလေးတစ် ယောက် ကျန်သေးတယ် မဟုတ်လား၊ အဲဒီပေါက်ကျေ မလေးကော မပါဘူးလား"

"သူ ပြန်မလာသေးဘူး ဦးလေးကြီးရဲ့၊ သူ ပြန်လာရင် တစ်ခေါက် ထပ်လာခူးဦးမယ်"

"ငါ့ပန်းတွေတော့ ကုန်ပါပြီကွာ"

ခါတိုင်းဆို ကျောင်းစောင့်ဦးကျော်ကြီးက ပန်းများ နှမြောတွန့်တိုစွာ ဘယ်သူ့ကိုမှ ပေးလေ့မရှိပါ။

အခုလည်း ပေးသာ ပေးရသည် နှမြောနေလ မသိ။

ငုပင်က သိပ်မမြင့်သဖြင့် ခူးရတာ အဆင်ပြေ သည်။





ညီလတ်က ကျွမ်းကျင်စွာပင် သစ်ပင်ပေါ်တက်ပြီး ငုပန်းတွေကို ခူးချပေးသည်။

ထိုစဉ်မှာပင် မိုးက ခပ်ဖွဲဖွဲ ရွာလာသည်။

"ညီလတ် တော်ပြီ ဆင်းလာတော့"

သူမ လက်ထဲမှာ ပန်းတွေ တစ်ပွေ့တစ်ပိုက်နှင့် ဖြစ်နေပြီ။

"မိုးရွာလာပြီ ဘယ်လိုလုပ်မလဲ"

သူမတို့ နှစ်ယောက်စလုံး ထီးမပါပါ။

"သကြီနိကြိုတဲ့ မိုးပဲ ဖြစ်မယ်၊ လာ အသွင်၊ ငါတို့ Church ထဲမှာ မိုးသွားခိုရအောင်"

ကျောင်းနှင့် အနီးဆုံး မိုးခိုရမည့် နေရာက Church ဖြစ်သည်။ Church ထဲရောက်တော့ ညီလတ်ရော သူမပါ မိုးရွဲနေ ပြီ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အသွင် ... နင်ချမ်းနေပြီလား"

"မချမ်းပါဘူး ရတယ်"

"ဒါဆိုရင် သွား ဆုတောင်းရအောင်"

Church ထဲရှိ ခုံတန်းလျားမှာ ထိုင်နေသော သူမ ကို ညီလတ်က ဆွဲခေါ်သည်။

"ငါမှာ ဘာဆုတောင်းစရာမှ မရှိဘူး၊ နင်ဘာသာနင် သွားဆုတောင်း"

"ပြီးရော့"

ညီလတ်က Church အရှေ့ဘက် ယေရှုခရစ်တော်၏ အရှေ့၌ ဒူးထောက်ထိုင်ချလိုက်သည်။

ပြီးတော့ လက်နှစ်ဖက် ပူးယှက်ဆုပ်ကိုင်ကာ ခေါင်းငုံ့ပြီး ငြိမ်သက်နေသည်။

ထိုခဏမှာပင် ညီလတ် ဘာတွေ ဆုတောင်းနေသလဲ ဆိုတာ သူမ သိချင်သည်။





ညီလတ်နဲ့ ပတ်သက်ပြီး အရာရာကို သိချင်နေသော သူမစိတ်က ဆန်းကြယ်လှသည်။

ညီလတ် ဆုတောင်းတာ တော်တော်ကြာသည်ဟု သူမ ထင်သည်။

"ညီလတ် ... နင် ဘာတွေ ဆုတောင်းနေတာလဲ"

ဆုတောင်းပြီးသွား၍ သူမ နံဘေးတွင် ညီလတ် ဝင်ထိုင်ချိန်မှာ သူမ မအောင့်နိုင်တော့။

"ဒါတော့ ပြောလို့ ဘယ်ဖြစ်မလဲ"

ကဲ ကြည့် ... ဘယ်လောက် အသည်းယားဖို့ ကောင်းလဲ။

"မရဘူး ပြော"

"နင် တကယ် သိချင်တာလား"

"အင်း"

www.burmeseclassic.com

www.burmeseclassic.com



သူမအလွယ်တကူ ခေါင်းညိတ်လိုက်သည်။

"နောင်တ မရကြေးနော်"

"အင်းပါဆို"

ညီလတ် မျက်ဝန်းများက သူမကို လှမ်းစချင်သ
ရယ်ရွှင်ရိပ် သမ်းနေသည်။

ညီလတ် နှုတ်ခမ်းလေး စလှုပ်လာသည်။

"အို ... ဘုရားသခင် ကျွန်တော်သည် ကျွန်တော်
သူငယ်ချင်း အသွင်ဖြူကို မုန်ကန်သော သစ္စာနှင့် ချ
သည်။ ဤမှန်သော သစ္စာစကားကြောင့် အသွင်
လည်း ကျွန်တော့်အပေါ် မှန်ကန်သော သစ္စာနှင့် ဖြ
ပါစေလို့ ငါ ဆုတောင်းခဲ့တယ်၊ ကဲ ဘာသိချင်သေး

ညီလတ်က ပြောပြီးတာနှင့် သူ့ဘာသာသူ ရှက်
သလို မျက်နှာကြီးရှုံ့ပြီး ငြိမ်သက်သွားသည်။



အဲဒီအချိန်မှာ သူမမှာ ဆန္ဒတစ်ခုပဲ ရှိသည်။

အဲဒီဆန္ဒက ညီလတ်ရဲ့ အချစ်အားလုံးကို လက်ခံ
သိမ်းဆည်းရန် ဖြစ်သည်။

ထိုဆန္ဒကလည်း သူမကို ရဲရင့်မှုတစ်မျိုး မွေးမြှား
အားလိုက်သည်။

"ညီလတ် ... နင့်ဆုတောင်း ပြည့်သွားပြီ"

"နင် ဘာပြောတယ်"

သူမကို နားမလည်သလို ကြည့်နေသော ညီလတ်
ကို ခပ်ကျယ်ကျယ်လေး အော်ပြောလိုက်သည်။

"နင် နားမကောင်းဘူးလား၊ ငါပြောတာက နင့်ဆုတောင်း
ပြည့်သွားပြီလို့ ပြောတာ"

ကဲ ... ညီလတ် ... အံ့ဩမှုတွေ အားလုံး နင် လက်
ခံရုံ အလှည့်ပဲ။

❀❀



www.burmeseclassic.com

www.burmeseclassic.com



လောကကြီးကပေးတဲ့ ပျော်ရွှင်မှုဆိုတာ နည်းနည်းလေးပါ။

ညှာတာထောက်ထားမှုတွေ ...

စာနာမှုတွေ အားလုံးကို လူပီသစွာ စောင့်ထိန်းခဲ့ရလို့ ကျွန်တော့်မှာ နာကျင်သိပ်သည်းမှုများတဲ့ ဒဏ်ရာတွေ ရခဲ့တာပေါ့။

ဒါပေမဲ့ ...

ဒီဒဏ်ရာတွေနဲ့ပဲ ...

ကျွန်တော် အသက်ဆက်ရှင်နေရတာပဲ။





"အကောင်းပြောတာ ညီလတ်ရဲ့၊ ပုလဲပြန်ရောက်ရောက်လာခြင်း မပြောနဲ့ဦး"

"ဘာဖြစ်လို့လဲ"

သူတို့နှစ်ယောက် ဦးစွာ အသိပေးရမည့် သူမှာ [illegible]သာ ဖြစ်သည်ဟု သူ ခံယူထားသည်။

"အခုချက်ချင်းကြီးတော့ မပြောနဲ့ဦး၊ နောက်မှ ငါတို့အစီအစဉ်လေး တစ်ခုဆွဲပြီး သူ အံ့ဩသွားအောင် လုပ်မယ်လေ၊ မကောင်းဘူးလား"

"အခုချိန်ထိ နောက်ချင်ပြောင်ချင်တုန်းပဲနော်"



www.burmeseclassic.com

www.burmeseclassic.com



အသွင် တစ်ယောက် ဘယ်လောက်ပဲ တည်ငြိမ်လာ ပြီပြောပြော တစ်ခါတလေကျရင် နောက်ပြောင်တတ်တုန်း ဖြစ် သည်။

"အံမယ် ... တခြားသူကို မနောက်ပါဘူးနော်"

"ကိုယ့်ကိုတော့ အမြဲနောက်တယ်လေ"

"ဘယ်က ကိုယ်လဲ"

အသွင့် မျက်ဆံနက်နက်လေးက အံ့သြသလို လှမ်း တော့ သူ ရှက်သွားသည်။

"ငါ့ကိုယ်ငါ ပြောတာပေါ့"

အသွင်က အားရပါးရ ရယ်သည်။

"နင် အရင်က အဲဒီလို ပြောတာမှ မဟုတ်တာ"

သူ ရှက်ပါသည် ဆိုမှ အသွင်က ထပ်ပြော သူ ရှက်ရမ်း ရမ်းလိုက်သည်။



"အေး ... ဟုတ်တယ်၊ အရင်က သီလတ် ဆိုတဲ့ ကောင် က အသွင်ရဲ့ သူငယ်ချင်း၊ အခု သီလတ်က အသွင်ရဲ့ ချစ်သူ၊ တွေ့မှမတွေ့တာ၊ ရှင်းတယ်နော်"

ဒီတော့မှ အသွင်က သူ့ကို မျက်စောင်းလှဲ့လှဲ့ထိုး သည်။

သူပြောလက်စနှင့် အသွင်သဘောပေါက် နားလည် အောင် ပြောထားရဦးမည်။

"တခြားကောင်တွေကို မျက်ခွံတောင် လှန်မကြည့်နဲ့နော် အသွင်၊ ငါ့လက်သီးက လူမရွေးဘူး"

အသွင်နှင့် ပတ်သက်လျှင် ဆတ်ဆတ်ထိ မခံနိုင် အောင် သူ အဖြစ်သည်းလွန်းလှသည်။

"ခုနတုန်းကတော့ ကိုယ်၊ အခု ငါတဲ့ အမျိုးမျိုး ပြောနေပါ လား"

www.burmeseclassic.com

www.burmeseclassic.com



အဲဒီအသွင်ကလေ သူ့ရဲ့အမှားကို ချက်ချင်းသိသည်။

"အသွင် ... နင်နော်"

"ဟား ... ဟား ... ဟား"

အသွင်ရယ်ရင် သိပ်ချစ်ဖို့ ကောင်းသည်။

အဲဒီအချိန် မျိုးမှာ သူ့ အားလုံးကို မေ့ပြီး အသွင်ရယ်တာကို ငေးကြည့်လေ့ရှိသည်။

"ညီလတ် ... ဘာလုပ်နေတာလဲ"

အဖေ ...

ကားပြတင်းပေါက်ပေါ် လက်ထောက်ပြီး သူ့ကိုလှမ်းမေးသည်။

ခုနတုန်းက အဖေ့ကား ဖြတ်သွားတာ သူ မမြင်မိပါ။

"ကျွန်တော် မာအုပ်လာငှားတာ အဖေ"





သူ စိတ်ထင်၍ပဲလားမသိ၊ အဖေ့ မျက်နှာတင်းမာသလို ဖြစ်နေသည်။

"တစ်ခါတည်း ပြန်လိုက်ခဲ့လေ"

အဖေ ကိုယ်တိုင် ကားတံခါးကို ဖွင့်ပေးတော့ သူ ငြင်းနိုင်တော့။

"ဟုတ်ကဲ့ အဖေ၊ အသွင် ကိုယ် ပြန်တော့မယ်၊ မနက်ဖြန်ပုလဲ ပြန်လာရင် တူတူသွားကြမယ် သိလား"

အသွင်က ဘာမှ ဂရုမစိုက်မိသလို ကြည်ကြည်လင်လင် ခေါင်းညိတ်ပြမှ သူ စိတ်ပေါ့သွားသည်။

သူ့အဖေ နံဘေးမှာ ဝင်ထိုင်လိုက်သည်နှင့် အဖေက ကားကို မောင်းထွက်လိုက်သည်။

"မင်း ... အခုတလော ဒီကောင်မလေးအိမ်ကို ခြေဖြန့်လှချည်လား"

"အဖေ ထင်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



အဖေ့စကားကြောင့် သူ မလုံမလဲ ဖြစ်သွားသည်။

"မင်း အိမ်မှာ မရှိလို့ မေးလိုက်တိုင်း ဒီအိမ်သွားတယ်လို့ပဲ မင်းအမေ ဖြေတာ ငါ စိတ်ထင်ရှိုးမလား"

အမေ့အပေါ် သူ မညာခဲ့တာ အခုတော့ ချောင်ပိတ် မိပြီ။

"အဲဒါ အမေ့ကို အလွယ်တကူ ဖြေလိုက်တာပါ အမေရော ကျွန်တော့်မှာ သူငယ်ချင်းက အသွင်ဖြူတစ်ယောက်တည်း ရှိတာမှ မဟုတ်တာ"

ဒီတစ်ခါတော့ သူ့ အဖြေကို အဖေ ကျေနပ်သွား သည်။

အဖေ ပီပီသသကြီး ပြုံးကာ ...

"ဒါဆိုလည်း ပြီးတာပါပဲကွာ"တဲ့။





သူ့အခန်းတံခါးသံကြောင့် နာရီ လှမ်းကြည့်မိတော့ ခြောက်နာရီသာ ရှိသေးသည်။

စောစောစီးစီးကွာ ...

အမေ ဈေးသွားခါနီး သူ့ကို တစ်ခုခုမှာဖို့ ဖြစ်လိမ့် မည်။

သူ အိပ်ချင်မူးတူးနှင့် မျက်လုံးတောင် မဖွင့်ဘဲ အခန်းတံခါး ဖွင့်ပေးလိုက်သည်။

"အိပ်ပုပ်ကြီး"

အသံစူးစူးက သူ့နားမှာ လာဟပ်သဖြင့် သူ လန့်ပြီး မျက်လုံးကို ဖွင့်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပုလဲ"

"ဟုတ်ပါတယ် ကျွန်မ ပုလဲပါ"

အိပ်ချင်စိတ်တွေ ထွက်ပြေးသွားသည်။

"နင် ဘယ်တုန်းက ပြန်ရောက်လဲ"

"ညကတည်းက"

"ညှိခန်းမှာ စောင့်၊ ငါ မျက်နှာသစ်ဦးမယ်"

သူ မျက်နှာသစ်ပြီးတော့မှ ပုလဲ ပုံစံပြောင်းနေတာကို သူ မြင်ရသည်။

ကုပ်ဝဲသာသာ ပိုနီတေးဆံပင် ...

ဘလောက်စ်အကျႌ ...

ရန်ကုန်သူ ပုံစံ အပြည့်အဝနှင့် ပုလဲသည် ယခင်ပုံစံနှင့် လုံးဝကွဲပြားခြားနားနေသည်။

"ဘာပုံစံကြီးလဲဟ"





ပုလဲကို သူက ဦးစွာ နောက်ချင်သည်။

"ဘာကို ပြောတာလဲ"

ပုလဲက တစ်ခါတလေ အ,ကိုအ,သည်။

"ဘာကို ပြောရမှာလဲ၊ နင့်ပုံစံကို ပြောတာပေါ့၊ ဘာလဲ ဆံပင်က ခေါင်းမလျှော်လို့ ကြွက်ကိုက်ထားတာလား"

"မသာကောင်"

ဒီတော့မှ သူ ဘာပြောချင်လဲဆိုတာ ပုလဲက သဘောပေါက်သွားသည်။

သူ့ကို ညှိခန်းက ဖက်လုံးတစ်ခုနှင့် ကောက်ပေါက်သည်။

"တော်ပြီ နင့်ကို ချောကလက်မကျွေးတော့ဘူး"

ပန်းကန်ထဲမှာ ထည့်ထားသော ချောကလက်အထုပ်များက စက္ကူပြတ်ခွာပြီးသား၊ အဆင်သင့် စားရုံပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အလကား နေတက်တာပါ ပုလဲရာ၊ နင်က အခုမှ ...
ပိုလှပါတယ်"

သူ သိပ်ကြိုက်သော ချောကလက်ကိုတော့ လ...
လွှတ်မခံချင်ပါ။ ဒီတော့မှ ပုလဲ မျက်နှာလေးက ကြည်လင်...
သည်။

"ရော့"

သူက ပုလဲ ကမ်းပေးသော ချောကလက်တုံး...
ကို ပါးစပ်ထဲ ထည့်လိုက်သည်။

ငပေါမ ... အခုထိ အမြှောက်ကြိုက်တုန်း။

စိတ်ထဲကနေလည်း ပုလဲ သူ့ကို ရိုက်ချင်လော...
အောင် တွေးမိသည်။ ချောကလက်ရဲ့ အရသာက ပျောက်ကွယ်...
အင်မတန်မှ ပူစပ်ပူလောင်နိုင်သော အရသာက လျှာထဲ...
ပေါ်လာသည်။





"အောင်မယ်လေး စပ်လိုက်တာ၊ ဘာကြီးလဲဟ"

ပူစပ်သော အရသာကြောင့် သူ ဘယ်လိုမှ မနေနိုင်။

"စပ်လိုက်တာ၊ စပ်လိုက်တာ"

ရေခဲသေတ္တာထဲက အေးစက်နေသောရေလည်း
...စပ်ကို ချက်ချင်း မတားနိုင်။

"ကောင်းလိုက်တာ၊ ကောင်းတယ်"

သူ မျက်ရည်လည်ရွဲနှင့် ခုန်ဆွဆွ ဖြစ်နေတာကို
...ထဲက ဝမ်းသာအားရ လက်ခုပ်တီးပြီး အားပေးနေသည်။

မသာမလေး ...

သင်းလုပ်တာ နာတော့မှာပဲ ...

သူ

အမျိုးမျိုး ကျိန်ဆဲပစ်လိုက်သည်။

"ရော ... ရော့ ... ဒါလေး စားလိုက်"



www.burmeseclassic.com

www.burmeseclassic.com



ပုလဲ ထပ်ကျွေးသော ချော်ကလက်တောင် မ...

တော့ဘဲ အိမ်မှာ အသင့်ရှိနေသော သကြားလုံးထဲက တစ်လုံး...

ယူစားပစ်လိုက်သည်။

ဒီတော့မှ အစပ်နည်းနည်း သက်သာသွားသည်။

“နင်ဟာ စောစောစီးစီး ငါ့ကို ဒုက္ခလာပေးတယ်၊ ...

ကလက်ကို ဘယ်လို လုပ်လာတာလဲ”

“ဘာခက်လို့လဲ၊ ချော်ကလက်ကို နည်းနည်းအပူပေး...

ငရုတ်သီးကုလားအော် ထည့်ပြီးတော့ ရေခဲသေတ္တာ...

ပြန်ထည့်ပြီး အအေးခံလိုက်တယ်လေ၊ မမိုက်ဘူးလား”

ပုလဲကို ပေါ်တင်ကြီးပင် ဆုတောင်းပေးလိုက်သည်...

“ဒီတစ်သက် ယောက်ျားမရပါစေနဲ့”

“အကောင်စုတ်၊ ငါကတော့ သူ့အတွက် လက်ဆော...

တကူးတက လာပို့တာ”





“မလိုချင်ပါဘူး”

ပုလဲက မကျေနပ်သလို သူ့ကို မျက်စောင်းထိုးပြီး...

“မယူလို့ ရမလား၊ ငါက နင့်အတွက် ဝယ်လာတာ”

ပုလဲ လက်ထဲ၌ အဖိုးတန်နာရီလေးက လှပနေသော်...

...ည်း သူ မလိုချင်ပါ။

“တခြားသူ ပေးလိုက်ပါဟာ”

အသွင်များ စိတ်နှောင့်အယှက် ဖြစ်မလား။

“မရဘူး ... မရဘူး”

ပုလဲက သူ့လက်ကို အတင်းဆွဲပြီး ပတ်ပေးတော့

... ငြင်းနိုင်။

“နင်က ဘာဖြစ်နေတာလဲ”

သူ့ရဲ့ ငြင်းဆန်မှုအတွက် ပုလဲ မျက်ဝန်းတစ်စုံက

...ကို စူးစမ်းနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အသွင် ကြိုက်ပါ့မလားလို့"

သူ့တွင် အဖြေက အဆင့်သင့်မရှိ။

လွတ်ခနဲ ထွက်သွားသော အမှန်တရားက ပုလဲ[...]

အံ့အားသင့်သွားစေသည်။

"ဘာပြောတယ်"

အသွင် မှာထားသော စကားကို မှတ်မိပြီး စကား[...]

ကို ပြန်ဖာထေးလိုက်သည်။

"သြော် ... နင်က ငါ တစ်ယောက်တည်းအတွ[...]

ကွက်ဝယ်လာတော့ အသွင် သိရင် စိတ်မကောင်းဖြစ်နေ[...]

မယ်"

"အသွင့်အတွက်လည်း ပါတာပေါ့၊ ငါက နင့်တစ်ယော[...]

တည်းအတွက် ဝယ်လာမှာလား"

တော်သေးသည်။





သူ ဆိုလိုချက်ကို ပုလဲက ရိုးစင်းစွာ တွေးမိ၍

[...]တော်သေးသည်။

"အသွင့် အိမ်သွားမယ်လေ"

"ခဏစောင့် အဝတ်လဲဦးမယ်"

သူ အခန်းထဲ ဝင်လာစဉ် ပုလဲ ပွစိပွစိ ရွတ်နေသံ[...]

[...] ကပ်ပါလာသေးသည်။

"အသွင့်အိမ် သွားမှာပဲဟာ၊ အဝတ်လဲ နေရသေးတယ်လို့၊

ယောက်ျားလေးဖြစ်ပြီး အလုကြိုက်တတ်လိုက်တာ လွန်

ရော"

အသွင့်ရှေ့မှာ သပ်သပ်ရပ်ရပ်လေး ဖြစ်နေချင်

[...]သည့်ဆန္ဒက ပထမဦးစွာပင် ပုလဲ၏ အပြောအဆိုကို ခံလိုက်ရ

[...]သည်။

✤ ✤



www.burmeseclassic.com

www.burmeseclassic.com



"မင်းနာမည် ညီလတ်ညိုလားကွ"

ကိုယ့်အတွေးနှင့်ကိုယ် လျှောက်နေရင်းက သူ့

မှာ ဖြန်းစားကြီး လာရပ်ပြီး မေးသူကို မော့ကြည့်မိသည်။

သူ့ကို မကျေနပ်သလို ရှုတည်တည်နှင့် မိုက်

ကြည့်နေသော လူတစ်ယောက် ...

"ဟုတ်ပါတယ်၊ ကျွန်တော် ညီလတ်ညိုပါ"

တတ်နိုင်သမျှ ဘာပြဿနာမှ သူ မဖြစ်ချင်

"မင်းက သခင်ကို ဘယ်လို ဆက်ဆံတာလဲ"

လာပြန်ပြီ ဒီမိန်းမပြဿနာ။





ကျောင်းမှာတွေ့လျှင် သူ့ကို အတင်းလိုက်ကပ်၍

သူ မနည်း လှည့်ပတ်ရှောင်ပြီး ပြေးနေရသည်။

အိမ်ကိုလည်း ဖုန်းတဂွမ်ဂွမ် ဆက်သေးသည်။

"ကျွန်တော် မအားသေးပါဘူး ခင်ဗျာ"

ဟု သူ အပြတ်ပြောပြီး ဖုန်းချပစ်တာတောင် ကိစ္စ

ာ မပြတ်။

နောက်ဆုံး ...

"ကျွန်တော်နဲ့ အသွင်ဖြူက ချစ်သူတွေ ဖြစ်နေပြီ"

သူ ဖြောင်ဖြောင်ချစဉ်က သူ့ကို မကျေမချမ်း စိုက်

ကြည့်ခဲ့တာကို သတိရသည်။

အခု ဒီလူက သခင်နှင့် ပတ်သက်သော ပြဿနာ

တို့ သယ်ဆောင်လာတာ ဖြစ်ပေလိမ့်မည်။

"ကျွန်တော်နဲ့ မသခင် ဘယ်လိုမှ မပတ်သက်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ငါ့မေးတာက မင်း သူ့ကို ဘယ်လိုဆက်ဆံခဲ့လဲလို့ မေး

ဘာကွ"

သူ့ဒေါသတွေ တင်းကနဲ ဖြစ်သွားသည်။

သူ့အပေါ် ဟိန်းလိုက် ဟောက်လိုက် လုပ်ရအောင်

သူ့ကို ဘာများ မှတ်နေလဲ။

"ဘယ်လိုမှ မဆက်ဆံဘူး၊ ဘယ်လိုမှ ဆက်ဆံစရာ

အကြောင်းလည်း မရှိဘူး"

ဘာကိုမှ ကြောက်စိတ်မရှိတော့။

ဒီလူ သူ့ထက် ဗလ နှစ်ဆလောက်ကြီးတာကိုလည်း

ဂရုမပြုနိုင်တော့။

"မင်း ရင့်လှချည်လား"

သူ့ဆံ ဝေ့ခနဲ ရောက်လာသော လက်သီးချက်ကို

သူ ငုံ့ပြီး ရှောင်လိုက်သည်။





"ညီလတ် ... ညီလတ် ... ဘာဖြစ်နေတာလဲ"

သူ့ဆီ မောကြီးပန်းကြီးနှင့် ပြေးလာသော ပုလဲ။

သူ တော်တော် စိတ်ညစ်သွားသည်။

ဒီလို အချိန်မျိုးမှာ ပုလဲ ရောက်မလာသင့်။

"နင် ရန်ဖြစ်နေတာလား"

ဒုက္ခပါပဲ။ ရန်ဖြစ်နေတာ တွေ့ရက်သားနှင့် ရန်ဖြစ်

နေတာလား မေးနေသေးသည်။

"ပုလဲ ဘေးဖယ်နေစမ်း"

အခု ရန်ဖြစ်နေသည့် နေရာက လူထူထပ်သည့်

ဈေးရှေ့မှာဖြစ်သည်။ ဘေးနားမှာ စက်ဘီးတွေရော ဆိုင်ကယ်တွေ

ပါ ရှုပ်ယှက်ခတ်နေသည်။

"ညီလတ် ... နင် ရန်မဖြစ်နဲ့နော်"

ပုလဲက စိုးရိမ်တကြီး လှမ်းအတား နောက်ထပ်လက်

သီးချက်တစ်ချက်က သူ့ဆီ ဝေ့ခနဲ ဝင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ပုလဲကို အာရုံစိုက်နေရတာနှင့် သူ မရှောင်နိုင်

"ခွပ်"ခနဲ မြည်သံနှင့်အတူ သူ ယိမ်းယိုင်သွားသည်

အား ... နာလိုက်တာ။

သွားတွေ ကျွတ်ထွက်သွားသလားတောင် မသိ။

"ပုလဲ ဖယ်စမ်း"

သူ့နောက်ကျောက အင်္ကျီစကို ဆွဲကိုင်ထားသော

ပုလဲ လက်ကို အတင်းဆွဲဖယ်လိုက်သည်။

နာကျင်မှုကြောင့် ဒေါသက ပိုဆိုးလာသည်။

"မှတ်ထား"

သူ့နောက်ကျောက အင်္ကျီစကို ဆွဲကိုင်ထားသော

ပုလဲ မျက်ဝန်းကို တစ်ချက်ကြည့်ပြီး လျှစ်လျူရှုလိုက်သည်။

"နင် အသာနေစမ်း ပုလဲ"

အဲဒီအချိန်မှာပဲ တစ်ဖက်လူက သူ့ကို လှမ်း

သည်။ ကန်ချက်က သူ့ဗိုက်ကို ထိသွားသည်။





ချက်ချင်းပင် ပုလဲက သူ မထင်မှတ်သော လုပ်ရပ်

ကို လုပ်လိုက်သည်။

ဘေးနားမှာ အသင့်တွေ့သော တုတ်ချောင်းကို

ကောက်ပြီး တဖက်လူကို ဝင်ချသည်။

"ကဲဟယ် ... ညီလတ်ကို လုပ်ဦး၊ ညီလတ်ကို လုပ်ဦး"

ပုလဲကို ဟန့်တားထားဖို့ မမီလိုက်ပါ။

"အောင်မယ်၊ နင်က ဘာလို့ ဝင်ပါတာလဲ"

တစ်ဖက်လူက တုတ်နှင့် အရိုက်ခံရသဖြင့် ဒေါသ

ထကြီးပင် ပုလဲကို ခပ်ကြမ်းကြမ်း တွန်းထုတ်ပစ်လိုက်သည်။

ပုလဲက ပလက်ဖောင်းပေါ်သို့ ခွေခနဲ ကျသွားသည်။

တကယ့်ကို မထင်မှတ်သော ဖြစ်ရပ်ဖြစ်သည်။

အရှိန်နှင့် လွင့်ထွက်လာသော ပုလဲက လမ်းဘေးမှာ

ထောင်ထားသော ဆိုင်ကယ်ကြီးကိုပါ တိုက်ချသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ကယ်အလေးကြီးက ပုလဲ ခန္ဓာကိုယ်အောက် ပိုင်းပေါ်သို့ ဖုန်းခနဲ ကျသွားသည်။

"အား"

နာကျင်စူးရှစွာ အော်လိုက်သော ပုလဲအသံ။

"ပုလဲ"

ပုလဲဆီ စိုးရိမ်တကြီး ပြေးသွားပြီး ပုလဲ ဘေးနား ဒူးထောက်ပြီး ထိုင်ချမိသည်။

"ညီလတ်"

သူ့လက်ကို အားကိုးတကြီး ဆုပ်ကိုင်ပြီး မျက်ရည်များဝဲကာ သေမတတ်နာကျင်ခံစားနေရသော ပုလဲ။

အဲဒီအချိန်မှာပဲ ရန်ဖြစ်တာ မှားပြီဆိုတာ သူ နောင်တရလိုက်သည်။





အားလုံးက သူ့အပြစ်ဖြစ်သည်။

ရန်ဖြစ်တာရော၊ ပုလဲ ဒီလို ဖြစ်သွားတာရောကြောင့် သူ ခေါင်းမထူနိုင်တော့။

"မင်းကြောင့် ဒီအရွယ်ကြီးကျမှ ရန်ဖြစ်ရတယ်လို့ကွာ၊ ကျော်မကောင်းကြားမကောင်း"

ပုလဲက ခုတင်ပေါ်မှာ ငြိမ်သက်စွာ လှဲနေသည်။

ခြေထောက်မှာ ပတ်တီးအဖွေးသားနှင့် ဖြစ်သည်။

ခြေသလုံးရိုး အက်သွားသဖြင့် အချိန်နည်းနည်းကြာ ကြာ အနားယူရမည်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး ဦးရဲ့၊ ညီလတ်အပြစ် မဟုတ်ပါဘူး ဟိုလူ့အပြစ်ပါ၊ သူ လုပ်လို့ သမီး ဒီလို ဖြစ်တာပါ"

ပုလဲက ဖြူစင်စွာပင် သူ့ဘက်က အကာအကွယ်ပေး ရှာပါသည်။

သူ့ကြောင့် အမေရော အမေပါ ပုလဲ မိဘများကို တောင်းပန်ကြရသည်။

ဒါကိုပဲ ပုလဲက တန်ပြန်အားနာနေသည်။

"ငါ လုပ်လိုက်ရင် မင်းတော့ နာတော့မယ်၊ သွား ... ပုလဲ မိဘတွေကို တောင်းပန်လိုက်"

အဖေ့ စကားက သူ့အတွက်တော့ အမိန့်ဖြစ် သည်။

"မလိုပါဘူး ကိုဘတင့်ရယ်၊ မလိုပါဘူး၊ တမင်သက်သက် ဖြစ်သွားတာမှ မဟုတ်တာ၊ မတော်တဆ ဖြစ်သွားတာပဲ"





သူ တောင်းပန်မှာကို ပုလဲ မိဘတွေကလည်း လက်မခံကြ။

"ကျွန်မကတော့ ဒီလို ဖြစ်တာကိုတောင် ခပ်ကြိုက်ကြိုက်ပဲ၊ နို့မို့ဆို ဒီကောင်မလေးက နေရာတကာ ဟိုစပ်စပ်၊ ဒီစပ် စပ်နဲ့ အမြဲပါတယ်၊ အခုလို ဖြစ်တော့ ငြိမ်သွားရော ပေါ့"

"အမေနော်"

သူမ အမေစကားကြောင့် ပုလဲ နှုတ်ခမ်းစူသွား သည်။

ပုလဲ အခုလို သူ့ကြောင့် ဖြစ်တာကိုပင် ပုလဲ မိဘတွေက အပြစ်မယူကြ။

ဒီတော့ သူ့မှာ အပြစ်ပိုပြီး ကြီးသလို ခံစားနေရ သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... သမီးပြော၊ ဒီကောင်ကြောင့် သမီး ခြေထော

ဒီလိုဖြစ်ရတာ၊ ဒီကောင့်ကို သမီး စိတ်ကြိုက် အပြစ်

မယ်၊ ဘယ်လို အပြစ်ပေးရမလဲဆိုတာ သမီးပြော"

အဖေကတော့ ကွန့်ပြီ၊ သူ မကျေနပ်စွာ တွေ

သည်။

ပုလဲက ပေါက်ကရ စဉ်းစားတတ်ပါဘိနဲ့၊ တော်

သူ့ကို ပေါက်ကရရှစ်ဆယ် အပြစ်တွေ ပေးလို့ကတော့ ခက်

"တကယ်ပြောတာလား ဦး"

"တကယ်ပေါ့ သမီးရဲ့"

ပုလဲက ကျေနပ်အားရစွာပြုံးပြီး ပြောသည်။

"သမီးက အခု ခြေထောက်မကောင်းတော့ ဘယ်

မသွားနိုင်ဘူး၊ ဒီတော့ သမီးမှာ အဖော်လိုတယ်၊ ညီယတ်

ညနေတိုင်း သမီးနဲ့အဖော်လာလုပ်ခိုင်းပေးပါ"





သူ တော်တော်လေး စိတ်ညစ်သွားသည်။

ညနေတိုင်း သူနှင့်အသွင် ကမ်းနားသောမှာ တွေ့နေ

ကျဖြစ်သည်။ အဲဒီအချိန်ကိုတော့ ပုလဲအတွက် သူ မပေးနိုင်။

"ညနေပိုင်း ငါ မအားဘူး ပုလဲရဲ့"

"ဘာမအားတာလဲ၊ မင်း ဘာအလုပ်ရှိလို့လဲ၊ ကျောင်း

လည်း ပိတ်ထားတဲ့ဟာကို"

အဖေက အဲဒီလို သူ့ဘက်ကနေ ရှေ့နေလိုက်တတ်

သည်။

"အေးလေ ... နင်ကလည်း ဘာကိစ္စရှိလို့လဲ"

မိဘတွေအားလုံးရှေ့မှာ ဆိုတော့ ပုလဲကို ပြောပြဖို့

မသင့်ပြန်။

ပတ်တီးအဖွေးသားနှင့် ပုလဲခြေထောက်ကို ငေးကြည့်

သူ ခေါင်းညိတ်ပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အေးပါ ... ညနေတိုင်း ငါ လာခဲ့ပါ့မယ်"

အသွင်နှင့် တွေ့ပြီး ကျိုးကြောင်းပြောပြဖို့တော့

လိုမည်ဟု သူ တွေးမိသည်။

❦❦





သူ့အပြစ်ကြောင့် ညနေခင်းပေါင်းများစွာကို ပုလဲ အတွက် ပေးဆပ်ခဲ့ရသည်။

ပုလဲခြေထောက် တဖြည်းဖြည်းနှင့် သက်သာလာမှ သူလည်း အသက်ရှူချောင်တော့သည်။

ဒီအတောအတွင်း၌ အသွင်က ရန်ကုန်သို့ ခဏသွားနေ၍ သူ့အတွက် ပိုအဆင်ပြေသွားသည်။

"ဆောရီး ... ဆောရီး ... ဘွာတေး။ ငါ ပြန်ဆုတ်လိုက်မယ်၊ မစားနဲ့တော့"

သူ့လက်ထဲက ကျားစေ့ကို ပုလဲက အတင်းပြန်တောင်းနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီလောက် သူ အလျှော့ပေးပြီး ကျားကွက်ရွေ့ထေ
ကစားတာတောင် ပုလဲက အမျိုးမျိုး ကလိမ်ကကျစ် လုပ်သေးသည်။

"ဒီမှာ သားရော သမီးရော ရှိတယ်ကွ၊ အတော်ပဲ"

ပုလဲအဖေနှင့် သူ့အဖေက ရယ်ရယ်မောမောဖြင့်
အိမ်ပေါ်တက်လာသည်။

"အဖေ ဘယ်တုန်းက ရောက်နေတာလဲ"

"ငါ ရောက်နေတာကြာပြီ၊ မင်းနှယ်ကွာ၊ ခြံထဲမှာ ကိုယ့်
အဖေ ကားတစ်စီးလုံးတောင် မမြင်ရဘူးလို့၊ ဘာဖြစ်နေတာ
လဲ"

အမှန်တကယ်ပင် ပုလဲတို့ ခြံထဲ၌ ရပ်ထားသော
အဖေ့ကားကို သူ မမြင်ခဲ့ပါ။

"ဒီလိုကွာ၊ ငါတို့ တိုင်ပင်နေကြတယ်၊ မင်းနဲ့ ပုလဲတို့
နေရာချပေးမလို့"





အဖေ့စကား ကြားတာနှင့်ပင် သူ့လက်ထဲက ကျား
စေ့လေးကို မှားပြီး ရွေ့မိသည်။

"မင်းတို့နှစ်ယောက်က သူငယ်ချင်းအချင်းချင်းဆိုတော့
သံယောဇဉ်ရှိပြီးသားလေ၊ ဒီတော့ ပိုအဆင်ပြေတာပေါ့"

"ဟုတ်တယ်၊ ဟုတ်တယ်"

သူ့အဖေနှင့် ပုလဲအဖေကတော့ အတိုင်အဖောက်
ညီလွန်းလှသည်။

မထင်မှတ်သော စကားဖြစ်သဖြင့် ပုလဲ ကိုယ်တိုင်
အံ့သြတကြီး ဖြစ်နေသည်။

"ကဲ သမီး ... သမီး ဘယ်လို သဘောရလဲ"

ပုလဲက အခုမှ သတိရသလို အသက်ဝင်လှုပ်ရှားလာ
သည်။

ပုလဲ အကြည့် သူ့ဆီရောက်လာမည်ဆိုတာ သိသည်။



www.burmeseclassic.com

www.burmeseclassic.com



ပုလ်နှင့် အကြည့်ချင်းမဆုံအောင် သူ အခြားတစ်ဖက်သို့ မျက်နှာလွှဲလိုက်သည်။

ပုလဲ ... နင် ငြင်းစမ်းပါ။

ပြတ်ပြတ်သားသား ငြင်းစမ်းပါ။

ငါ့ကို အားနာစရာ မလိုဘူး။

သို့သော် သူ့အတွေးအားလုံး ပြောင်းပြန်ဖြစ်သွားသည်။

"သမီး သဘောကတော့ ညီလတ် သဘောပါပဲ"

ဘုရားရေ ...

သူ ပုလဲကို အလန့်တကြား ကြည့်မိလိုက်သည်။

ရှက်စွံ့သည့်ပုံစံနှင့် ပုလဲ ခေါင်းငုံ့နေတော့ ... ပိုပြီး စိတ်ညစ်သွားသည်။

ပုလဲ နင် ဘာလို့ မငြင်းတာလဲ ... ငါ့မှာ ...





"သမီးကတော့ ပြောစရာမရှိအောင် လိမ္မာတယ်၊ သားသဘောကရော"

နောက်ဆုံးတော့ သူ့အလှည့်ရောက်လာသည်။

ဒီအတိုင်းကြီး ပစ်ပစ်ခါခါ ငြင်းဆန်လျှင် သူ့ဘက်က လွန်ဆန်ရာကျလိမ့်မည်။

"ကျွန်တော် ပုလဲနဲ့ အေးအေးဆေးဆေး ဆွေးနွေးပါရစေ"

လောလောဆယ် သူ့ဘက်က တတ်နိုင်တာ ဒါပဲရှိသည်။

"ပုလဲ ငါတို့ အေးအေးဆေးဆေး စကားပြောကြရအောင်"

ပုလဲကို ဖိုးချဲပေါ် သူကိုယ်တိုင်ပဲ အသာမွှေ့ခေါ်သွားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရှေ့တစ်ပတ် ပတ်တီးဖြေလျှင် ပုလဲ ကောင်းစွာ လမ်းလျှောက်နိုင်တော့မည်ဆိုတာ တွေးမိတော့ သူ့စိတ်ထဲတွင် ပေါ့ပါးသွားသည်။

ပုလဲတို့ခြံ အနောက်ဘက်သည် သူထင်ထားတာ ထက်ပင် ကျယ်ဝန်းနေသည်။

"ပုလဲ ... နင် ဒီအတိုင်း ထိုင်မလား၊ ခန်းပေါ်မှာ ထိုင် မလား"

"ဒီအတိုင်းပဲ ထိုင်မယ်"

ပုလဲထိုင်နေသော ဝိုးချပ်လေးက သူ့အဖေကိုယ် တိုင် ပုလဲအတွက် ဝယ်ပေးခဲ့ခြင်း ဖြစ်သည်။

ခြေထောက်မကောင်းသည့် တစ်လျှောက်မှာ အသုံး ပြုရန် ဖြစ်သည်။

"ပုလဲ ... နင် ဘာဖြစ်လို့ မငြင်းတာလဲ"





"ဘာဖြစ်လို့လဲ ညီလတ်၊ နင် သဘောမတူဘူးလား"

ပန်းတစ်ပွင့်ကို ချူးဆွတ်ပြီး၊ ဆော့ကစားနေသော လဲက ပေါ့ပေါ့ပါးပါးပင် ပြန်မေးနေသေးသည်။

အသွင်ကို ချက်ချင်း သတိရလိုက်သည်။

အသွင်ရယ် ... အဲဒါ နင့်ကြောင့်။

ပုလဲ ပြန်ရောက်ရောက်ခြင်း အသိပေးခဲ့ရင် ဒီလို ဖြစ်မယ်မထင်။

"မနက်ဖြန် အသွင် ပြန်လာတော့မယ်"

စကားက အဆက်အစပ် မရှိတာမို့ ပုလဲက တိတ် တိတ်စွာ သူ့ကို မော့ကြည့်သည်။

"အသွင် ပြန်လာရင် နင့်ကို အသိပေးစရာတစ်ခု ရှိတယ်လို့ ငါ့ကို ပြောသွားတယ်"

သူ ဘာကို ဆိုလိုချင်မှန်း ပုလဲ သိဦးမည်မဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



"အသွင် ဘာဖြစ်လို့လဲဟင်"

သူမတို့ နှစ်ယောက်ကြားမှာ ရှိသော သံယောဇဉ် အတိမ်အနက်ကို သူ သိတာမို့ ဒီကိစ္စ အေးဆေးစွာ ပြေလည်သွားလိမ့်မည်ဟု သူ ယူဆသည်။

"ငါနဲ့ အသွင်နဲ့ ချစ်သူတွေ ဖြစ်နေကြပြီဆိုတာ အသွင်က နင့်ကို ပြောပြမလို့တဲ့"

ပုလဲ လက်ထဲက ပန်းလေး လွတ်ကျသွားသည်။

ပုလဲ သူ့ကို အံ့အားသင့်စွာ ...

ငြိမ်သက်စွာ မော့ကြည့်သည်။

တစ်ခဏကြာမှ ...

"ငါ့ကို အသိပေးရုံသက်သက် ဆိုပါတော့"

ပုလဲ အသံ ခြောက်သွေ့လွန်းသည်ဟု သူထင်သည်။





အခုမှ သိရသည့်အတွက် ပုလဲစိတ်ဆိုးသွားပြီထင်သည်။

"မဟုတ်ပါဘူး ပုလဲရယ် ... အသိပေးရုံ မဟုတ်ပါဘူး၊ အသွင်က ရှက်နေသေးလို့ နင့်ကို မပြောဖြစ်သေးတာပါ"

ပုလဲ ... အသွင့်အပေါ်မှာ စိတ်ခုသွားတာကိုတော့ သူ မလိုလားပါ။

"အဲဒီတော့ ငါ ဘာလုပ်ပေးရမလဲ"

ပုလဲ ကိုယ်တိုင် ခြောင်ဖွင့်မေးတော့လည်း စကားစရှာ သူ အားနာနေသည်။

"ပုလဲ ...နင်က ငါ့ရဲ့ သူငယ်ချင်းကောင်းပါ၊ ဒီတော့ ဖြစ်နိုင်ရင် ဒီမင်္ဂလာကိစ္စကို နင် သဘောမတူပါနဲ့၊ ငြင်းလိုက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



သူ့စကားကြောင့် ပုလဲ အလွယ်တကူ ပေါက်ကွဲသွားသည်။

"ငါ့ကို ငြင်းလိုက်ပါ ဟုတ်လား၊ နင်ကိုယ်တိုင် ဘာလို့ မငြင်းတာလဲ၊ ခုနတုန်းက ငါ့အဖေရှေ့မှာ နင့်အဖေရှေ့မှာ နင်ကိုယ်တိုင် ငြင်းလိုက်ပါလား၊ ဘာလို့ သားလိမ္မာလုပ်လာသေးလဲ၊ နင် ယောက်ျားပဲ ပြတ်ပြတ်သားသား ငြင်းလိုက်ပါလား"

သူ မှားသွားပြီဆိုတာ ချက်ချင်းသိလိုက်သည်။

သူ့ဆန္ဒက ပုလဲကို ဘာကြောင့် လက်မထပ်နိုင်ကြောင်း ပြောပြချင်ရုံသက်သက် ဖြစ်သည်။

အခုတော့ ပုလဲ ဒေါသကို ဆွပေးသလို ဖြစ်သွားသည်။

"ဆောရီး ပုလဲ ...ငါက နင့်ကို အကူအညီတောင်းတာ





မဟုတ်ပါဘူး၊ ငါ့ဘက်က အခြေအနေမှန်ကို နင်သိအောင် ပြောပြတာပါ၊ အမှန်အတိုင်း ပြောရရင် ငါသာ အသွင်ကို မချစ်မိရင် နင့်ကို လက်ထပ်မိမှာ သေချာတယ်"

"ဩော် ... အသွင် မရှိမှ ငါက နင့်ကို ပိုင်ဆိုင်ခွင့်ရမှာကိုး"

တိုင်တည်သလို တီးတိုးရွတ်ဆိုသော ပုလဲစကားကို မငြင်းမိပါ။ သူ့ဘဝမှာ အသွင်က အရာအားလုံးထက် အရေးကြီးသည်ဆိုတာ ပုလဲ သိလျှင် တော်ပြီ။

"နင် ... အသွင့်ကို တကယ်ချစ်တာလား ညီလတ်"

ပုလဲ မျက်ဝန်းက သူ့အဖြေကို အသည်းအသန်စောင့်နေသည်။

"အရာအားလုံးထက်ပေါ့"

သူ့စိတ်တဲကနေ အလေးနက်ဆုံး ဖြေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပုလဲ မျက်ဝန်းတွေ ဖျတ်ခနဲ မှိတ်သွားသည်။

သူကလည်း ငြိမ်ငြိမ်သက်သက်ရပ်ရင်း ပုလဲ

လည်း ငြိမ်သက်စွာ ထိုင်ရင်း အချိန်တော်တော်များများ ကုန်

သွားသည်။

"ညီလတ် ... နင် အသွင့် နှလုံးသားကိုပဲ ကြည့်ခဲ့

လား၊ ငါ့နှလုံးသားကို ဖွင့်ကြည့်ဖို့ရော နင် တစ်ခါမှ

မကူးခဲ့ဖူးလား"

သူ ပုလဲကို အလန့်တကြား ငုံ့ကြည့်မိသည်။

"နင်ရယ် ... ငါရယ် ... အသွင်ရယ်က သူငယ်ချင်းတွေ

နင် ဘာဖြစ်လို့ အသွင့်ကို ရွေးချစ်ခဲ့တာလဲ၊ နင် ဘာ

လို့ ငါ့ကို မချစ်ခဲ့တာလဲ"

ပုလဲရယ် ... အချစ်ဆိုတာ ရွေးချယ်လို့ မရ

ဖန်တီးလို့ မရဘူးဆိုတာ ငါ ဘယ်လိုပြောရမလဲ။





ပုလဲ မျက်ရည်ကျလာတာ မြင်တော့ ပိုဆိုးသည်။

သူ့ကြောင့် ပုလဲကို စိတ်မထိခိုက်စေချင်ပါ။

ပုလဲက မျက်ရည်လည်ရွဲနှင့် သူ့ကို မော့ကြည့်ပြီး

တီးတိုးပြောသည်။

"နင် သိလား ညီလတ်၊ အကြွေးဆိုတာ ယူပြီးရင် ပြန်

ဆပ်ရမယ် ဆိုပြီး၊ နင် ငါ့ကို ထုတ်ဆီးတိုးပွဲမှာ အနိုင်ယူ

ခဲ့ကတည်းက ငါ နင့်ကို ချစ်နေခဲ့တာ၊ နင် ဘာဖြစ်လို့

မသိခဲ့တာလဲ"

သူ့အတွက် ကမ္ဘာကြီးက အရမ်းထူးဆန်းနေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ထူးဆန်းမှုတွေ ပေးသည့်အထဲမှာ ပုလဲ
ထိပ်ဆုံးမှ ပါဝင်နေသည်။

သူ မမျှော်လင့်ထားသော လုပ်ရပ်တွေကို ပုလဲ
တစ်ခုချင်း လုပ်ပြတတ်သည်။

ပိုပြီး ဆိုးတာက ပုလဲ လုပ်ပြသော ကိစ္စအားလုံး
သည် သူနှင့် သက်ဆိုင်နေခြင်းပင် ဖြစ်သည်။

"ဟော့ကောင် ... ထွက်ခဲ့စမ်း"

နောက်တစ်နေ့မနက် သူ အိပ်ရာကထောင် မနိုးသေး
ဒေါသဖြင့် ပြင်းထန်နေသော အမေ့ အသံကြောင့် သူ လူးလဲ
ပြီး အခန်းအပြင်ဘက် ထွက်ခဲ့သည်။





"ဟော့ကောင် ... မင်း မနေ့က ပုလဲကို ဘာပြောလိုက်သလဲ
ပြောစမ်း"

အဖေက မေးလည်းမေး သူ့ကို "ခွပ်"ခနဲ ထိုးချ
လိုက်သည်။

မမျှော်လင့်ထားသဖြင့် သူ ဖျတ်ခနဲ ယိုင်ဆင်းသွား
သည်။

"ကိုဘတင့်ကလည်း ဘာဖြစ်လာတာလဲ၊ ပြေပြေလည်လည်
ပြောမှပေါ့"

အမေက သူ့ရှေ့ကနေ ကာကွယ်ပြီး ပြောပေးသည်။

ခုနတုန်းက အိပ်ချင်မူးတူး ဖြစ်နေတာတွေ အားလုံး
လွင့်စဉ်ထွက်ပြေးသွားကြသည်။

"မင်းသားက ဂြိုဟ်ကောင်၊ မနေ့က ပုလဲကို ဘာသွားပြော
မသိဘူး၊ ညတုန်းက ပုလဲ ကိုယ့်ကိုယ်ကိုယ် သတ်သေတယ်"



www.burmeseclassic.com

www.burmeseclassic.com



သူ ဆတ်ခနဲ ခေါင်းထောင်သွားသည်။

"ဘုရား ... ဘုရား ... ဘာဖြစ်သွားလဲ"

သူ့နည်းတူ အမေကလည်း စိုးရိမ်သွားသည်။

"လက်ကောက်ဝတ်ကို ဓားနဲ့ လှီးတာလေ၊ ကံကောင်း ထောက်မလို့ပေါ့၊ လှီးပြီးပြီးချင်း သူ့အမေ တွေ့သွား တယ်"

"ကလေးမလေးကလည်း ဘာလို့ ဒီလိုလုပ်ရတာလဲ"

ပုလဲ ဘာမှ မဖြစ်ဘူးဆိုတာ သိမှ သူ့ရင်ထဲက အလုံးကြီး ကျသွားသည်။

"သူ့အိမ်က ဘာပြောကြသေးလဲ"

"ဘာမှ မပြောပါဘူး၊ စိတ်တော့ ညစ်နေကြတာပေါ့၊ ဘာ ဖြစ်လို့ သတ်သေလဲ မေးတော့လည်း မဖြေဘူး၊ အခုချိန် ထိ ကောင်မလေးက စကားတစ်ခွန်းမှ မပြောသေးဘူး"





ငါ နင့်ကို ချစ်နေခဲ့တာ နင် ဘာဖြစ်လို့ မသိခဲ့တာလဲ၊

သံ၏ တီးတိုးအသံကို သူ ပြန်ကြားယောင်မိတော့ စိတ်မကောင်း ဖြစ်သွားသည်။

ပုလဲရယ် ... နင် အဲဒီလောက်ထိ မလုပ်သင့်ဘူးဆို တာ နင် မသိဘူးလား ...။

"ဟော့ကောင် ... ပြောစမ်း ... မင်း မနေ့က ပုလဲကို ဘာပြောခဲ့သလဲ"

သူ ရှောင်ပြေးလည်း လွတ်မည် မထင်။

"ကျွန်တော် သူ့ကို လက်မထပ်နိုင်ဘူးလို့ ပြောလိုက်တယ် အဖေ"

အဆုံးမှာတော့ သူ ဝန်ခံလိုက်သည်။

သူ့စကားက အဖေ့ ဒေါသကို နှိုးဆွပေးလိုက် သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘုရားရေ ... မင်းက ပုလဲကို လက်မထပ်နိုင်လော

အောင် မင်းက ဘာကောင်မို့လို့လဲ"

အဖေ့ အခြေအနေက သူ့ဘက်က လုံးဝမရှိ

"ကျွန်တော့်မှာ ချစ်သူ ရှိတယ်အဖေ"

မထူးတော့ ...

ရင်ဆိုင်ရမည့်အတူတူ ခုကတည်းက ရင်ဆိုင်ထ

လိုက်တော့မည်။

"ဘယ်သူလဲ"

"အသွင်ဖြူပါ အဖေ"

အသွင့်အပေါ် ချစ်သည့်စိတ်နှင့် သူ့အဖြေသ

ရဲရင့်နေသည်။

သူ့အဖြေကြားသည်နှင့် အဖေက မျက်မှောင်

ကုတ်ပြီး ခေါင်းခါတော့သည်။





"သူ့အဖေ ဆုံးသွားပြီ မဟုတ်လား၊ ပုလဲတို့ ဝပ်ရှော့မှာ

လုပ်တာလေ"

"ဟုတ်တယ် အဖေ"

"တော်တော့၊ တော်တော့ ဆက်မပြောနဲ့တော့၊ ငါ သဘော

မတူနိုင်ဘူး၊ မင်းကို ပုလဲနဲ့ပဲ သဘောတူတယ်"

အခုချိန်မှာ သူ သတ္တိမရှိလျှင် အသွင်နှင့် တစ်သက်

း ဝေးရတော့မည်။

"ကျွန်တော် ပုလဲကို မယူနိုင်ဘူး အဖေ"

သူ ပြတ်ပြတ်သားသားပင် ငြင်းဆန်လိုက်သည်။

အဖေဒေါသသည် ဘယ်လိုမှ ချုပ်၍မရတော့

"ခွေးကောင်၊ မင်းဆန္ဒကို သိမ်း၊ မင်း ပါးစပ်ကို ပိတ်ပြီး

နေစမ်း၊ သွား အခုချက်ချင်း ပုလဲကို သွားတောင်းပန်"



www.burmeseclassic.com

www.burmeseclassic.com



သူ့ဆန္ဒနှင့် အဖေ့ဆန္ဒသည် လုံးလုံးကြီး ဆန့်

နေသည်။

သူ ပေကတ်ကတ် ရုပ်နေတာကို အဖေက ကြည့်

"သွား ... မင်းကြောင့် သူများသားသမီး သေ

ဖြစ်နေတာကိုတောင် မင်းက မတောင်းပန်ချင်ဘူးလား

သူ အဖေ့ရှေ့မှာ ဆက်ရပ်နေ၍ မဖြစ်တော့

သူ အဖေ့ရှေ့က ထွက်ခဲ့သည်။

သို့သော် ... သူ့ခြေလှမ်းဦးတည်ရာသည် အ

တို့အိမ်ဘက် ဖြစ်နေသည်။



အသွင့်မျက်နှာမှာ ညှိုးငယ်မှိုင်းမှောင်သွားတော့ သူ စိတ်ထိခိုက်သွားသည်။

အသွင့်ကို အမြဲတမ်း ပျော်စေချင်သည့် သူ့ဆန္ဒက အခုထက်ထိတော့ ကောင်းကင်တစ်ခုလို ဝေးကွာနေဆဲဖြစ်သည်။

"ကိုယ် ပြောမယ် အသွင်၊ သေချာနားထောင်၊ ကိုယ်တို့ ဝေးလို့ မဖြစ်ဘူးဆိုတာ နားလည်လား"

"အင်း"

"ကိုယ်တို့ မနက်ဖြန် ထွက်ပြေးကြမယ်"

အသွင်က သူ့ကို အလန့်တကြား မော့ကြည့်သည်။

www.burmeseclassic.com



မဖြစ်နိုင်ဘူး ဆိုသည့် အရိပ်အယောင်က အသွင့် မျက်နှာမှာ ထင်ဟပ်လျက် ...

အသွင် ဖြည်းညင်းစွာ ခေါင်းခါတာကိုပဲ သူသည် မခံနိုင် ဖြစ်နေသည်။

"ဘာဖြစ်လို့လဲ အသွင်"

"ငါ ပုလဲကို အဲဒီလို မလုပ်နိုင်ဘူး"

ပုလဲ အပေါ်မှာထားသည့် အသွင်ရဲ့ သံယောဇဉ်ကို သူ နားလည်ပါသည်။

သို့သော် ဘဝတစ်ခုလုံးနှင့် ပေးဆပ်စရာ မလို[illegible] ထင်သည်။

"အသွင်ရယ်၊ နောက်တော့ ပုလဲ နားလည်လာမှာပါ"

"အခုကော ပုလဲ ဘယ်လို နေသေးလဲ"

"ကိုယ် သွားမကြည့်ရသေးဘူး"





ပုလဲကို စိုးရိမ်စရာပုံစံ တစ်ခုခုနှင့် မြင်ရမှာ သူ [illegible]ကြောက်နေမိသည်။

"ငါ သွားကြည့်ချင်တယ်"

"နောက်မှ သွားကြည့်ပါ အသွင်ရယ်၊ ငါ အရင်သွားကြည့် လိုက်ဦးမယ် ဟုတ်ပြီလား"

အခုချိန်မှာ ပုလဲ စိတ်တွေ ငြိမ်သက်နိုင်ဦးမည် [illegible]တ်၊ တော်ကြာ ပုလဲ စိတ်ရိုင်းက အသွင့်ကို တစ်ခုခု နစ်နစ် [illegible] ပြောလိုက်မှာ သူ စိုးရိမ်သည်။

"အသွင် မနက်ဖြန် ကိုးနာရီလောက် ကမ်းနားဘေးက ခါတိုင်းတွေ့နေကျ နေရာကပဲ စောင့်၊ ငါ လာခဲ့မယ်"

တစ်သက်တာအတွက် ဒီလိုမှ မစွန့်စားလျှင် သူ [illegible]နှင့် ဝေးရလိမ့်မည်ဆိုတာ သိနေသည်။

"ဖြစ်ပါ့မလား ညီလတ်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ငကြောက်၊ အရင်က သတ္တိတွေ ဘယ်ရောက်ကုန်ပြီလဲ"

"တူမှမတူတာ"

အသွင်ရဲ့ စိုးရိမ်စိတ်တွေကို ဘယ်လို ဖြေပျောက်

ပေးရမလဲတောင် မသိတော့။

ညနေခင်းက တော်တော်လေး အရောင်မှဲ့လာတာ

သူ အသွင့်ကို မှာစရာရှိတာ မှာပြီး နှုတ်ဆက်လိုက်သည်။

"မနက်ဖြန် ကိုးနာရီ ဆက်ဆက်လာခဲ့နော် အသွင်

ဘာမှ ယူမလာနဲ့၊ အဝတ်အစားနှစ်စုံ သုံးစုံလောက်

ထည့်ခဲ့"

အသွင်က ခေါင်းမညိတ်။

"နင် မလာမချင်း စောင့်နေမှာနော် အသွင်"

အသွင့်ကို တစ်ခါတည်း ချည်နှောင်လိုက်သည်

အသွင့်ဆီက အပြန် ပုလဲတို့အိမ်ဘက် ဦး

လိုက်သည်။



"မင်းဦးလေး ဆရာဝန် သွားပင့်တယ်"

ပုလဲ အမေက သူ့ကို မျက်နှာမကောင်းစွာ ဆီး ကြိုသည်။

"သမီး အခန်းထဲမှာ ရှိတယ်၊ ဝင်သွားလိုက်"

အေးဆေး၍ သဘောကောင်းသော ပုလဲ အမေက သူ့ကို အပြစ်မတင်။

"ဟုတ်ကဲ့ အန်တီ၊ ကျွန်တော် ပုလဲကို ဝင်ကြည့်လိုက်ဦး မယ်"

ခြေသံမကြားအောင် ဂရုစိုက်ပြီး ပုလဲအခန်းထဲသို့ သူ ဝင်ခဲ့သည်။

ပုလဲက သူ့ကို မမြင်။

ပတ်တီး မဖြေရသေးသဖြင့် ခြေထောက်မှာ ပတ်တီး အဖွေးသား၊ လက်ကောက်ဝတ်မှာ ပတ်တီးအထပ်ထပ်နှင့် ပုလဲ သည် ငြိမ်သက်စွာပင် မျက်နှာကြက်ကို ငေးကြည့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒီနှစ်ရက်အတွင်း ပုလဲ ပုံစံသည် အရင်က သွက်သွက်လက်လက် ရှိလှသော ကောင်မလေးတစ်ယောက် မဟုတ်တော့သလို ပုံစံ ပြောင်းထွက်သွားသည်။

"ပုလဲ"

သူ တိုးတိုးလေး ခေါ်ကြည့်သည်။

ပုလဲက ကြားဟန်မတူ။

ပုလဲကို ဒီပုံစံနှင့် မြင်ရတော့ သူ ရင်ထဲမှာ နင့်ခနဲနေအောင် သနားသွားသည်။

သူ ဆက်မခေါ်တော့။

သက်ပြင်းအသာချပြီး လှည့်ထွက်ခဲ့သည်။

အပြန်လမ်းတစ်လျှောက်လုံး ပုလဲပုံစံက သူ့ခေါင်းထဲတွင် စိုးမိုးပြီး ပါလာသည်။





ကိုးနာရီခွဲဖို့ ငါးမိနစ်သာ လိုတော့သည်။

ထိုင်ရမလို ထရမလိုနှင့် အခုထက်ထိ သူ စိတ်မငြိမ်သေး။ အသွင်တော့ စောင့်နေတော့မည်။

အဝတ်အစား အနည်းငယ် ထည့်ထားသော ကျောပိုးအိတ်ကို သူ ကောက်လွယ်လိုက်သည်။

အဖေနှင့်အမေ စောစောကပဲ အိပ်ရာဝင်သွားသဖြင့် သူ အဆင်ပြေသွားသည်။

ခြေသံလုံလုံနှင့် သူ အိမ်ပေါ်က ဆင်းသည်။ ပြီးတော့ ခြံတံခါးကို အသာတွန်းဖွင့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ညီလတ် ... မင်း ဘယ်သွားမလို့လဲ"

ရုတ်တရက်မို့ သူ လန့်သွားသည်။

သို့သော် လှည့်ကြည့်စရာ မလိုအောင် သူ သိပါသည်။

အဖေ အိပ်ပြီလို့ ထင်ခဲ့တာ သူ့အမှားပေါ့။

"ကျွန်တော့်ကို ခွင့်လွှတ်ပါ အဖေ"

ခြံတံခါးကို ဆုပ်ကိုင်ထားသော သူ့လက်ကို မဆုတ် ခွာမိ။

သူ သွားမှဖြစ်မည်။

အသွင် သူ့ကို မျှော်လင့်တကြီးနှင့် စောင့်နေလိမ့် မည်။

"မင်း သွားချင်ရင် သွားပေါ့၊ မင်းကြောင့် အရုထ [...] အိပ်ရာပေါ်က မထနိုင်သေးတဲ့ ပုလဲကို မင်း မျက်နှာ [...] ခဲပစ် လုပ်နိုင်ရင် သွားပေါ့"





အိပ်ရာပေါ်မှ ပတ်တီးအဖွေးသားနှင့် ပျော့ခွေနေသော [...]လဲ ပုံစံက သူ့မျက်ဝန်းမှာ လာထင်သည်။

"ဒီလို မပြောပါနဲ့ အဖေရယ်"

"မင်းနဲ့ အသွင်ဖြူ လက်ထပ်သွားရင် ပုလဲ နောက်တစ်ကြိမ် ကိုယ့်ကိုယ်ကိုယ် သတ်မသေပါဘူးလို့ မင်း အာမခံနိုင်လား"

ဒီကိစ္စကို သူ စောစောက ဘာဖြစ်လို့ မစဉ်းစား [...]သလဲ။

သူ့ခြေလှမ်း မရွေ့မိသေးသော်လည်း စိုးရိမ်တကြီး [...]င့်မျှော်နေရှာမည့် အသွင့်ကို မြင်ယောင်တော့ သူ့နှလုံးသားက [...]ကျင်လာသည်။

"မပြောပါနဲ့တော့ အဖေ၊ မပြောပါနဲ့တော့"

သူ ရှုံ့မဲ့ရှုံ့ရှုံ့ အော်ဟစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အခုချိန်ထိ အဖေ့ကို သူ မျက်နှာချင်းမဆိုင်သေး။

ထွက်ခွာရန် အသင့်ပုံစံနှင့်ပဲ သူ ရပ်မိနေဆဲဖြစ်သည်။

“ပုလဲ ကိုယ့်ကိုယ်ကိုယ် သတ်သေလိုက်မှ မင်း နှစ်ယောက်ရဲ့ဘဝ သာယာချမ်းမြေ့မယ် ဆိုရင် သွားပါ၊ အဖေ မတားပါဘူး၊ ပုလဲကို ဒီအတိုင်း ထား ပါ”

သူ့လက်ထဲက ကျောပိုးအိတ် လွတ်ကျသွားသည်

“ညီလတ်ကို လုပ်ဦးဟာ”ဆိုပြီး တုတ်တစ်ချောင်း နှင့် ရန်ကူဖြစ်ပေးခဲ့သော ပုလဲ။

ဒီအချိန်ကတည်းက နင့်ကို ငါ ချစ်ခဲ့တာ ဘာလို့ မသိခဲ့တာလဲ ဟု တီးတိုးဆိုခဲ့သော ပုလဲ။





သူနဲ့အသွင်ရော ပုလဲမရှိသည့် နောက်ပိုင်း ပျော်နိုင်ပါမလား။

ပုလဲ တစ်ခုခုဖြစ်သွားလျှင် သူရော အသွင်ပါ တစ်သက်လုံး ရင်နင့်ပြီး ပျော်ရွှင်နိုင်တော့မည် မဟုတ်။

ထိုခဏအတွင်း ဆုံးဖြတ်ချက်တစ်ခုကို ချမိပြီးသား ဖြစ်သွားသည်။

အသွင် ...

ငါ့ကို ခွင့်လွှတ်ပါ ...။

ငါတို့နှစ်ယောက်ရဲ့ အချစ်ကို အဝေးဆုံးမှာပဲ သိမ်းဆည်းထားလိုက်ပါ။

အိုး ... အတွေးနဲ့တောင် သူ့နှလုံးသားက အပြင်းအထန် နာကျင်လာတာ အသွင်ရော ...

“ကျွန်တော် ပြန်လာခဲ့မယ် အဖေ”



www.burmeseclassic.com

www.burmeseclassic.com



သူ အဖေ့ဘက်ကို လှည့်ပြီး ကတိစကားတစ်ခွန်း ပြောလိုက်သည်။

အဖေ ခပ်ပါးပါးပြုံးလိုက်တာ သူ မြင်သည်။

သူ လှစ်ခနဲ ပြေးထွက်လာသည်။

ဆယ်နာရီခွဲပင် ကျေ[illegible]ပြီဖြစ်သဖြင့် အသွင့်ကို သူ စိတ်ပူလှသည်။

အသွင်ရယ် ခွင့်လွှတ်ပါ။

သူ့စိတ်ထဲမှာ အသွင် ခွင့်လွှတ်ဖို့သာ ကြိုးစိုးနေသည်။

ခပ်လှမ်းလှမ်း ထောင့်ချိုးလေးကို ကျော်လျှင် ချိန်းထားသော နေရာကို ရောက်ပြီ။

ထောင့်ချိုးထိပ် အရောက်မှာပင် ဖြည်းညင်းစွာ လျှောက်ပြီး ပြန်လာသော အသွင့်ကို တွေ့ရသည်။





ယိုင်နဲ့နဲ့နှင့် အသွင့်ပုံစံသည် စိတ်နှင့်ကိုယ် မကပ်လို လွင့်မျောနေသည်။ အသွင့်လက်ထဲမှာလည်း ဘာအိတ်မှ ပါ။

သူ မှောင်ရိပ်ထဲမှာပင် ခြေစုံရပ်လိုက်သည်။

ဓာတ်တိုင်မီး ခပ်ဖျော့ဖျော့အောက်က အသွင်က ကို မမြင်ပါ။

"အသွင်"

သူ လှမ်းခေါ်မည် ပြုပြီးမှ မခေါ်ဖြစ်တော့။

အနီးကပ်မြင်ရသော အသွင့်မျက်ရည်တွေက သူ့ အားလုံးကို ဝါးမျိုသွားလိမ့်မည်။

ချစ်သူ၏ မျက်နှာကို အမှောင်ရိပ်ထဲကနေပဲ သူ ကြည့်နေမိသည်။

ချစ်အသွင်ရယ် ... ခွင့်လွှတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ကွေ့ အကျော်မှာ အသွင့်အိမ်ဖြစ်သ…
စိုးရိမ်စရာတော့ မရှိပါ။

အသွင့်ကို ကျောခိုင်းပြီး ထွက်လာစဉ် …

မျက်ရည်စက်အချို့က လွင့်စင်ခုန်ချလာသည်။

❦ ❦





ညတစ်ညလုံးကို တစ်ရေးမှ မအိပ်စက်ဘဲ ဒီအတိုင်း
…ဖြတ်လာခဲ့သည်။

နောက်တစ်နေ့မနက် ပုလဲဆီအလာ၊ ပုလဲတို့ ခြံထိပ်
အသွင်နှင့် ပက်ပင်းတိုးသည်။

သူရော အသွင်ရော ရှေ့ဆက်တိုးဖို့ ခက်နေသလို
…မှမ်းရပ်သွားသည်။

ဖျော့တော့မှိုင်းဖျသော ပုံစံနှင့် ချစ်သူကို မြင်ရတော့
…င်ထဲ တစစ်စစ် နာကျင်လာသည်။

"အသွင်"



www.burmeseclassic.com

www.burmeseclassic.com



သူကပဲ ဦးအောင်နှုတ်ဆက်ပြီး အသွင့်နံ
လျှောက်သွားလိုက်သည်။

"ညီလတ်"

မိုန်ဖျော့ဖျော့ အပြုံးတစ်ခုက အသွင့် နှုတ်
ရောက်လာသည်။

"အသွင် ... တကယ်တော့ ..."

အသွင်က သူ့ကို စကားဆက်ခွင့် မပေးပါ။

"ဘာမှ မပြောပါနဲ့တော့ ညီလတ်ရယ်၊ အား
ငါ နားလည်ပါတယ်"

အသွင်သည် သူ့နှလုံးသားအထဲထိ ထိုးဖော
ရှိနိုင်စွမ်း ရှိသည်။

"ငါ မနေ့က နင်ချိန်းတဲ့နေရာကို လာခဲ့တယ်၊ ဒါ
နင့်နောက်ကို လိုက်ဖို့ မဟုတ်ဘူး၊ ငါ နင့်နော
မလိုက်နိုင်ဘူးဆိုတာ လာပြောတာ"





ဒါကြောင့် ညက အသွင့်ဆီမှာ အိတ်တွေဘာတွေ
မပါလာတာကိုး။

အခုမှ သူ သဘောပေါက်သည်။

"ငါနဲ့ ပုလဲကြားထဲက သံယောဇဉ်ကို နင် နားလည်ပါတယ်
ညီလတ်၊ ငါ ဘယ်လိုနည်းနဲ့မှ ပုလဲကို ရက်ရက်စက်စက်
မလုပ်ရက်ဘူး၊ ပြီးတော့ ပုလဲ မိဘတွေရဲ့ ကျေးဇူးက ငါ့
အပေါ်မှာ ရှိသေးတယ်လေ"

ငိုချင်စိတ်ကို အတင်းမျောက်၊ အားတင်းပြီး ပြော
နေရသော အသွင့်ကို သူ နားလည်ပါသည်။

"ပုလဲ ပျော်ပါစေ ညီလတ်ရယ်"

ပုလဲ ပျော်ပါစေတဲ့။

သူ နာနာကျင်ကျင် ပြုံးမိသလားတောင် မသိ။

ညာတာမှုတွေ ...



www.burmeseclassic.com

www.burmeseclassic.com



ထောက်ထားမှုတွေ ...

ကျေးဇူးတရားတွေ ကြားထဲမှာ ငါတို့နှစ်ယောက်ရဲ့ အချစ်တွေကို သတ်ပစ်ရမယ်ပေါ့။

"အသွင်"

သူ ခေါ်တော့ အသွင်က မျက်ရည်ကြားက အားတင်းပြီး ပြုံးသည်။

"ငါတို့နှစ်ယောက်က သူငယ်ချင်းပဲ ဖြစ်သင့်တာပါ ညီလတ်ရယ်"

အသွင်သည် သူ့ကို စကားတစ်ခွန်းမှ ပြောခွင့်မပေးဘဲ သူ ရက်ရက်စက်စက် စိတ်ကူးခဲ့သော ဆန္ဒအားလုံးကို အကောင်အထည်ဖော်ပေးနိုင်ခဲ့သည်။

"အသွင် ... တစ်ခု မှတ်ထားပေးပါ၊ ကိုယ် အသွင့်ကို လက်မထပ်နိုင်ပေမဲ့ ကိုယ့်အချစ်ဆုံး မိန်းမတစ်ယောက်က အသွင်ပဲဆိုတာ မှတ်ထားပေးပါ"





"ကျေးဇူးတင်ပါတယ် ညီလတ်"

အသွင်က မျက်ရည်သုတ်ပြီး ဟန်မပျက် ခြံထဲ သွားတော့ သူလည်း နောက်ကနေ လိုက်ဝင်ခဲ့သည်။

"ပုလဲရေ ... ပုလဲ ... နင့်အကြောင်း ငါ အခုမှ သိတယ်၊ ညီလတ် နင့်ကို နောက်လိုက်တယ် မဟုတ်လား"

ရွှန်းရွှန်းဝေနေသော အပြုံးနှင့် ပုလဲအိပ်ရာနံဘေးမှာ အသွင်က ဝင်ထိုင်ရင်း စကားစလိုက်သည်။

ပုလဲက ဘာမှ မပြော ...

"ညီလတ်က သူနဲ့ ငါနဲ့ ကြိုက်နေတယ်ဆိုပြီး နင့်ကို နောက်တယ် မဟုတ်လား၊ အလကား ဒီကောင် နောက်နေတာ၊ မသာကောင်၊ နင် ဘာဖြစ်လို့ ဒီလို နောက်လိုက်တာလဲ၊ ငါ့သူငယ်ချင်း တစ်ခုခုဖြစ်ရင် နင့်ကို ငါ ကိုယ်တိုင် သတ်ပစ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



အသွင်က ဟန်ဆောင်ကောင်းပါသည်။

မင်းသမီးရှုံးသော အိုက်တင်မျိုးနှင့် သူ့ဘက်လှည့်

ကြိတ်ကာ လက်သီးထောင်ပြသေးသည်။

အသွင် ဘယ်လို ဇာတ်ကွက်မျိုး ဖန်တီးနေတယ်

တာ သူ နားလည်တာမို့ နှလုံးသားက တစစ်စစ်နှင့် နာကျင်

သလို ခံစားလိုက်ရသည်။ အသွင် တော်ပါသည်။

ခုတင်ပေါ်မှာ ငြိမ်သက်စွာ လှဲနေသော ပုလဲ

ချက်ချင်း လှုပ်ရှားလာသည်။

"အသွင် နင် ဘာပြောတာလဲဟင်"

"သူငယ်ချင်းရယ်၊ နင်က လည်မလိုနဲ့ အမြဲတုံး

ညီလတ်နဲ့နင့်ကို ပေးစားဖို့ သဘောတူထားလို့ ညီလ

သူနဲ့ ငါ ကြိုက်နေပါတယ်ဆိုပြီး နင့်ကို ပြော

မဟုတ်လား၊ အလကား အဲဒီကောင် သက်သက်





စချင်လို့ ပြောတာ၊ ငါလား သူ့ကို ကြိုက်မှာ၊ မျက်စိမပါတဲ့

နင့်လို မိန်းမပဲ ကြိုက်မှာသိလား"

ပုလဲ အပြုံးက ချက်ချင်း အသက်ဝင်လာသည်။

"တကယ်ပြောတာလားဟင်"

ပုလဲ အမေးမှာ အသွင်က သူ့ကို မျက်စေ့ လှမ်း

ကြည့်သည်။

ထိုခဏလေးမှာ အသွင့်မျက်ဝန်းထဲက ဝမ်းနည်းရိပ်

တွေကို သူ လှမ်းမြင်လိုက်ရသည်။

ခဏလေး ... ခဏလေးပါပဲ ...

"ညီလတ် ... နင့်ပြဿနာ နင့်ဘာသာ လာရှင်း၊ သူများ

သားသမီးကို စတုန်းကစပြီး ပြဿနာကြီးလာတော့မှ

အမေကယ်ပါ၊ အဘကယ်ပါဆိုပြီး ငါ့ကို အကူလာတောင်း

မယ်"



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှာ အောက်ဆုံးအဆင့်အထိ ထိုးကျနေသော ဝမ်းနည်းခြင်းတွေကို မျိုသိပ်၊ ဟန်ဆောင်ပြုံးတစ်ခုကို ငှားပြီး တပ်ဆင်။

"ဆောရီး ပုလဲ ရယ်၊ ငါ နောက်တာလွန်သွားတယ်၊ ငါ့ စိတ်ထဲမှာ နင့်ကို စချင်တာတစ်ခုပဲ ရှိတယ်၊ ငါ့ကြောင့် နင် ဒီလို ဖြစ်သွားတာ၊ ငါ တောင်းပန်ပါတယ် ပုလဲ ရယ်"

"ကဲ ... ယုံပြီလား"

အသွင်က ပုလဲပါးကို ခပ်ဖွဖွလေး နမ်းပြီးမေးသည်။

ပုလဲသည် ရှက်စနိုးပြုံးကာ ...

"ညီလတ် နင် အရမ်းနောက်တာပဲ"

"အဲဒီကောင် နောက်တာတော့ ပြောမနေနဲ့၊ ငါတောင် ကြားထဲက သိက္ခာကျတယ်၊ သူ့လို အရုပ်ကလန်ကလားနဲ့ အရှည်ကြီးကို ကြိုက်ပါလိမ့်မယ် အားကြီး"





တော်ပါတော့ အသွင်ရယ်၊ ဟန်ဆောင်တာတွေ ရပ်လိုက်ပါတော့။ အသွင် ဟန်ဆောင်မြီး ပြောလေ သူ့အတွက် ဝေဒနာတိုးလေ ဖြစ်သည်။

"ညီလတ်နော် ... နင် နောက်တစ်ခါ ငါ့ကို ဒါမျိုး ဘယ်တော့မှ မနောက်နဲ့ သိလား"

ငုတ်တုတ်ထထိုင်နေပြီ ဖြစ်သော ပုလဲက သူ့ကို လှမ်းကြိမ်းသည်။

"အေးပါဟာ"

ခြောက်သွေ့နေသော ရယ်သံကို သူတောင် မမှတ်မိ ချင်။

"ဩော် ... နေဦး ပုလဲ၊ တစ်ခုကျန်သေးတယ်၊ နင့် မေ့နေပြီလား"

"ဘာလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"နင်တို့နှစ်ယောက် မင်္ဂလာဆောင်ကျရင် ငါ သတို့သမီး အရန် လုပ်မှာနော်၊ ပြောပြီးပြီ"

အသွင့်စကားကို ကြားတော့ သူ့ရင်ထဲ ဟာဆင်း သွားသည်။

နင် ဒီလောက်ထိ ပေးဆပ်ဖို့ မလိုပါဘူး အသွင် ရယ်။

အသွင့်ကို ငေးကြည့်မိတော့ အသွင်က သူ့ အကြည့်ကို ရင်မဆိုင်ချင်ဟန်ဖြင့် ပုလဲဘက်သို့ မျက်နှာလွှဲကာ ပြုံးနေသည်။

အသွင့်အပြုံးတွေ ဖျော့တော့လွန်းတာကို သူ တစ်ယောက်တည်း ခံစားသိရှိလိုက်သည်။





နောက်ထပ်သုံးလအကြာမှာ သူနှင့် ပုလဲ လက်ထပ်သည်။

အသွင်က သူ့ကတိအတိုင်း သတို့သမီးအရန် လုပ်သည်။ ပုလဲလည်း ပျော်ရွှင်စွာ ပြုံးနိုင်သည်။

အသွင်လည်း ပြုံးနိုင်သည်။

သူ့မှာသာ ဟန်ဆောင်ပြုံး တပ်ဆင်နေရသည်။

သူနဲ့ပုလဲ လက်ထပ်သည့်နေ့ကို သူ ဘယ်တော့မှ ည်မဟုတ်။

ပန်းနုရောင် ထိုင်မသိမ်းဝတ်စုံနှင့် ပုလဲ အစွမ်းကုန် နေသလို အသွင်လည်း အဖြူရောင်ဝမ်းဆက်နှင့် လှပနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ညီလတ်ကလည်း တိုက်ပုံဝတ်ထားတာ အချိုးမကျလို
တာ၊ ဘယ်လို ဖြစ်တာလဲ၊ အသွင် လုပ်ပေးလိုက်ပါဦး"

မှန်ရှေ့တွင် ဆံထုံးထုံးပေးခြင်းကို ခံနေသော ပုလဲ
သူဝတ်ထားသော တိုက်ပုံအချိုးမကျတာကို လှမ်းမြင်သည်။

သူလည်း ကယောင်ချောက်ချားနှင့် တိုက်ပုံကြ
သီးတောင် မှန်အောင်မတတ်နိုင်ခဲ့။

"နေပါစေ ... ငါ့ဘာသာငါ လုပ်ပါ့မယ်"

သူ တားသော်လည်းမရ၊ အသွင်က သွက်သွ
လက်လက် လျှောက်လာပြီး တိုက်ပုံကြယ်သီးကို ပြင်တပ်
သည်။

"ညီလတ် ပုဆိုးအနောက်က တံဆိပ်ကြီး
မဖြုတ်ဘဲ ဒီအတိုင်း ဝတ်လာတာလား"ဟု သူ့ကို နောက်
ခဲ့ဖူးသော ကောင်မလေးနှင့်သူ ဝေးပြီပေါ့။





အသွင့် လက်ဖဝါးနုနုလေးက ကြယ်သီးတပ်ပေးရင်း
သူ့ရင်ဘတ်ကို လာထိသည်။

အဲဒီအချိန်မှာပဲ သူ အသွင့် မျက်နှာလေးကို
နောက်ဆုံးအနေနှင့် တဝကြီး ကြည့်ပစ်လိုက်သည်။

သူနှင့်အတူ ကျောင်းနောက်ကျ၍ နောက်ဘက်
ခြံစည်းရိုးက တိုးဝင်ကာ ကျစ်ဆံမြီးပြေခဲ့သော ကျောင်းသူလေးသည်
အုံ့ဩဖွယ်ကောင်းစွာ သူ အချစ်ရဆုံးချစ်သူ ဖြစ်ခဲ့သည်။

ပြီးတော့ အံ့ဩဖွယ်ကောင်းစွာပင် နှလုံးသားကို
ထားခဲ့၍ သူနှင့် အဝေးဆုံးမှာ သူငယ်ချင်းအဖြစ် ရပ်တည်မည်ဟု
ဆုံးဖြတ်ခဲ့သူလေး ဖြစ်သည်။

"ပြီးပြီ"

အသွင်က သူ့ကို တစ်ချက်မှ မကြည့်။

သူ့ရင်ဘတ်ကို အပြီးသတ် လက်နှင့် တစ်ချက်ပုတ်
ပြီး ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"အသွင်"

သူ ယောင်ယမ်းပြီး ခေါ်မိသွားသည်။

"ဘာလဲ"

မျက်ခုံးပင့်ပြီး ပြန်မေးတာက အစ ဘာမှ မ...
လေဟန်။

သူ သက်ပြင်းအသာချပြီး ပြောလိုက်သည်။

"ပုလဲတောင် ပန်းတွေအများကြီး ပန်ထားတယ်၊ နှင်း...
မပန်ဘူးလား"

အသွင်က ပြုံးပြုံးလေး ခေါင်းခါသည်။

"ဟင့်အင်း .. မပန်ချင်ဘူး၊ ပန်းကြိုက်တဲ့ မိန်းမ...
နှလုံးသားက နူးညံ့တယ်တဲ့၊ ငါက နှလုံးသားကို အဲဒီလော...
ထိ မနူးညံ့စေချင်ဘူး"

သူ ဘာပြန်ပြောရမှန်းတောင် မသိတော့။





ဟုတ်မှာပေါ့၊ အသွင် ပြောတာ ဟုတ်မှာပေါ့၊
အသွင့်နှလုံးသားက ခံနိုင်ရည်ရှိဖို့ လိုသည်လေ။

Church ကျောင်းထဲမှာ သူ ချွေးပေးခဲ့သော ငပန်း...
...စ်ပွေ့ တစ်ပိုက်နှင့် အသွင်သည် လုံးဝ ပျောက်ကွယ်သွားခဲ့
...ပြီဖြစ်သည်။

"ကဲ ... ကဲ ... မင်္ဂလာအခမ်းအနားက စနေပြီ၊ သတို့
သမီးက သတို့သားလက်ကို ချိတ်လိုက်"

မင်္ဂလာကိစ္စစီစဉ်ပေးသူက နှိုးဆော်တော့ ပုလဲက
...သူ့လက်မောင်းကို လှမ်းချိတ်လိုက်သည်။

သူတို့နှစ်ယောက် ရှေ့မှာ ယောင်ပြီး ရပ်နေသော
...အသွင့်ခန္ဓာကိုယ်လေး ဆတ်ခနဲ တုန်ယင်သွားတာကို သူ မြင်
...သည်။

"သတို့သမီးအရန်က အနောက်ဘက်မှာ နေရမှာလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

အသွင်က ပုလဲနောက်မှာ ဝင်ရပ်သည်။

မင်္ဂလာပွဲမှာ သူက သတို့သားဖြစ်ပြီး အသွင်
သတို့သမီးအရန် ဖြစ်နေတာက ရင်နာဖို့ တော်တော်ကောင်းသည်

ဒီမင်္ဂလာပွဲမှာပဲ သူ့ အသွင့်ကို နောက်ဆုံးတွေ့
ရတာဖြစ်သည်။

သူ လက်ထပ်ပြီး တစ်ပတ်အကြာမှာပဲ အသွင်
သားအမိနှစ်ယောက် ပြောင်းရွှေ့သွားခဲ့သည်။

သူနှင့် ပုလဲကို စာလေးတစ်စောင်နှင့်သာ နှုတ်ဆက်
သွားခဲ့သည်။

ညီလတ်နဲ့ ပုလဲ

ငါ လျှောက်ထားတဲ့ ကျောင်းဆရာမအလုပ်
ငါတို့သားအမိ မုံရွာကို ပြောင်းသွားပါပြီ၊ အချိန်





နင်တို့ကို လာမနှုတ်ဆက်နိုင်တာ ခွင့်လွှတ်ပါ၊ လိပ်စာအတိ
အကျရရင် နင်တို့ဆီ စာရေးပါမယ်၊ နင်တို့ နှစ်ယောက်ရဲ့
ဘဝ သာယာချမ်းမြေ့ပါစေလို့ ငါ ဆုတောင်းပေးပါမယ်။

အသွင်

ဒါက အသွင် နောက်ဆုံးနှုတ်ဆက်ခဲ့သော စာလေး
သည်။ စာလေးတစ်စောင်နှင့် နှုတ်ဆက်ခဲ့သော အသွင့်ကို
နားလည်ပေးလိုက်နိုင်သော်လည်း ပုလဲက နားမလည်ခဲ့။

"အသွင် ဘာဖြစ်လို့ ဒီလို လုပ်ရတာလဲ"

ကြိတ်မနိုင်ခဲမရ ဖြစ်နေသော ပုလဲကို သူက အား
ကို အမှန်အတိုင်း ရှင်းပြခဲ့သည်။

ဒီအမှန်တရားကပဲ ပုလဲကို တော်တော်စိတ်ထိခိုက်
သည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ အသွင့်အပေါ်မှာ မတရားဘူး ညီလတ်"

အရာအားလုံးကို သူကပဲ အဆုံးသတ်ပေးခဲ့သည်။

အသွင်ကိုယ်တိုင်ကလည်း သူတို့ကို မဆက်သွယ်ခဲ့တော့ပါ။

"ပုလဲ ငါတို့နှစ်ယောက်ကြားထဲမှာ အသွင့်နာမည်ကို မေ့မပစ်ကြရအောင်နော်"

ဒါမှ ပုလဲလည်း စိတ်ချမ်းသာမည်။

သူ့နှလုံးသားက ဒဏ်ရာလည်း နည်းနည်းကျက်စပြီဖြစ်သည်။

အဲဒီအချိန်ကစပြီး သူတို့နှစ်ယောက်နှင့် အသွင်သည် အဆက်အသွယ်ပြတ်ကာ အဝေးကြီး ဝေးခဲ့သည်။





အသွင်နှင့် ပြန်တွေ့သောအချိန်သည် သူ့အတွက် ...အားလုံးက အသားကျနေချိန်ဖြစ်သည်။

သမီးလေးကို သတိရလွန်းသဖြင့် ရန်ကုန်သို့ သူ...င်းလာခဲ့သည်။

အပြန်လက်မှတ်ဝယ်ပြီး ဆူးလေကို အဖြတ် လမ်း...ယ်ကောင်မှာ အသွင်နှင့် တွေ့ခဲ့သည်။

ရင်ဖုံးအင်္ကျီအဖြူ၊ ချည်လုံချည်အပြာဖျော့နှင့် အသွင်သည် အသက်ကြီးသွားသော်လည်း သူ ချက်ချင်း မှတ်မိ...ပ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အသွင့်ကို မြင်မြင်ချင်း သူ့ရင်ထဲမှာ လှပ်ခနဲ ေ
အောင် တုန်ခါသွားခဲ့သည်။

အသွင်ကလည်း သူ့ကို ချက်ချင်း မှတ်မိပါသည်

မျက်နှာချင်းဆိုင် ဆုံမိတော့ သူ့ခြေလှမ်းရော အသွင့်
ခြေလှမ်းပါ အမိန့်ပေးစရာမလိုအောင် အလိုလို ရပ်တန့်သွားခဲ့
သည်။

"အသွင်"

သူ တီးတိုးခေါ်မိစဉ်ပင် အသွင့်အပြုံးက ပီပြင်လာခဲ့
သည်။

"ညီလတ်"

"နေကောင်းလား အသွင်"

ဘာပြောရမှန်း မသိခင်ပင် သူ ယောင်တောင်တောင်
နှင့် နှုတ်ဆက်မိသည်။





"အင်း"

အသွင် ခေါင်းညိတ်လိုက်မှ အသွင့်ပုံစံကို သတိပြု
မိသည်။ ဖျော့တော့အားနည်းလွန်းသော အသွင့် မျက်နှာ၊ ပိန်လှပ်
လှပ် ခန္ဓာကိုယ်က ဘယ်လိုမှ အားရစရာ မကောင်း။

လူကြီးတစ်ယောက်လို ရင့်ကျက်တည်ငြိမ်နေသော
အသွင့်ကို မြင်မှ သူတို့ ဝေးကွာခဲ့တာ အနှစ်နှစ်ဆယ် ရှိပြီဆိုတာ
သတိပြုမိသည်။

"အသွင် ... အခု ဘယ်မှာနေလဲ"

"မန္တလေးမှာ"

မန္တလေးနှင့် ပြင်ဦးလွင် ဒီလောက်နီးတာ သူနှင့်
သွင် တစ်ခါမှ မတွေ့ဖြစ်။

အခုမှ တိုက်တိုက်ဆိုင်ဆိုင် ရန်ကုန်မှာ လာတွေ့
နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ညီလတ်ကကော ဘာလာလုပ်တာလဲ"

"သမီးကို လာတွေ့တာလေ"

"ပုလဲကော နေကောင်းလား"

ပုလဲ ဆုံးသွားတာ အသွင် မသိသေးဘူးပေါ့။

"ပုလဲ ဆုံးသွားတာ ဆယ့်ငါးနှစ်ကျော်ပြီ"

"ဆောရီး"

အသွင်က စိတ်မကောင်းပုံနှင့် ငြိမ်သက်သွားသည်။

အသွင်နှင့် ပတ်သက်ပြီး သိချင်တာတွေ၊ မေးချင်တာတွေက သူ့မှာ တစ်ပုံကြီးဖြစ်သည်။

အသွင်က လက်ခံပါ့မလား မသိ။

"နင်ကော သားသမီးတွေ ပါမလာဘူးလား"

"ငါလား ... တစ်ယောက်တည်းပါပဲ"

သူ အသွင့်ကို အံ့သြစွာ ငုံ့ကြည့်မိသည်။





သူက ပုလဲနှင့် ဘဝကို ဖြတ်သန်းခဲ့သည်။

ပုလဲမရှိတော့လည်း သမီးလေးနှင့်အတူ ဖြတ်ကျော်ခဲ့သည်။

အသွင်က အခုချိန်ထိ တစ်ယောက်တည်းတဲ့။

အသွင်နှင့် ပတ်သက်သော ဒဏ်ရာအားလုံး ကျန်နေပြီတဲ့ သူ ထင်ခဲ့တာ မှားသွားပြီ။

ထိခိုက်နာကျင်မှုက မနေ့ကအတိုင်း ဘာမှ မပြောင်းလဲသေး။

"အသွင် ... ငါတို့ အေးအေးဆေးဆေး စကားပြောရအောင်"

"ငါ့မှာ အချိန်မရှိဘူး ညီလတ်"

အသွင်သည် သူနှင့် တစ်စက်တလေမှ ပတ်သက်ချင်သည့်ဆန္ဒ ရှိတော့မည့်ပုံ မပေါ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



အသွင်နှင့် ပတ်သက်သော သူ့ဆန္ဒတွေကို သိမ်းဆည်းပြီးမှ သူ နာနာကျင်ကျင် ပြုံးမိသေးသည်။

"သွားတော့မယ် ညီလတ်"

သူ ခေါင်းညိတ်လိုက်သည်။

အသွင်က ခြေတစ်လှမ်း လှမ်းလိုက်ပြီးမှ ပြန်ရပ်ပြီး မေးခွန်းတစ်ခု မေးသည်။

ထိုမေးခွန်းသည် သူ ဘယ်တော့မှ မမျှော်လင့်သော မေးခွန်းတစ်ခုလည်းဖြစ်သည်။

ပြီးတော့ သူ့ကို လွှန်ခဲ့သော နှစ်နှစ်ဆယ်ကို ပြန်ဆွဲခေါ်သွားနိုင်သော မေးခွန်းလည်းဖြစ်သည်။

"ညီလတ် ... ဒီမေးခွန်းကို မမေးသင့်မှန်းတော့ သိတယ်၊ ဒါပေမဲ့ ငါ မေးမှဖြစ်မယ် ညီလတ်၊ ငါ့ဘဝအတွက် သိပ်ကို အရေးကြီးတယ်"





စကားဦးခံနေသော အသွင့်ကို သူ နားမလည်နိုင်သော်လည်း ခေါင်းညိတ်ပြလိုက်သည်။

အသွင့်ဘဝအတွက် အရေးကြီးသော မေးခွန်းကို သူလည်း သိချင်ပါသည်။

"ညီလတ် နင် ငါ့ကို ချစ်သေးရဲ့လားဟင်"

သူသည် ချက်ချင်းပင် လွှန်ခဲ့သော အနှစ်နှစ်ဆယ်ကို ပြန်ရောက်သွားသည်။

သူ့ဘေးနားက ဖြတ်သွားသည့် လူတွေ၊ ယာဉ်တွေ ဘာကိုမှ သတိမပြုမိတော့။

အခုလောလောဆယ် သူ့ကမ္ဘာမှာ သူ့အရှေ့မှာ ရှိနေတာက အသွင် တစ်ယောက်တည်း ဖြစ်သည်။

သူ့ကို အသွင်က မျှော်တော့ရိပေသော မျက်ဝန်းများနှင့် စောင့်စားနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါလည်း မဖြေသင့်ဘူးဆိုတာ သိပါတယ်၊ ဒါပေမဲ့ နင့် အတွက် ငါ ဖြေပေးမယ် အသွင်၊ နင့်ကို ဟိုတုန်းက အတိုင်း ငါ ချစ်နေတုန်းပဲ"

သူ မှန်ကန်စွာ၊ ရဲဝံ့စွာ ဝန်ခံလိုက်သည်။

အသွင်၏ ပါးလျှလျှ အပြုံးသည် ဟိုတုန်းကလို သူ့ကို ဆွဲဆောင်နိုင်တုန်း ဖြစ်သည်။

"ကျေးဇူးတင်ပါတယ် ညီလတ်"

အချစ်မှာ ကျေးဇူးတင်ဖို့ မရှိဘူး ဆိုတာ နင် မေ့ နေပြီ ထင်တယ် အသွင်။

"အသွင် ငါ နင့်လိပ်စာ မရနိုင်ဘူးလား"

"နင့်လိပ်စာ ငါ့ကို ပေးရင် လုံလောက်ပါပြီ"

အသွင်က သူ့ကို အံ့သြမှုတွေ ပေးနေသည်။

သူ့လိပ်စာကို တောင်းပြီး ထွက်သွားသည်။



သူ့မှာသာ လေထဲလမ်းလျှောက်နေသလိုလို လွင့်မျော မျောနှင့် ယိုင်တိ ယိုင်တိုင် ဖြစ်ကာ ကျန်ရစ်ခဲ့သည်။

❀ ❀

www.burmeseclassic.com

www.burmeseclassic.com



"ဒေါက် … ဒေါက်"

တံခါးခေါက်သံကြောင့် ဖတ်လက်စစာအုပ်ကို ပစ်
ချပြီး အိမ်ရှေ့တံခါးကို ဆွဲဖွင့်လိုက်သည်။

မနက်စောစော ရောက်လာသော ဧည့်သည်က သူ့
ကို မှင်သက်သွားအောင် ဖမ်းစားလိုက်သည်။

"အသွင်"

"အိမ်ပေါ် တက်လို့ရမလား ညီလတ်"

"အင်း … ရတယ်"

လှေကားလေးထစ်လောက် တက်ရသော သူ့အိမ်
ကိုပင် အသွင်က ပင်ပန်းကြီးစွာ တက်လာသည်။





"ဘယ်လိုလုပ် ရောက်လာတာလဲ"

လွန်ခဲ့သော သုံးလလောက်က တွေ့ခဲ့သည့် အသွင်က
အခု သူ့အိမ်ရောက်လာတော့ သူ လူငယ်လေးတစ်ယောက်လို
ပျော်ရွှင်သွားသည်။

"ညီလတ် … ငါ နင်နဲ့ နေလို့ရမလား"

သူ ရုတ်ချည်း နှုတ်ဆိတ်သွားသည်။

အသွင်သည် သူ့ကို အံ့ဩမှုတွေ ဆင့်ကဲ ဆင့်ကဲ
ပေးဆပ်နိုင်သူဖြစ်သည်။

မေးပြီးသည်နှင့် အသွင်က သူ့ကို မကြည့် … နံရံ
မှာ ချိတ်ထားသော သမီးလေးပုံကို ငေးကြည့်နေသည်။

"အသွင် … ဘာဖြစ်လို့လဲ"

အသွင် တစ်ခုခုတော့ ထူးခြားနေပြီ ဆိုတာ သူ
ခံစားသိရှိလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အသွင့် မျက်နှာက မော့လာပြီး သူ့ကို တည့်တည့်ရင်ဆိုင်ကြည့်သည်။

"ငါ သေရတော့မယ် ညီလတ်"

သူ့နှလုံးခုန်သံ တဆတ်ဆတ်နှင့် အရှမ်းမြန်လာသည်။

ကမ္ဘာမြေကြီး ချာချာလည်သွားသည်။

ပန်းပွင့်တွေအားလုံး ကြွေကျပျက်စီးသွားသည်။

"အသွင်"

သူ မယုံနိုင်သလို လှမ်းခေါ်မိသည်။

နောက်ပြောင်ရမည့်အရွယ် မဟုတ်တော့ဘူးဆိုတာ သူ သိတော့လည်း သူ မယုံချင်ပါ။

"ကိုယ့်ကို မနောက်ပါနဲ့ အသွင်ရယ်"

"ငါ အမှန်အတိုင်း ပြောနေတာ ညီလတ်"





အသွင်က သူမ၏ သေခြင်းတရားကို ရဲရဲဝံ့ဝံ့ပင်ရင်ဆိုင်ပြောဆိုသည်။

သူ့ဆီ ချက်ချင်းအလည်ရောက်လာသော တုန်လှုပ်မှုတွေ ကြားမှာ သူ ငြိမ်သက်နေမိသည်။

"ဘာရောဂါလဲ"

"ကျောက်ကပ်ရောင်ရောဂါ၊ နာတာရှည်ကျောက်ကပ်ရောင်ရောဂါ"

အသွင့် မျက်နှာ အမ်းနေတာကို သူ အခုမှ သတိထားမိသည်။

"ဆရာဝန် မပြဘူးလား အသွင်၊ ဆရာဝန် သွားပြရအောင်နော်၊ လာ ... နင့်ရောဂါ ပျောက်သွားအောင် သွားကုရအောင်နော်"

အသွင် ခေါင်းခါလိုက်မှာကို သူ စိုးသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် အသွင်က ခေါင်းခါသည်။

"မရှိတော့ဘူး၊ ငါ သွားပြကတည်းက နောက်ကျနေပြီ"

"အသွင် ... နင့်ရောဂါကို ဒီလောက်ထိ သက်ဆိုးရှည်အောင် မွေးထားရလား"

ကရုဏာဒေါသနှင့် အသွင့် ခန္ဓာကိုယ် ပိန်ချုံ့ချုံ့လေးကို လှုပ်ခါပြီး မေးမိသည်။

ရောဂါတစ်ခုကို နာတာရှည်အထိ ဖြစ်သွားရအောင် အသွင် ပေါ့ဆလွန်းသည်။

"ဟုတ်တယ်၊ ငါ ပေါ့ဆခဲ့တယ်၊ အမေဆုံးသွားပြီးကတည်းက ဘာရောဂါပဲဖြစ်ဖြစ် ငါ ဂရုမစိုက်ခဲ့ဘူး၊ ငါ့အတွက် သေတယ် ရှင်တယ်ဆိုတာ သိပ်ပြီး မထူးဘူးလေ၊ လွန်ခဲ့တဲ့ သုံးလလောက်က နင်နဲ့ ရန်ကုန်မှာ တွေ့တယ်လေ၊ မှတ်မိတယ် မဟုတ်လား၊ နင်နဲ့ မတွေ့ခင် တစ်ရက်လောက်မှာပဲ ငါ့ရောဂါ အခြေအနေမှန်ကို ငါ သိခဲ့တာ"





အသွင်ရယ် ... ဒါကြောင့် သူ့ကို အသွင် ဆန်းပြားသော မေးခွန်းတွေ မေးခဲ့တာကိုး။

ထိုစဉ်က အသွင့် ကျန်းမာရေးကို ဂရုမစိုက်မိခဲ့သည့်အတွက် ကိုယ့်ကိုယ်ကိုယ် ကျိန်ဆဲမိသည်။

"ညီလတ် ... ငါ့မှာ ဆန္ဒတစ်ခုပဲ ရှိတယ်"

"ပြောလေ ... အသွင်"

အခုအချိန်မှာ အသွင့်အတွက် အရာရာကို ပေးဆပ်နိုင်သူ အသွင်ဖြစ်နေသည်။

"ငါ နင့်ရင်ခွင်ထဲမှာ သေပါရစေ ညီလတ်ရယ်၊ မသင့်တော်ဘူးဆိုတာ သိပါတယ်၊ ဒါပေမဲ့ ငါ တစ်ခါလောက် မိုက်ပါရစေ၊ တစ်ခါတည်း ပါပဲနော်၊ တစ်ခါတည်းပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



သူ အသွင့် ခန္ဓာကိုယ်လေးကို ဆွဲယူပြီး ရင်ခွင်ထဲ
ပွေ့ထားလိုက်သည်။

ချစ်သူရင်ခွင်ထဲမှာ နောက်ဆုံးထွက်သက်ထိ နေရ
တာ မိုက်မဲမှု မဟုတ်ပါဘူး အသွင်ရယ်။

နင် ပေးဆပ်ခဲ့ရတာတွေ များနေပြီ အသွင်။

"အသွင် နင် ပျော်မယ်ဆို နေပါ အသွင်၊ ကိုယ်
ဟိုတုန်းက ညီလတ်ပါပဲ"

သူ မျက်ရည်မထွက်မိအောင် အံကြိတ်ထားလို
သည်။ ဒဏ်ရာဒဏ်ချက် အလူးလူးနှင့် ချစ်ဦးသူသည် နောက်
အခြေအနေမှာတောင် သူ့ဆီရောက်အောင် ပြန်လာခဲ့သည်။

သူ့အခြေအနေ အရပ်ရပ်ကို နားလည်နေသ
ကြားထဲက အသွင့်အား ထပ်မံဆုံးရှုံးရမှာကို ကမ္ဘာတစ်ခု လုံး
ဆုံးသွားမှာကို သူ သေမတတ် ကြောက်ရွံ့နေခဲ့သည်။





"ကိုယ့်ကို ခွဲမသွားပါနဲ့ အသွင်ရယ်"

သူ တီးတိုးရွတ်ဆိုမိတော့ အသွင် ငိုသည်။



www.burmeseclassic.com

www.burmeseclassic.com












စာအုပ်လေးက ဒီမှာ အဆုံးသတ်သွားသည်။

သူမ ရင်မောစွာ စာအုပ်လေးကို ပိတ်လိုက်သည်။

စိတ်မကောင်းခြင်း များစွာက ကြီးစိုးနေသဖြင့် [illegible] ငြိမ်သက်သွားသည်။

ဒါဆိုရင် ဒေါ်အသွင်ဖြူက သေတော့မှာပေါ့ ...

သူမ သိသလောက် ဒီရောဂါမျိုးက ကြာကြာမ[illegible] [illegible]တ်။



www.burmeseclassic.com

www.burmeseclassic.com



ဖြူနွဲ့နွဲ့ မိန်ချိချိ ဒေါ်အသွင်ဖြူ့ ပုံစံက သူမကို ကြီးစိုးသွားသည်။

ဒေါ်အသွင်ဖြူကြောင့် မေမေသည် ဖေဖေနှင့် လက်ထပ်ပြီး ပေါင်းသင်းခဲ့ရသည်။

မဟုတ်ပါဘူးနော်၊ သူတို့မှာ ဖူးစာမပါလို့ ပြစ်မှာပါ။

အတွေးရှုပ်နေမဲ့ အတူတူ ရှမ်းလေးဆီ သွားတာကောင်းမည်။

ရှမ်းလေးသည် သူမ၏ အလယ်တန်းကျောင်းဘဝကတည်းက သူငယ်ချင်းဖြစ်သည်။

ဆယ်တန်းအောင်ပြီး ကျောင်းဆက်မတက်တော့ ခြံလုပ်ငန်းကို ဦးစီးလုပ်ကိုင်နေသော လူငယ်လေးဖြစ်သည်။

"ရှမ်းလေး"





"ပုလဲ လာလေ၊ ဘာဖြစ်လာတာလဲ"

အိမ်ရှေ့မှာ စာအုပ်တစ်အုပ်ကို ဖတ်နေသော ရှမ်းကလေးက သူမကို အလွယ်တကူ ဆီးကြိုသည်။

"နင်တို့အိမ်က စစ်ပွဲအခြေအနေ ကောင်းသွားပြီလား"

သူမကို မေးခွန်းထုတ်နေသော ရှမ်းလေးမျက်နှာက စပ်ဖြဲဖြဲ။

"သွားစမ်းပါ၊ စိတ်ရှုပ်ရတဲ့ကြားထဲ"

"ဘာဖြစ်ကုန်ပြီလဲ"

မရည်ရွယ်ဘဲနှင့် ဖေဖေ့အကြောင်း၊ မေမေ့အကြောင်းပြီးတော့ အဒေါ်အသွင်ဖြူအကြောင်း၊ အားလုံးကို ပြောဖြစ်သွားသည်။

ရှမ်းလေးက သူမ ပြောသော စကားများကို စိတ်ဝင်တစားနှင့် သေချာနားထောင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သနားပါတယ်နော်"

ရှမ်းလေး၏ မှတ်ချက်ကို သူမ စိတ်ဝင်စားသွားသည်။

"ဘယ်သူ့ကိုလဲ"

"အမှန်အတိုင်း ပြောရရင် နင့်အမေလည်း သနားဖို့ကောင်းတယ်၊ နင့်အဖေလည်း သနားဖို့ကောင်းတယ်၊ ဒါပေမဲ့ သနားဖို့ အကောင်းဆုံးက ဒေါ်အသွင်ဖြူပဲ"

"ဘယ်လို"

အခုချိန်ထိ ဒေါ်အသွင်ဖြူကို သနားစရာကောင်းဆုံးဟု သူမ မမြင်မိသေး။

"နင် စဉ်းစားကြည့်လေ၊ သူသာ တစ်ကိုယ်ကောင်းဆန်ရင် နင့်အဖေကို အလွယ်တကူ လက်ထပ်နိုင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ နင့်အဖေရဲ့ အချစ်ဆုံးချစ်သူက သူပဲလေ၊ ဒါပေမဲ့ သူ မလုပ်ခဲ့ဘူးလေ"





သူမ ငိုင်ကျသွားသည်။

ရှမ်းလေးပြောတာ မှန်လောက်သည်။

ဒေါ်အသွင်ဖြူ တစ်ကိုယ်ကောင်းမဆန်ခဲ့ဘူးဆိုတာ ဖေဖေ့ဒိုင်ယာရီက သက်သေပြနေသည်။

"ရှမ်းလေး နင်သာ ငါ့နေရာမှာဆိုရင် ဘာလုပ်မလဲ ဟင်"

အခုချိန်ထိ ဖေဖေ့ကို ဘယ်လို ရင်ဆိုင်ရမလဲဆိုတာ သူမ မသိသေးပါ။

"သေတော့မဲ့ လူတစ်ယောက်ကို ဘာဖြစ်လို့ အနိုင်လိုချင်ရတာလဲ"

ရှမ်းလေး၏စကားကို သူမ ချက်ချင်း နားမလည်။

"ရှင်းရှင်းပြောစမ်းပါဟ"

"ငါသာ နင့်နေရာမှာဆိုရင် ဒေါ်အသွင်ဖြူကို ပြန်ခေါ်ပြီး နင့်အဖေ နံဘေးမှာ ထားပေးလိုက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒီလောက်ထိ လိုမည်တော့ သူမ မထင်။

သူမ လက်မခံနိုင်တာကို ရှမ်းလေး သဘောပေါက်ပုံပေါ်သည်။

"ဒေါ်အသွင်ဖြူဘက်က ကြည့်မယ်ဆိုရင် သူ မှန်တယ်၊ လူတစ်ယောက်က သူတို့ရဲ့ နောက်ဆုံးအချိန်မှာ သူ့တို့ ချစ်သူရဲ့ ရင်ခွင်ထဲမှာပဲ စိတ်အေးအေးနဲ့ သေချင်မှာပေါ့၊ သူ အများကြီး အနစ်နာခံခဲ့တာ၊ နောက်ဆုံး အချိန်မှာ ဒီတစ်ချက်တော့ သူ့မှာ တောင်းဆိုပိုင်ခွင့်ရှိတယ်"

"ငါက ဘယ်ဘက်က ကြည့်ရမှာလဲ"

ဒီမနက်ခင်းကလည်း သူမ အာရုံတွေကို ဖမ်းသိမ်းထားပြန်သည်။

အခုထိ သူမ၏ ကိုယ်ပိုင်အတွေး ဘာမှ မရှိသေး။

"နင်လား ... နှစ်ဖက်စလုံးက ကြည့်သင့်တယ်၊ အထူး





သဖြင့် နင့်အဖေဘက်က၊ ဘာဖြစ်လို့လဲဆိုတော့ ဒေါ်အသွင်ဖြူရဲ့ ဘဝတစ်လျှောက်လုံး နင့်အဖေ လှူပေးနိုင်မှာဆိုလို့ ဒီတစ်ခုပဲ ရှိတာ၊ ပုလဲ နင့်အဖေကို အလျှော့ပေးလိုက်ပါ၊ နင့်အဖေက ဒေါ်အသွင်ဖြူရဲ့ နောက်ဆုံးဆန္ဒကိုတောင် မလုပ်ပေးနိုင်ခဲ့ရင် သူ တစ်သက်လုံး စိတ်မကောင်းဖြစ်နေမှာ သေချာတယ်"

အဲဒီလိုတော့ ဖေဖေ့ကို မဖြစ်စေချင်ပါ။

ဘဝတစ်လျှောက်လုံး ဖေဖေ ပျော်ရွှင်တာကိုပဲ သူမ ကြည့်ချင်သည်။ မြင်ချင်သည်။

"ငါ မှားသွားပြီလား ရှမ်းလေး"

"နင် မှားသွားတာ အကြီးအကျယ် မှားတာ"

သူမ ဘာလုပ်ရမလဲဆိုတာ ကောင်းကောင်းနားလည်သွားပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ရှမ်းလေး နင် ဒေါ်အသွင်ဖြူရဲ့ အိမ်ကို သိတယ် မဟုတ်လား"

"အင်း"

"အခုချက်ချင်း ငါ့ကို လိုက်ပို့ပေး"

သူမမှာ ဖေဖေ့ကို စိတ်ချမ်းမြေ့စေချင်သည့် ဆန္ဒ တစ်ခုပဲ ရှိသည်။

❀ ❀



သူမ ရှမ်းလေး အကူအညီနှင့် မန္တလေးမှာရှိသော ဒေါ်အသွင်ဖြူ အိမ်ကို ရောက်ခဲ့သည်။

သွေးအကြီးအကျယ်တိုးပြီး မျက်လုံးတောင် မဖွင့် သည့် ဒေါ်အသွင်ဖြူကို လူမမာ တစ်ယောက်လို တွေ့ရကော့ သူမ တော်တော်လေး စိတ်မကောင်းဖြစ်သွားသည်။

မနေ့က ကိစ္စကြောင့်များလားဟု တွေးမိတော့ လိပ်ပြာမလုံချင်တော့။

"အန်တီ ... သမီး ... အန်တီ့ကို ဖေဖေ့ဆီ ပြန်ခေါ်သွားမယ်နော်"

www.burmeseclassic.com

www.burmeseclassic.com



သူမ တီးတိုးတောင်းဆိုတာကို ဒေါ်အသွင်ဖြူက အလွယ်တကူပင် လိုက်လျောပါသည်။

သူမကို အပြုံးတစ်ခုနှင့် ခေါင်းညိတ်ပြပြီး မျက်ဝန်းများကို ပြန်မှိတ်ထားသည်။

ရောဂါဝေဒနာ တော်တော်ခံစားနေရ၍သာ သူမ တို့ကို ထပြီး ဧည့်ဝတ်မပြုနိုင်ခြင်း ဖြစ်ပေလိမ့်မည်။

"ရှမ်းလေး ... အန်တီ့ကို ချိုလိုက်ပါလား"

"ငါ ကားပေါ် ချိတင်ပြီး ထိန်းပေးထားမယ်၊ နင် ကားမောင်း တာ ဖြည်းဖြည်းမောင်းနော်"

မန္တလေး ပြင်ဦးလွင် လမ်းတစ်လျှောက်လုံး ဘယ်လိုမောင်းမောင်း သူမ ကျွမ်းကျင်ပြီးသားဖြစ်သည်။

တော်သေးသည်။ လမ်းတစ်ဝက် အရောက်မှာ ဒေါ်အသွင်ဖြူ ရောဂါက သက်သာလာသည်။



"သမီး ... သမီးကို အန်တီ တကယ် ကျေးဇူးတင်ပါ တယ်"

"ရပါတယ် အန်တီ၊ အန်တီ ကျေးဇူးတင်ရလောက်အောင် သမီး ဘာမှ မလုပ်ပေးရသေးပါဘူး"

ဒေါ်အသွင်ဖြူကို သူမပဲ ဖေဖေ့ အနားက မောင်း ထုတ်ပစ်ခဲ့သည်။

ဒီတော့ ဖေဖေ့နား ပြန်ရောက်ဖို့ သူမမှာ တာဝန်ရှိ သည်လေ။

ခြံထဲရောက်ပြီး ကားထိုးရပ်လိုက်သည်အထိ ဖေဖေ့ ခြေသံအယောင်ကို မမြင်ရသေး။

ဒီလိုအချိန်ဆို ဖေဖေ အိမ်ပေါ်မှာ ရှိတာ သေချာ ပေါက်သည်။

"အန်တီ ခဏနော်"

www.burmeseclassic.com

www.burmeseclassic.com



သူမ လှစ်ခနဲ အိမ်ပေါ် ပြေးတက်လာခဲ့သည်။

"ဖေဖေ"

မီးဖိုချောင်မှာ အလုပ်ရှုပ်နေသော ဖေဖေ့ကို သူမ အတင်းဆွဲထုတ်လာသည်။

"ဖေဖေ ... ဧည့်သည်ပါတယ်"

"ဘယ်သူလဲ သမီးရဲ့"

အဲဒီအချိန်အတွင်းမှာပင် သူမနှင့် ဖေဖေ့ကြားထဲမှာ မနေ့က ဖြစ်ပျက်ခဲ့သော ပြဿနာတွေ မရှိသလို မေ့ပျောက်နေသည်။

"လိုက်ခဲ့လေ ဖေဖေရဲ့၊ အိမ်ရှေ့ရောက်တော့ တွေ့မှာပေါ့"

ဖေဖေ့ လက်မောင်းကို အတင်းဆွဲပြီး အိမ်ရှေ့ထိ ခေါ်လာခဲ့သည်။





"ဖေဖေ ဟိုမှာ ကြည့်စမ်း"

ကားထဲမှာ ဖေဖေ့ကို လှမ်းပြီး ငေးနေသော ခေါ်အသွင်ဖြူကို လက်ညှိုးထိုးပြလိုက်သည်။

"သမီး"

ဖေဖေ သူမကို အံ့ဩတကြီး လှမ်းခေါ်ချိန်မှာ သူမ အဖြူစင်ဆုံး ပြုံးနိုင်နေပြီဖြစ်သည်။

"ဖေဖေ ... လောကကြီးမှာ တစ်ခါတလေ ပေးဆပ်ဖို့ လိုအပ်တယ်ဆိုတာ သမီး နားလည်သွားပါပြီ"

သူမ အိမ်ရှေ့လှေကားထစ်ကနေ ပြေးဆင်းလာသည်။

"ရှမ်းလေး ... သွားစို့"

သူမ စိတ်ပေါ့ပါးစွာနှင့် ဖေဖေနှင့် ခေါ်အသွင်ဖြူကို ထားပြီး စိုက်ခင်းဘက်ကို ထွက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



သူတစ်ပါးကို ပေးဆပ်ရတာ၊ ညှာတာထောက်ထား တာ ဘယ်လောက်ချိုမြိန်ကြောင်း တစ်နေ့နေ့မှာတော့ ပေဖေ့ကို ပြောပြဖြစ်မည် ထင်သည်။

တရားမျှတသော တောင်းဆိုမှုတွေ ရှိနေသရွေ့ ပေးဆပ်မှုများကလည်း ပေါ်ထွက်လာနေဦးမည် ဖြစ်သည်။





သုံးလဆိုသော အချိန်ကာလမှာ သူမသည် အရာရာ နှင့် အသားကျခဲ့သည်။

ဒေါ်အသွင်ဖြူ အတွက် ချက်ပေးရသည့် ဆားပေါ့ နေသော ဟင်းများနှင့်လည်း အကျွမ်းဝင်ခဲ့သည်။

ပေဖေနှင့် ရင်းရင်းနှီးနှီး နေတာကိုလည်း ဖြူဖြူစင်စင် မျက်နှာလွှဲပစ်နိုင်ခဲ့သည်။

သူမ၏ အချိန်တော်တော်များများကို ခြံထဲရှိ စိုက် ခင်းများ၌သာ ကုန်လွန်စေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဆုံးရှုံးမှုတစ်ခုကို အသေအချာ ဆုပ်ကိုင်ထားရသည့် ဖေဖေ့၏ ခံစားချက်ကို သူမ နားလည်ပါသည်။

ဖေဖေနှင့် ဒေါ်အသွင်ဖြူ ပုံစံက ဖျော့တော့ပြီး ဝမ်းနည်းစရာကောင်းသော ပန်းချီကားတစ်ချပ်နှင့် တူနေတာမို့ သူမ တတ်နိုင်သမျှ မျက်နှာချင်း မဆိုင်မိအောင် နေပါသည်။

ဒေါ်အသွင်ဖြူ ရောဂါဖောက်သည့်အခါမျိုးကိုတော့ သူမ ကြောက်ရွံ့စိုးရိမ်လှသည်။

ရောဂါဖောက်သည့် အခါတိုင်းကို သွားပြီဟု သူမ ထင်ခဲ့မိသည်။

ပင်ပန်းကြီးစွာနှင့် အသက်မျှင်မျှင်လေး ရှူသံကြားတော့မှ သူမ သက်ပြင်းချနိုင်သည်။

ဖေဖေ ရင်တထိတ်ထိတ်နှင့် စောင့်စားနေရသည့် အချိန်များကို သူမ နားလည်ပါသည်။





ဒီနေ့လည်း သူမတို့အိမ်မှာ ကာလကြာရှည်သဖြင့် ဖုန်အလူးလူး အလိမ်လိမ်တက်နေသော ဂစ်တာအိုကြီးကို ဖေဖေက အေးအေးလူလူပင် ထိုင်ပြီး သန့်စင်နေသည်။

"ဖေဖေ ဘာလုပ်ဖို့လဲ"

ဂစ်တာဟောင်းကြီး တစ်လုံး အိမ်မှာရှိသော်လည်း တစ်ခါမှ ထိကိုင်ခြင်းမရှိသော ဖေဖေ့ကို ဂစ်တာတီးတတ်သည်ဟု သူမ မထင်ပါ။

"အပျင်းပြေ တီးချင်လို့ပါ သမီးရယ်"

"ဖေဖေ တီးတတ်လို့လား"

"အင်း"

စကားရှည်ရှည်ဝေးဝေး ပြောချင်ပုံမပေါ်သော ဖေဖေ့ကို သူမ ဆက်မမေးတော့။

ထိုနေ့ညက လ,သည် အစွမ်းကုန်သာနေသည်။



www.burmeseclassic.com

www.burmeseclassic.com



အခန်းတံခါးပိတ်ထားရင်းကပင် သူမ၏ အခန်းထဲမှ ဖေဖေ၏ ဂစ်တာသံသဲ့သဲ့ကို ကြားနေရသည်။

"Good bye" ဆိုသည့် သီချင်း၏ သံစဉ်အလိုက်ကို သူမ ကောင်းကောင်း သိပါသည်။

ဖေဖေ ကျွမ်းကျွမ်းကျင်ကျင် တီးနိုင်တာက နည်းနည်းတော့ အံ့သြဖို့ကောင်းသည်။

ထိုညက ဖေဖေ့ ဂစ်တာသံသဲ့သဲ့ကို နားထောင်ရင်း သူမ အိပ်ပျော်သွားခဲ့သည်။

မနက်မိုးလင်းချိန် သူမ အိပ်ရာကနိုးတော့ တိတ်ဆိတ်လွန်းသော အခြေအနေကြောင့် သူမ စိတ်ထဲထင့်သွားသည်။

ခါတိုင်းဆို ဖေဖေ့ခြေသံတိုးတိုးနှင့် ရေချိုးအိုးဆူသံလောက်တော့ သူမ ကြားမြဲဖြစ်သည်။





အခုတော့ ဘာသံမှ မကြားနိုင်အောင် တိတ်ဆိတ်လွန်းနေသည်။

"ဖေဖေ"

တီးတိုးခေါ်ပြီး ဖေဖေ့အခန်းတံခါးကို တွန်းဖွင့်ကြည့်သည်။ ဖေဖေ မရှိ ...

ဒေါ်အသွင်ဖြူ့အခန်းထဲမှာ ထင်သည်။

တံခါးဘုကို ကိုင်ရင်း ဝင်သင့် မဝင်သင့် စဉ်းစားမိသေးသည်။

ပြီးမှ တံခါးကို ခပ်ဖြည်းဖြည်း ဖွင့်ပြီး ခေါင်းပြူကြည့်လိုက်သည်။

ငြိမ်သက်စွာ လှဲလျောင်းနေသော ဒေါ်အသွင်ဖြူ။

ဒေါ်အသွင်ဖြူ၏ လက်တစ်ဖက်ကို ဆုပ်ကိုင်ပြီး ခေါင်းငိုက်စိုက်ကျနေသော ဖေဖေ။



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေ"

ဖေဖေ့ကို တီးတိုးခေါ်ရင်း အခြေအနေ အရပ်ရပ်ကို သဘောပေါက်သွားသည်။

သွားပြီပေါ့ ... ဒေါ်အသွင်ဖြူ သွားပြီပေါ့။

ဖေဖေက သူမကို မော့ကြည့်သည်။

ထိုခဏအတွင်း သူမ ရင်ထဲ ရောက်လာသော ဝမ်းနည်းမှုက ဘာနဲ့မှ မတူအောင် သိပ်သည်းသွားခဲ့သည်။

❦ ❦





ရှည်လျားသော မြက်ပင်ရှည်ရှည်ကြီးများက ယိမ်းနွဲ့လှုပ်ရှားနေသည်။

ထို မြက်ပင်ရှည်ကြီး၏ အနောက်ဘက်တွင် ဒေါ်အသွင်ဖြူ၏ အုတ်ဂူရှိသည်။

ထိုအုတ်ဂူရှေ့၌ ဖေဖေ ငြိမ်သက်စွာ ရပ်နေသည်။

ဖေဖေ့နောက်၌ သူမလည်း တိတ်တိတ်ဆိတ်ဆိတ်ပင် ရပ်နေမိသည်။

အလင်းရောင် ဖျော့ဖျော့က ညနေခင်းရောက်နေပြီဆိုတာ သတိပေးနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ငြိမ်သက်စွာ ရပ်နေသော ဖေဖေ့ရင်ထဲမှာ ဘာတွေ စဉ်းစားတည်ရှိနေသလဲ ဆိုတာ မေးစရာမလိုအောင် သူမ သိပါသည်။

လတ်တလော ဖေဖေ ခံစားနေရသည်က စိတ်ထိခိုက်ဝမ်းနည်းခြင်းတွေ ဖြစ်ပေလိမ့်မည်။

"ပြန်ကြစို့ သမီး"

သူမသည် ဖေဖေ့လက်ကို ခပ်တင်းတင်း ဆုပ်ကိုင်လိုက်သည်။

"ဖေဖေ ဖြစ်ရဲ့လား"

ကြောက်စရာ အကောင်းဆုံး အိပ်မက်တစ်ခုကို ဖေဖေ ရဲရဲရင်ဆိုင်နိုင်ဖို့ သူမ အကူအညီ လိုအပ်ပေလိမ့်မည်။

လောကကြီး၌ အသက်ရှင်နေထိုင်ကြဦးမည့် လူနှစ်ယောက်အတွက် တစ်ယောက်ကို တစ်ယောက် အမှီသဟဲပြုနိုင်စို့





ရာတွင် တစ်ယောက်ခံစားချက်များကို တစ်ယောက်က နားလည်ပြီး အားပေးဖို့ လိုသည်ဟု သူမ ထင်သည်။

"အားလုံး ပြီးဆုံးသွားပါပြီ သမီးရယ်"

ဖေဖေ ပြုံးနေသည်။

သို့သော် ဖေဖေ့ မျက်ဝန်း၌ မျက်ရည်စအချို့ ရှိနေသေးသည်။

ဒိုရွှမ်းဖြည့်

26-03-2003



www.burmeseclassic.com